မင်းအောင်မင်း

# ဖလောရင့်နိုက်တင်ဂေး



# *Faithful Friend*

## The Story of Florence Nightingale

Beatrice Siegel

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယဉ်မျိုးစာအုပ်

အမှတ်(၄၃)

PUBLIC LIBRARY

## မင်းဧအောင်မင်း

# ဖလော်ရင့်နိုက်တင်ဂေး



*Faithful Friend*

# The Story of Florence Nightingale

Beatrice Siegel

ဖြန့်ချိရေး

ယဉ်မျိုးစာပေ

အထက်မြန်မာပြည်ဖြန့်ချိရေး

ထွန်းဦးစာပေ၊ နဂါးစာပေ

<u>ပုံနှိပ်မှတ်တမ်း</u>

**ဖလောရင့်နိုက်တင်ဂေး**

**မင်းအောင်မင်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀၂၅၁၀၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀၃၄၅၀၄၁၂ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၂ခုနှစ်၊ မေလ |
| မျက်နှာဖုံးဒီဇိုင်း | - | အေးဖြူအောင် |
| အတွင်းစာစီ | - | ယဉ်မျိုး |
| အတွင်းဖလင် | - | Eagle |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့်<br>ဇင်ရတနာစာပေ<br>(၀၄၀၀၄)၊ ၂၉၅က/၄လမ်း<br>မြို့သစ် (က+ခ ရပ်ကွက်)၊ အင်းစိန် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | အင်ကြင်းမြိုင်ပုံနှိပ်တိုက်<br>ဦးအောင်မြင့်သိန်း (မြ ၀၆၃၆၄)<br>အမှတ် ၂၄၇၊ ဆိပ်ကမ်းသာလမ်း၊<br>ကျောက်တံတားမြို့နယ် |
| စာအုပ်ချုပ် | - | ကိုမြင့်လွင် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁,၂၀၀ ကျပ် |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

၉၂၀

မင်းအောင်မင်း

ဖလောရင့်နိုက်တင်ဂေး/ မင်းအောင်မင်း။ ရန်ကုန်၊

ဇင်ရတနာစာပေ၊ ၂၀၁၂။


၁၁၀ - စ၊ ၁၃.၃၄ × ၂၀.၃၆ စင်တီ။

(၁) ဖလောရင့်နိုက်တင်ဂေး

Acc No. ......
PUBLIC

## မာတိကာ


| | | |
|---|---|---|
| ၁။ | စွန့်လွှတ်ကူညီပေးမည့် သူနာပြုတစ်ဦး | ၃ |
| ၂။ | အိမ်တွင်သင်ခဲ့သော ဆရာများ | ၇ |
| ၃။ | ရိုးရာအစဉ်အလာတို့နှင့်အတူ | ၁၄ |
| ၄။ | ကျယ်ပြန့်သောကမ္ဘာ | ၂၄ |
| ၅။ | အမှတ်ရစရာကာလ | ၃၂ |
| ၆။ | အလှည့်အပြောင်း | ၄၀ |
| ၇။ | ဟာလေအထက်လမ်း | ၄၈ |
| ၈။ | ခေါင်းဆောင်အမျိုးသမီးအဖြစ်သို့ | ၅၄ |
| ၉။ | အမြင့်သစ်တစ်ခု | ၆၄ |
| ၁၀။ | သူရဲကောင်းတို့၏ လဲလျောင်းရာ | ၇၂ |
| ၁၁။ | သူတို့အတွက် တိုက်ခဲ့ရသည် | ၈၂ |
| ၁၂။ | နိုက်တင်ဂေး သူနာပြုကျောင်း | ၉၁ |
| ၁၃။ | တာဝန်ထမ်းဆောင်ဖို့ အချက်ပေးခြင်း | ၉၈ |
| ၁၄။ | အလွန်ထင်ရှားကျော်ကြားခဲ့သူ | ၁၀၃ |


THE CRIMEAN WAR
1854-1856
NORTH SEA
ENGLISH CHANNEL
EUROPE
RUSSIA
SEBASTOPOL
BALACLAVA
BLACK SEA
STRAIT OF BOSPHORUS
MEDITERRANEAN SEA
AEGEAN SEA
TURKEY

(၁)

## စွန့်လွှတ်ကူညီပေးမည့် သူနာပြုတစ်ဦး

လွန်ခဲ့သော ၁၈၅၄ ခုနှစ်ကဖြစ်သည်။ ဖလောရင့်နိုက်တင်ဂေးသည် သူနာပြုဆရာမ ၃၈ဦး ဝန်းရံလျက် ဆိပ်ခံတံတားအလယ်တွင် ရပ်နေသည်။ ခက်ခဲကြမ်းတမ်းသော ရှည်လျားလှသည့် ရေကြောင်းခရီးဖြင့် လန်ဒန်မှ တူရကီသို့ သွားရန် သင်္ဘောတစ်စီးကို စောင့်နေကြခြင်းဖြစ်သည်။ သင်္ဘောဖြင့် ပထမတစ်ခေါက်က ဒိုဗာရေလက်ကြားမှာ ဘိုလုံးခရီးဖြစ်သည်။ မာဆေးသို့ရောက်လျှင် နောက်သင်္ဘောတစ်စီးပြောင်းရမည်ဖြစ်သည်။ ထိုသင်္ဘောက ရွက်လွှင့်လာရင်း ကွန်စတန်တီနိုပဲမြို့သို့ ဦးတည်ခဲ့ကြသည်။

နိုက်တင်ဂေးနှင့် သူ၏ သူနာပြုဆရာမများအဖွဲ့ကတော့ တူရကီရှိ စကူတာရီသို့ ဆိုက်ရောက်ခဲ့ကြလေသည်။ ထောင်နှင့်ချီသော ဗြိတိသျှစစ်သားတို့မှာ ဒဏ်ရာဖြင့်လည်းကောင်း၊ ဖျားနာ၍လည်းကောင်း ထိုတန်းလျားတို့၌ လဲလျောင်း၍ နေကြရလေသည်။ စစ်မြေပြင်မဟုတ်ဘဲ တိုက်ပွဲတွင် ဒဏ်ရာရ၍ လျစ်လျူရှုခံနေရသော သေလုမျောပါး စစ်သည်တို့ဖြစ်သည်။ ခရိုင်းမီးယားစစ်ပွဲက ၁၈၅၃မှ ၁၈၅၆အတွင်း ဖြစ်သည်။ ဗြိတိန်က ပြင်သစ်နှင့် တူရကီတို့၏ မဟာမိတ်ဖြစ်သည်။ ရုရှားက အရှေ့ဥရောပသို့ နယ်ချဲ့လာသော စစ်ကိုရပ်တန့်ရန် တိုက်ကြခြင်းဖြစ်သည်။ ရုရှား၏ ထိုနယ်ချဲ့မှုက ဗြိတိန်ကိုလိုနီဖြစ်သော အိန္ဒိယကို ထိပါးလာနိုင်ဖွယ်ရှိနေသည်။

သို့ဖြင့် ဗြိတိသျှတို့က သူ၏စစ်မြေပြင်တိုက်ပွဲဝင် စစ်သည်များကို စေလွှတ်

လိုက်လေ၏။ ခရိုင်းမီးယားဒေသသို့ ဖြစ်ပြီး ထိုအဖြစ်မတိုင်မီက လူဦးရေသောင်းချီ၍ ရှိသောနေရာဖြစ်သည်။ တိုင်းမ်သတင်းစာ၏ သတင်းထောက်ဝီလျံဟောင်းဝပ်ရပ်ဆဲက စစ်မြေပြင်အကြောင်း သတင်းကို ရှေ့တန်းစစ်မျက်နှာမှ ပထမဆုံးလျှင်မြန်စွာရောက်အောင် ကြေးနန်းဖြင့် ပို့ပေးလိုက်သူဖြစ်သည်။ ဗြိတိန်တိုက်ပွဲဝင်စစ်သည်များ ယခု–လို ဖြစ်နေသည်ကို သိလိုက်ရသော ပြည်သူများ၏ ဒေါသက စစ်ပွဲကို ကွပ်ကဲရာ စစ်ရုံးသို့ ဦးတည်လေ၏။

ရပ်ဆဲ၏ သတင်းစာဆောင်းပါးကတော့ ဆေးဝါးထောက်ပံ့မှုပြက်လပ်ခြင်း၊ သောက်ရေ၊ အစားအစာနှင့် ကုသမှုမပြည့်စုံခြင်းတို့ ပါဝင်သည်။ ယခုလို ဒဏ်ရာရနေသောသူများကို ကုသပေးမည့် ဆေးရုံသို့ မည်သို့ ပို့ဆောင်ပေးရမည်နည်းဟု ဆောင်းပါးက မေးပြလေသည်။ စစ်မြေပြင်မှ ဒဏ်ရာရလာကြသူများ သီတင်းပတ်တစ်ပတ်ကြာသည်တိုင်အောင် ဂရုစိုက်ကုသပေးမည့်သူများ မရှိဘဲ မေ့ထားခြင်းခံရသည်ဟု ဆိုပေသည်။

နောက်ဆုံး ကံကောင်းထောက်မ၍ ဆေးရုံသို့ ရောက်လာလျှင်လည်း ဆေးရုံတွင် ဒဏ်ရာကို စည်းနှောင်စရာပတ်တီးမရှိသူတို့ကား တိုက်ပွဲမှ ဒဏ်ရာကြောင့်မဟုတ်ဘဲ လျစ်လျူရှုခံရ၍ သေကျေကြတော့မည်ဟု ကွက်ကွက်ကွင်းကွင်း ရေးလိုက်သည်။

ဆေးကုသမှုစနစ်တစ်ခုလုံးက ရှက်ဖွယ်ရာဖြစ်သည်။ ကုသမည့် ဆရာဝန်၏အောက်တွင် လုပ်ဆောင်ပေးမည့်ဆေးဝါးနှင့် သူနာပြုတို့မရှိ။ မဟာမိတ်ဖြစ်သော ပြင်သစ်တို့က မိမိတို့ထက်အများကြီးသာသည်။ ကူညီပေးနေသော သူနာပြုဆရာမကြီးများရှိသည်။ ထိုသို့ မြှုပ်နှံထားသော အမျိုးသမီးတို့မှာ အထူးကောင်းမွန်လှသော သူနာပြုတို့ဖြစ်သည်။ မိမိတို့နိုင်ငံတွင်တော့ ထိုသို့ကူညီပေးမည့် ဆရာမကြီး များ အဘယ်ကြောင့် မရှိရပါသနည်းဟု စာဖတ်သူပေးစာကဏ္ဍမှာ The Times (တိုင်းမ်) သတင်းစာတွင် စာဖတ်သူတစ်ယောက်ကပါ မေးမြန်းသည်။ သို့သော် ထိုအချိန်က အင်္ဂလန်၌ စစ်တပ်တွင် သူနာပြုဆရာမများ တာဝန်ထမ်းဆောင်ရန် ခန့်ထားလေ့မရှိပေ။ ထိုအခါတွင် ဤကိစ္စအပေါ် အဝေဖန်ခံနေရသော စစ်ဘက်ဆိုင်ရာ အတွင်းဝန် ဆစ်ဒနေဟားဘတ်က ဖြေရှင်းဖို့ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။ သူက ထိုပြဿနာကို ဖြေရှင်းနိုင်မည့်သူ ဘယ်သူဘယ်မှာဆိုတာကို သိသည်။

ထိုသူကား သူ၏ မိတ်ဆွေသူငယ်ချင်းဖြစ်သော ဖလောရင့်နိုက်တင်ဂေး ဖြစ်သည်။ ဟားဘတ်က ဂရိတ်ဗြိတိန် အစိုးရကို ကိုယ်စားပြု၍ ခရိုင်းမီးယားသို့ စေလွှတ်မည့် အမျိုးသမီးသူနာပြုအဖွဲ့တာဝန်ကို ထမ်းဆောင်နိုင်ပါမည်လားဟု စာ ရေးသားမေးမြန်းသည်။ ထိုအစီအစဉ်ကို စည်းရုံးဦးဆောင်ကြီးကြပ်နိုင်မည့် သူတစ်ဦးအင်္ဂလန်နိုင်ငံတွင် ရှိနေ



ထောင်နှင့်ချီသော ဗြိတိသျှစစ်သားများ ခရိုင်းမီးယားစစ်ပွဲ၌
ဆေးကုသစောင့်ရှောက်မှု အရည်အသွေး ညံ့ဖျင်းမှုကြောင့် သေကြေခဲ့ကြ

နိုင်သည်။ သင်က ထိုအလုပ်ကို လုပ်နိုင်မည် လား။ ခက်ခဲကြမ်းတမ်းသော ထိုအလုပ်တွင် ပါဝင်မည့် သူနာပြုဆရာမတို့ကိုလည်း ရွေးချယ်နိုင် မည်လား။ ထိုမေတ္တာရပ်ခံမှုအပေါ် စဉ်းစားဖို့ အားလုံးကို ကြိုးကြပ်ပြီး သွားရောက်ဖို့တို့ပါ စာတွင်ပါဝင်သည်။

သို့သော် ဖလောရင့်နိုက်တင်ဂေးက ဆစ်ဒနေဟားဘတ်ထံမှ ရောက်လာမည့် စာကို စောင့်ဆိုင်းမနေခဲ့ပါချေ။ ရှေ့တန်းစစ်မျက်နှာတွင် သူနာပြုကုသမှုများ အားနည်းနေသည့်အကြောင်း ကြားလိုက်စဉ်ကပင် စေတနာ့ဝန်ထမ်း (ဗော်လံတီယာ) အဖြစ် သွားရောက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း သူ၏အစီအစဉ်ကို သူ့ထံကို စာရေးသားမေးမြန်းနေသော အတွင်း ဝန်ဆစ်ဒနေဟားဘတ်၏ ဇနီးအဲလစ်ဇဘက်ထံသို့ ရေးသားလိုက်သည်။ စာနှစ်စောင် သူ့ထံ၊ ကိုယ့်ထံပေးမည့်စာများ အပြန်အလှန် ဖြတ်သန်းသွားခဲ့ကြသည်။ ထိုမှခြောက်ရက်အကြာတွင် ဆစ်ဒနေဟားဘတ်၏စာက ဖလောရင့်နိုက်တင်ဂေးထံ ရောက်ရှိသည်။

ထိုအချိန်၌ နိုက်တင်ဂေးနှင့် သူ၏သူနာပြုဆရာမတို့ကား ခရီးထွက်ခွာမည့် ဆိပ်ခံတံတားထက်တွင် အသင့်ရှိကြပေပြီ။ ထိုအဖွဲ့တွင် နိုက်တင်ဂေး၏ သူငယ်ချင်းနှစ်ယောက်ဖြစ်သော ဆယ်လီနာနှင့် ချားလ်ဘရစ်ချ်တို့က သူ၏လက်ထောက်များအဖြစ် ပါဝင်ကြသည်။ မကြာမီ သူတို့သွားရောက်မည့်အဖွဲ့တာဝန်ကို တရားဝင်ထုတ်ပြန်ကြေညာသည်။ ထိုအခါ ဖလောရင့်နိုက်တင်ဂေးမှာ လူထုအကြားတွင် သူရဲကောင်းဖြစ်သွားသည်။ လူအများက သူနှင့် သူ့အလုပ်အောင်မြင်စေဖို့ ဆုတောင်းပေးကြသည်။ သူ၏အခန်းကဏ္ဍကား ထိုခေတ်အခြေအနေအရ မေးခွန်းထုတ်စရာအများကြီးပင်။ မိန်းမတစ်ယောက်က ရှေ့တန်းစစ်မျက်နှာတွင် ဖျားနာဒဏ်ရာရနေသော စစ်သားများကို ကုသပေးသည်။ ယောကျ်ားများကို ကုသပေးနေရသော ဆေးရုံပေါ်တွင် ထိုအမျိုးသမီးက ဘယ်သို့အလုပ်လုပ်နိုင်မည်ဟု မေးခွန်းထုတ်ကြသည်။ ဖလောရင့်နိုက်တင်ဂေးမှာ မည်သူနည်းဟု လူတိုင်းသိချင်လာလေသည်။

သို့သော်လည်း ဖလောရင့်နိုက်တင်ဂေးက ချီးကျူးမှုများ အတင်းအဖျင်းပြောဆိုမှုများအပေါ် အလေးမထားဘဲ သူ၏ သူနာပြုဆရာမများအကြားတည်ငြိမ်နိုင်မှာစွာ ရပ်တည်ခဲ့သည်။ လန်ဒန်မြို့ထုတ် နေ့စဉ်သတင်းစာ Examiner က ဆိုလျှင် သတင်းစာခေါင်းစဉ်မှ ဖလောရင့်နိုက်တင်ဂေး၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်အတူ ဖလောရင့်နိုက်တင်ဂေးမှာ မည်သူနည်းဟု ဖော်ပြထားသည်။ ထိုအချိန်က ဖလောရင့် နိုက်တင်ဂေး၏ အသက်ကားသုံးဆယ့်ငါးနှစ် အရပ်မြင့်မြင့် သွယ်သွယ်လျလျ အိမ်တောင်မရှိ ပြောစရာအပြစ်ကင်းစင်သူဖြစ်သည်။ သူ့ထံသို့ စစ်ရုံးမှ သူ၏တာဝန်နှင့် ပတ်သက်၍ အဓိကအချက်များကို ဖော်ပြသည့်စာရွက်စာတမ်း



ယဉ်မျိုးစာပေ

များရောက်ရှိနေပေပြီ။ ထိုထဲတွင် ဖော်ပြမထားသော်လည်း သူနားလည်နေမိသည်မှာ အနာဂတ်တွင် အမျိုးသမီးများ သူနာပြုအဖြစ် စစ်ဘက်တွင် တာဝန်ထမ်းဆောင်ရန် အစပျိုးလိုက်ခြင်း ဖြစ်သည့်ကိုပင်။

အခက်အခဲများကို ရင်ဆိုင်ရန်လည်း သူအသင့်ဖြစ်နေသည်။ အင်္ဂလန်မှ ဆေးရုံများအကြောင်းကိုလည်း တခြားသူများထက် ပိုသိသူဖြစ်သည်။ လူများခရိုင်းမီးယား စစ်ပွဲကို မေ့သွားကြမည်ဖြစ်သော်လည်း ဖလောရင့်နိုက်တင်ဂေးမှာ ကမ္ဘာတွင် မှတ်တမ်းအဖြစ်ကျန်ခဲ့မည့်ကိစ္စကို လုပ်ဆောင်ရန် ထွက်ခွာခဲ့ပြီဖြစ်သည်။ ထိုရည်မှန်းချက်ရှိရာသို့ သွားရောက်ခဲ့သည့် သူ၏နောက်ခံရာဇဝင်တွင်လည်း ထောက်ထားစရာ တစ်ခုမှမရှိခဲ့ပေ။ အထက်တန်းလွှာအဝပိုင်ရှင် သူ့အတွက် မွေးဖွားခဲ့ရာ စကူတာရီမှ ညစ်ပတ်နေသော ဆေးရုံများထက် ပိုမိုဆိုးရွားလှသော အခက်အခဲများ ရှည်လျားစွာ ရှန်းကန်ရတော့မည့် ခရီးဟု ဆိုရပေမည်။ သူ့စိတ်ထဲတွင်လည်း ထိုအခက်အခဲများကို ရင်ဆိုင်ရန် အသင့်ပြင်ထားပြီးသလို အင်္ဂလန်နိုင်ငံအတွက် အသုံးဝင်သော အမျိုးသမီးတစ်ဦး ဖြစ်ရမည်ဟူသော စိတ်ဓာတ်ဖြင့်ဖြစ်လေသည်။

■

## (၂)

## အိမ်တွင်သင်ခဲ့သော ဆရာများ

ဖလောရင့်နိုက်တင်ဂေးကို ချမ်းသာသော မိသားစုမှ မွေးဖွားခဲ့ပြီး မိဘတို့က အိမ်ကြီး အိမ်ကောင်းများ ပိုင်ဆိုင်ကြသူတို့ဖြစ်သည်။ ရပ်ဝေးသို့ သွားလာအပန်းဖြေ အနားယူလေ့ရှိကြသူများဖြစ်သည်။ ထိုအတိုင်း သူ၏ဖြိတိသျှမိဘနှစ်ပါး ပြည်ပခရီး ဖြစ်သော အီတလီသို့ သုံးနှစ်ကြာ ဟန်းနီးမွန်းခရီးထွက်စဉ်ချိန်က ဖလောရင့်နိုက်တင်ဂေး လူ့လောကသို့ ရောက်ရှိမွေးဖွားလာခြင်းဖြစ်သည်။ သူတို့၏ ပထမကလေးဖြစ်သော အစ်မဖြစ်သူကို မွေးဖွားရာ နေပယ်မှရှေးဟောင်းဂရိစကားလုံးကို ယူပြီး ပါသီနိုပီဟု ခေါ်ခဲ့သလို ၁၈၂၀ မေလ ၁၂ ရက် ဖလောရင့်တွင် မွေးဖွားခဲ့သောသူအားလည်း ဖလောရင့်နိုက်တင်ဂေးဟု အမည်ပေးခဲ့သည်။

ကလေးအရွယ် ညီအစ်မနှစ်ဦးဖြစ်သော ဖလိုနှင့် ပါသီတို့ကား အီတလီ သူနာပြုဆရာမများ၏ ထိန်းကျောင်းစောင့်ရှောက်မှု ချစ်ခင်မှုတို့ရခဲ့သည်။ သူတို့၏ မိဘနှစ်ပါးမှာ မိခင် ဖရန်ဘက်နှင့် ဖခင် ဝီလျံအက်ဒဝဝ် နိုက်တင်ဂေးတို့ပင်။ ထိုလူကုံထံ မိဘနှစ်ဦးသည် ပြည်ပသို့ သွားရောက်အပန်းဖြေခရီးသွားရ သည်ကို နှစ်ခြိုက်လေ့ရှိပြီး အင်္ဂလန်သို့ ပြန်ရသည်ကိုပင် စိတ်မပါကြသူတို့ဖြစ်သည်။ အင်္ဂလန်မှ မိတ်ဆွေများ အကြား၌ သူတို့မှာ အရေးပါတင့်တယ်သူများဖြစ်ပြီး မစ္စနိုက်တင်ဂေး အဖို့ ဘဝအဓိပ္ပါယ်မှာ အဆက်မပြတ်သော လူမှုရေးအသိုက်အဝန်းကြားမှ လျင်မြန်စွာ လည်ပတ်နေသော လူမှုရေးကိစ္စများကို ဆောင်ရွက်ရင်း ထိုအသိုက်အဝန်းကြား

အောင်မြင်မှုများ ရနေခြင်းဟု ဆိုရပေမည်။


ဖလိုဘာကြောင့် မိသားစုတွင် ထင်ရှားသော အမှတ်လက္ခဏာအဖြစ် ကျန်ခဲ့ရခြင်းကို မျိုးရိုးအား ပြန်ခြေရာကောက်ကြည့်ပါက ဘေးတော်သူဆင်ဖြူရယ်စမစ်က အောင်မြင်သော ကုန်သည်တစ်ဦးအဖြစ် မိသားစုကိုကို ကောင်းစေခဲ့သည်။ သူသည် ချမ်းသာကြွယ်ဝလာသည့်တိုင် ယခင်ကတည်းက လုပ်ခဲ့သော လူသားအကျိုးပြုဆောင်ရွက်မှုများကို ကျောခိုင်းမသွားခဲ့ချေ။ သူ၏သားဖြစ်သူ ဖလို(ဖလောရင့်နိုက်တင်ဂေး)၏ အဘိုးဝီလျံစမစ်က ထင်ရှားသော ပါလီမန်အမတ်အဖြစ် နှစ်ငါးဆယ်ကြာဆောင်ရွက်ခဲ့ပြီး မှူတာသော ပြုပြင်ပြောင်းလဲမှုတို့ကို အားပေးဆောင်ရွက်ခဲ့သူဖြစ်သည်။ ဖလိုကလည်း အဘိုးဖြစ်သူ၏ မှတ်တမ်းတို့ကို ဂုဏ်ယူသည်။ အဘိုးဝီလျံစမစ်က ကျွန်စနစ်ဖျက်သိမ်း ရန်နှင့် လူနည်းစုဘာသာဝင်တို့၏ နိုင်ငံရေးအခွင့်အရေး တို့ကို အားပေးထောက်ခံခဲ့သည်။ ဝီလျံစမစ်နှင့် ဇနီးတို့က သားငါးဦးသမီးငါးဦးထွန်း ကားခဲ့ရာ ဖလို၏ မိခင် ဖန်နီလည်း အပါအဝင်ဖြစ်သည်။

ဖလို၏ဖခင် ဝီလျံအက်ဒဝပ်နိုက်တင်ဂေးမှာလည်း သဘောထားမှူတာသော အမြင်ရှိသူပင်။ သူ၏ဘဝတစ်လျှောက်လုံး ပါလီမန်တွင် ပြုပြင်ပြောင်းလဲရေးကို တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ လူလတ်တန်းစားတို့ မဲပေးခွင့်ရရှိဖို့ တက်ကြွစွာပါဝင်ခဲ့သည်။ ဖခင်ဖြစ်သူ၏ မိသားစုမျိုးရိုးနာမည်က ရှိုးဖြစ်သော်လည်း သူကနိုက်တင်ဂေးဟု ပြောင်းလဲလိုက်သည်။ မိခင်ဘက်မှ ဦးလေးဖြစ်သော လူချမ်းသာ ပီတာနိုက်တင်ဂေးကို ဆက်ခံခြင်းဖြစ်သည်။ ဖခင်ဖြစ်သူက အရပ်ရှည်ရှည်ပိန်ပိန်ပါးပါး ရုပ်သွင်နှင့် တစ်ဦးတည်းနေတတ်သူဖြစ်သည်။ ကောလိပ်တွင် ဖန့်နီ၏ အစ်ကိုဖြစ်သူနှင့် သူငယ်ချင်းဖြစ်ရာမှ မကြာခဏ စမစ်မိသားစုအိမ်သို့ အလည်ရောက်ခဲ့သည်။ တက်ကြွသော စိတ်ဝင်စားဖွယ် မိသားစုကို သူသဘောကျခဲ့သည်။ ဝီလျံအက်ဒဝပ်နိုက်တင်ဂေးက နှစ်ဆယ့်လေးနှစ် ဖန်နီက အသက်သုံးဆယ်အရွယ်တွင် တွေ့ခဲ့ကြပြီး နှစ်ဦးလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။ လှပတင့်တယ်အသုံးအဖြုန်းကြီးသော ဖန်နီနှင့် ပိန်ပိန်ပါးပါးကိုးရို့ကားယားပုံစံ ငယ်ရွယ်သော ဝီလျံအက်ဒဝပ်နိုက်တင်ဂေးတို့ အတွဲမှာ အမြင်အရ မလိုက်ဖက်ဟုထင်ရသည်။ သူ့ဘဝထဲသို့ ဆိုရှယ်ကျသော ဇနီးတစ်ဦးရောက်လာခြင်းကို ပထမပိုင်းတွင် နှစ်သက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပို၍သက်သောင့်သက်သာရှိသော အဆင်ပြေသော စာပေဘက်သို့သာပြန်၍ နောက်ဆုတ်ခဲ့သည်။

ဖလောရင့်က တစ်နှစ် ပါသီက နှစ်နှစ်သမီးအရွယ်တွင် သူတို့မိသားစု အင်္ဂလန်သို့ ပြန်ခဲ့သည်။ အင်္ဂလန်ပြန်ရောက်ပြီး ယာယီငှားရမ်းနေထိုင်ရာမှ မြောက်ပိုင်းဒါဘီရှိုင်းယားရှိလီရှာတွင် မစ္စတာနိုက်တင်ဂေးက အိမ်တစ်လုံးဆောက်လုပ်စေသည်။

လီဟတ်ဟုခေါ်သော အိပ်ခန်း ၁၅ ခန်းနှင့် မြင့်မားသော လေသာဆောင်ပေါ်မှ ကျေးလက်တောရိုင်းမြေမြင်ကွင်းကို ကြည့်ရှုနိုင်သော အိမ်ကြီးဖြစ်သည်။ အဝေးမှ ကျေးလက်ဒေသတောင်တန်းများကို လှမ်းမြင်နိုင်သည်။ ဖလို၏ အိပ်ခန်းပြတင်းကို ဖွင့်လိုက်လျှင် ဆင်ခြေလျှောတောင်စောင်းတွင် ညိမ့်ညောင်းစွာ စီးဆင်းနေသော ဒါဝင်မြစ်ရေစီးသံကို ကြားနိုင်သည်။ မိသားစုက ဒါဘီရှိုင်းယား၏ သာမောဖွယ်အလှကို နှစ်သက်ကြသည်။ သို့သော် အိမ်ကြီး၏ ကြီးမားပုံနှင့် လေများဝင်ရောက်မှုတို့က အလွန်အေးသော ဆောင်းရာသီတွင် အပူပေးဖို့ခက်ခဲသည်။ ဖလောရင့်ကလေးဘဝက ဖျားနာခြင်း၊ လည်ချောင်းနာခြင်း၊ အအေးမိခြင်းစသော ဝေဒနာတို့ပြည့်နှက်နေခဲ့သည်ကို မမေ့နိုင်စရာဖြစ်သည်။

အိမ်ကြီးမှာ အပူပေးရန် ခက်ခဲသည်သာမက ဖလောရင့် ၏ မိခင်ဖန်နီအတွက် သူ၏ ဆိုရှယ်ကျသော ညစာပွဲများနှင့် ပျော်ပြေရန်အတွက်လည်း လန်ဒန်မှ အိမ်တို့နှင့် နှိုင်းယှဉ်ပါက သေးလွန်းနေသည်။ ထိုအခါနောက်ပိုင်းတွင် ဖခင် အက်ဒဝပ်နိုက်တင်ဂေး ပိုမိုကြီးမားသော အိမ်တစ်လုံးထပ်ရှာခဲ့ရသည်။ ဟမ်ရှိုင်းယားမှာ ရွှမ်ဆေးရုပ်အနီး



အင်္ဂလန်မြောက်ပိုင်း ဒါဘီရှိုင်းယားဒေသ လီဟတ်ရွာမှ နိုက်တင်ဂေးတို့နေအိမ်

အမ်ဘာလေးဟောဟု ခေါ်သော အိမ်သို့ ၁၈၂၅၌ ဝယ်ပြီး ပြောင်းရွှေ့ခဲ့သည်။ ထိုနေရာမှ မြို့နှင့် အိမ်ကိုတော့ ဖလောရင့်နိုက်တင်ဂေး၏ မိခင်မစ္စနိုက်တင်ဂေး အလွန်သဘောကျသည်။ ဟမ်ရှိုင်းယား၏ သစ်တောဥယျာဉ်သစ်အစပ်တွင်တည်ရှိသော အိမ်ကြီးမှာ သဘာဝအလှများ ဝန်းရံလျက်ရှိသည်။ ထူထပ်သော မြက်ခင်းပြင်ပေါ် လွှမ်းခြုံထားသော တောရိုင်းပန်းများ အမြဲစိမ်းတောအုပ်မှ ပန်းပွင့်နေပုံများ အိမ်အဝင်လမ်းတစ်လျှောက် အလားတူပန်းတို့ ပွင့်လန်းလာပုံတို့ကို တွေ့နိုင်သည်။ နွေဦးနှင့် နွေရာသီကာလ တစ်ခွင်လုံးလိုလို ဖြစ်သည်။ အမ်ဘာလေဟောသည် မိသားစုအတွက် ဆောင်းရာသီနားခိုရာ စံအိမ်ဖြစ်ပြီး လန်ဒန်နှင့် နီးသည့်အတွက် လူမှုအသိုက်အဝန်း မိတ်ဆွေများ နီးကပ်စွာ ဝင်ထွက်နိုင်ကြသည်။

အဖိုးစမစ်မိသားစုမှာ ညီအစ်ကိုမောင်နှမ ၁၀ဦးရှိသဖြင့် ဖလောရင့်နှင့် ပါသီတို့အတွက် များစွာသော ဝမ်းကွဲမောင်နှမများရှိပြီး ထိုထဲမှ အနည်းငယ်နှင့် နောင်တွင် အရင်းနှီးဆုံး သူငယ်ချင်းများဖြစ်လေသည်။ ဖလောရင့် ၁၀ နှစ်အရွယ်၌ ဝမ်းကွဲမောင်နှမ ၂၇ဦးရှိလေရာ တစ်ဦးစီမှာ အခြားသူတို့ထံ အပြန်အလှန် အလည်အပတ်သွားရင်း အလုပ်ရှုပ်နေခဲ့ကြသည်။ ထိုထဲ၌ ဖလောရင့်မှာ ထက်မြက်သောကြောင့် ပေါ်ပြူလာ အဖြစ်ဆုံးပင်။ ပါသီက ညီအစ်မနှစ်ဦးတွင် ပိုပြီး နူးညံ့သိမ်မွေ့သူဖြစ်သည်။ ဖလောရင့်ကပို၍ အရပ်ရှည်ပြီး ပိန်သွယ်သည်။ အသားအရေပိုလှပြီး ထူထပ်သော အုန်းခွံရောင် ကေသာပိုင်ရှင်ဖြစ်သည်။ ငယ်စဉ်ကပင် စိတ်အားထက်သန်သော အိပ်မက်ဆန်သော မီးခိုးရောင် မျက်ဝန်းများကို ပိုင်ဆိုင်ထားခဲ့သည်။

လုပ်ရိုးလုပ်စဉ်အနားမနေရသော ဆိုရှယ်လူမှုကိစ္စတို့မှာ ငယ်ရွယ်သော မိန်းကလေးနှစ်ဦး၏ ပညာရေးအပေါ် မည်သို့မှ အနှောင့်အယှက်မဖြစ်ခဲ့ချေ။ အိမ်တွင်လိုက်၍ သင်ပေးသော ဆရာမနှင့် အခြားဆရာတို့က ဂီတ၊ ဘာသာစကား။ အကတို့ကို လေ့ကျင့်သင်ကြားပေးကြသည်။ ဖလောရင့်စိတ်တွင်း၌ အမြဲများစွာသိမ်းဆည်းထားခဲ့သော စာစောင်တစ်ခုရှိခဲ့သည်။ ဆရာများက သင်ကြားရာတွင် စာရေးသားခြင်းအပေါ် စည်းကမ်းတင်းကျပ်လေ့ရှိသည်။ ဆာရာခရစ္စတိုင်းသည် စာရေးသားခြင်းနှင့်ပတ်သက်၍ အိမ်တွင်လိုက်သင်ပေးသော ဘာသာရပ်ဆရာမတစ်ဦး ဖြစ်သည်။ ဆာရာခရစ္စတိုင်း ဖလောရင့်အိမ်တွင် သင်ရသော အချိန်တွင် စာရေးသားမှု အလေ့အကျင့်ရရန် အကွရာစဉ်လိုက်ခေါင်းစဉ်ဖြင့် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ရေးသားစေသည်။ ပထမစာတွင် လိမ်ပြောခြင်းကို ရှောင်ရှားဖို့ ယင်းမှာ အခြားသူတို့၏ စကားကို ဦးတည်နိုင်ကြောင်း သူကရေးသားခဲ့ပြီး ဒုတိယစာတွင်မူ ကျေးဇူးတရားသည် သိစိတ်၏ အမြင့်မြတ်ဆုံး စိတ်ခံစားမှုဖြစ်သည်ဟု ဆိုခဲ့သည်။ ဆာရာခရစ္စတိုင်းက သူမကြိုက်လှသော်လည်း ကောင်းမွန်သည်။ ထိုအရေးအသားမျိုး ယခင်က မတွေ့ဖူးပါဟု

ဝန်ခံလေသည်။ မစ္စခရစ္စတိုင်းမှာ ဖလောရင့်၏ နောက်ထပ် ကိုယ်ကျင့်တရားဆိုင်ရာ မှတ်ချက်တို့ကိုတော့ သဘောတူခဲ့သည်။

ခရစ္စတိုင်းသည် တစ်ခါတစ်ရံသူ့အပေါ် စည်းကမ်းအလွန်တင်းကျပ်သော်လည်း ဖလောရင့်က အလွန်ချစ်ခင်သည်။ ကိုးနှစ်အရွယ်၌ပင် စာပေကိုကောင်းစွာ ရေးသားနိုင်နေပြီး ခရစ္စတိုင်းက ထိန်းထားခဲ့ပြီး နာခံသော စိတ်ဓာတ်ရှိသူဖြစ်ကြောင်း နောက်တွင် ပြောခဲ့သည်။ တားမြစ်မှုကြောင့် နောက်ထပ်အပြစ်ပေးခံရပြီး ဝမ်းကွဲမောင်နှမများထံ လည်ပတ်ရင်းဖြင့် အချိန်များကုန်လွန်ရသည်။ ဆိုးရွားသော အအေးဒဏ်နှင့် ထပ်တိုးလာသော စိတ်ဆင်းရဲမှုဝေဒနာတို့က ဖလောရင့်၏ မျက်ဝန်းပေါ်ကူးစက်လျက်ရှိသည်။ ထိုမှ လအနည်းငယ်ကြာပြီးနောက် သူ၏ရေးသားမှုကို စာစောင်တွင် ဖော်ပြနိုင်၍ ဝမ်းမြောက်ခဲ့ရသည်။ သူအခင်ဆုံး ညီအစ်မဝမ်းကွဲတစ်ဦးဖြစ်သော ဟီလာရီဘွန်ဟမ်းကာထံသို့ သွားရောက်လည်ပတ်နေချိန်က ဖြစ်သည်။ ထိုနှစ်၌ပင် လန်ဒန်သည် ငြီးငွေ့ဖွယ်ဖြစ်သည်ဟု ခံစားမိလာပြီး ဦးလေးဖြစ်သူ အော်တာဗီးယတ်စ်နှင့် အဒေါ်ဂျိန်းတို့၏ ကျေးလက်အိမ်သို့ တစ်လခန့်သွားနေသည်။ ထိုကာလတွင် အဒေါ်ဖြစ်သူက ဆင်းရဲသော ကလေးများအတွက် ပါတီပွဲပြုလုပ်ပေးသည်။

ဖလောရင့်(ဖလို)သည် ထိုအိမ်၌ သူချစ်သော တိရစ္ဆာန်များနှင့် အချိန်ကုန်လွန်စေသည်။ သူ့မြင်ကွင်း၌ ခွေးများ၊ ကြောင်များ၊ မြည်းများ၊ မြင်းပုလေးများ ဝက်နှင့် အခြားတိရစ္ဆာန်တို့ကို ခြံတွင် လွတ်လပ်စွာ လှည့်လည်သွားလာနေကြကြောင်း တွေ့ရသည်။ ယင်းတို့အကြား ချော့မြှူကစားရင်း မြင်းပုလေးသို့မဟုတ် ဝက်တစ်ကောင် ဖျားနာဒဏ်ရာရလာချိန်တွင် ဖလောရင့်က ပြုစုပေးသည်။ ကျန်အချိန်တို့၌ သူ့အခန်း တွင်းနေရင်း တောရိုင်းပန်းတို့ကို သေချာစာရင်းပြုစုမှတ်သားသည်။

မိန်းကလေးငယ်နှစ်ဦး အသက်ဆယ့်နှစ်နှင့် ဆယ်တစ်နှစ်အရွယ်သို့ ရောက်လာချိန်တွင် သူတို့၏ ယင်းသို့ စီးမျောနေသော နေ့များထဲသို့ ဖခင်ဖြစ်သူ မစ္စတာနိုက်တင်ဂေးက ဝင်ပြီးစွက်ဖက်လာသည်။ အထူးသဖြင့် သူတို့၏ ပညာရေးအပေါ် ကျေနပ်မှုမရှိ၍ ဖြစ်သည်။ သူ၏ မြင့်မားသော အဆင့်အတန်းအရ စိတ်တိုင်းကျ သင်ကြားပေးမည့်သူ ရှာတွေ့ရန်လည်း မဖြစ်နိုင်ရသည့်အခါ သူပင် ဖလောရင့်တို့ဆရာ ဖြစ်လာခဲ့ရသည်။ ဖလောရင့်အတွက်မူ ဖခင်ဖြစ်သူက ချစ်ခင်ကြည်ညိုပြီး ဖြစ်၍ အစီအစဉ်သစ်အပေါ် သဘောကျလျက်ရှိသည်။ ဂီတနှင့်ပုံဆွဲခြင်းကို သူကမသင်ဘဲ ခက်ခဲသော ဘာသာရပ်များဖြစ်သည့် ဂရိ၊ လက်တင်၊ သင်္ချာတို့ကို သမီးများအား တာဝန်ယူ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ဂျာမန်နှင့် အီတာလျံသမိုင်းတို့အကြောင်းကိုလည်း ယင်းတို့အားပြောပြသည်။ ဖလို(ဖလောရင့်)နှင့် ပါသီတို့အတွက် ယင်းတို့ဖခင်မှာ စည်းကမ်းတင်းကျပ်သော တောင်းဆိုမှုများသော ဆရာတစ်ဦး ဖြစ်



လူငယ်ဖလော်ရင့်အတွက် အရေးပါသော စာဖတ်ခြင်းနှင့် လေ့လာမှု

ယဉ်မျိုးစာပေ

လာသလို တပည့်များဝတ္တုရားကျေအောင် လုပ်နိုင်ရန် မွေ့လင့်ခဲ့သည့် ဆရာတစ်ဦးလည်း ဖြစ်လာသည်။ ဖလောရင့်မှာလည်း တစ်ခါတစ်ရံ မနက်လေးနာရီ ထ၍ စာကျက်ခဲ့ရသည်။

ပါသီအတွက် အိမ်စာတို့မှာ ရံဖန်ရံခါ၌ ခက်ခဲလွန်းလှသဖြင့် ပုံဆွဲပန်းချီခန်းတွင် မိခင်နှင့် ပူးပေါင်းအကူအညီယူမှ လွတ်မြောက်နိုင်ခဲ့သည်။ ဖလောရင့်ကမူ သင်ခန်းစာများကို ၇ နှစ်ကြာလေ့လာရင်း ကျေညက်လာသည်။ ဂရိနှင့် လက်တင်တို့ကို မူရင်းဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်သည်အထိ လေ့လာယူပြီး ပြည့်စုံခဲ့သည်။ နိုင်ငံခြားဘာသာတို့၏ ကြိယာပြောင်းလဲပုံစနစ်တို့အပေါ် နာရီအတန်ကြာ ပေးလေ့လာနိုင်ခဲ့၍ ဖြစ်သည်။ သင်္ချာဘာသာကလည်း ဖလောရင့်တွက် စွဲမက်စရာတစ်ခုဖြစ်သည်။ တစ်နေ့တွင် ဆရာတစ်ဆူဖြစ်လာလျှင် စာရင်းဇယားပုံသေနည်း တို့ရှင်းလင်းဖော်ပြမှုကို သိလာမည်ဟု မြင်၍ဖြစ်သည်။ ရုပ်ဝတ္ထုများကို လေ့လာမှုနည်းမျိုးတို့ကို သင်ယူရင်းဖြင့် ဖလောရင့်၏ စိတ်တို့တက်ကြွလာသည်။ သူ၏တံခါးအပြင်ဘက်မှ ပြင်ပကမ္ဘာကြီးအကြောင်း လေ့လာရန် စိတ်ထက်သန်လှုပ်ရှားလာသည်။ သူ၏ မိဘများသည်လည်း ဖလောရင့်ကို သူငယ်ချင်းများက နှစ်သက်ချစ်ခင်ကြပုံအကြောင်း သူတို့မိတ်ဆွေများကို ပထမဆုံး ပြောပြကြေညာခဲ့သည်။ ဖလောရင့်က သူငယ်ချင်းများထံ အမြဲလို အသိပညာတို့အကြောင်း ရှင်းပြနေပုံကလည်း အံ့အားသင့်ဖွယ်ဖြစ်ကြောင်းတို့ကိုပင်။

■

## (၃)
## ရိုးရာအစဥ်အလာတို့နှင့်အတူ

ဖလို(ဖလောရင့်)၏ ဘဝမှာ ချမ်းသာကြွယ်ဝပြီး စိတ်လှုပ်ရှားဖွယ်တို့ ဖြစ်နေစေကာမူ သူသည်ပျော်ရွှင်သော ကလေးတစ်ဦးဘဝမျိုးမရှိခဲ့ပါပေ။ အသက်ခြောက်နှစ်အရွယ် ပြန်အမှတ်ရလိုက်လျှင်ပင် သူက ကွဲပြားသော အထီးကျန်သော ကလေးအဖြစ် စနေကြောင်းတွေ့ရသည်။ ထိုအခိုက်အတန့်ကာလမျိုး၌ သူသည် အလွန်စိတ်ဆင်းရဲလျှက် မိသားစုနှင့် ညစာအတူစားဖို့ပင် ငြင်းဆန်ကာ ကြောက်မက် ဖွယ်တစ်စုံတစ်ခုက သူ့ကို အရူးတကွဲအကျိုးနည်းဖြစ်အောင် လုပ်မည့်အလား ရှိတတ်သည်။ ယင်းသို့သီးခြားခွဲထွက်ခြင်းမျိုး သို့မဟုတ် ပြန်လှန်တိုက်ခိုက်ခြင်းတို့ လုပ်တတ်ခြင်းနှင့် မိသားစုတွင် ထိုအပြုအမူမျိုး အများကြားဖြစ်နေအောင် ဘာတွေဖြစ်ခဲ့သနည်း၊ ဆိုခြင်းက ဝဥ်းစားရောဖြစ်သည်။

သူ၏ အထီးကျန်မှုနှင့် တစ်ဦးတည်းဖြစ်မှုဝေဒနာတို့က သူ့အားခေါင်းမာ စိတ်ကောက်ပြီး မခေါ်နိုင်မပြောနိုင်ဖြစ်အောင် လုပ်သကဲ့သို့ ရှိပြီး အသေးအဖွဲလေးနှင့် ပြင်းထန်စွာ စိတ်ဆိုးဒေါသဖြစ်နေတတ်သည်။ မိသားစုကလည်း ဘာကြောင့်သူယင်းသို့ ဖြစ်နေမှန်း နားမလည်ကြပေ။ ဖလောရင့်၁၂နှစ်အရွယ်၌ ဖခင်ဖြစ်သူ မိခင်ထံရေးသော စာတွင် ဘာကြောင့် ဤသို့ ညည်းတွားပြသနာရှာနေရသနည်း။ ယင်းသို့ဖြစ်နေခြင်းကို ကောင်းသွားအောင် တစ်စုံတစ်ရာ လုပ်နိုင်ခြင်းမရှိဘူးလားဟု မေးခဲ့သည်။ တစ်ခါတစ်ရံ ထိုသို့အထီးကျန်ဖြစ်နေချိန်မျိုးတွင် ဖလောရင့်သည် အိမ်ထဲ၌ထိုင်ရင်း အမ်ဘလေအိမ်ရှေ့

ရှိ ထင်းရှူးပင်၌ထက်အောက်တက်ဆင်းပျံဝဲနေသော ငှက်ငယ်တို့နှင့် ယင်းတို့အသံက သာ သူ့အတွက် အဖော်ဖြစ်နေခဲ့သည်။

ထိုအချိန်တွင် အစ်မဖြစ်သူ ပါသီကမူ အစစအရာရာ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည်။ သူလိုလုပ်နိုင်ပါစေဟုလည်း ဆုတောင်းမိသေးသည်။ ပါသီ ဤသို့ ဆိုရှယ်ကိစ္စများတွင် ကျင်လည်ကျက်စားနေတတ်ခြင်းက ဖလောရင့်ဘဝ ကွက်လပ်ဖြည့် ပေးသလိုလည်းရှိသည်။ ဧည့်သည်များ အဆက်မပြတ် ဝင်ထွက်သွားလာနေသည်ကို ပါသီသဘောကျသည်။ မိတ်ဆွေများသူငယ်ချင်းများ ဆွေမျိုးများ၏ လူမှုအဝန်းအဝိုင်းတွင် နေ့ညမပြတ် ပြောဆိုနေရသည်ကို ပါသီက နှစ်သက်လျက်ရှိသည်။

ထိုရုပ်ဝတ္ထုလောက၏ ကြွယ်ဝမှုနှင့် ဝန်းရံနေသော လူမှုအသိုက်အဝိုင်း ထဲသို့ ဝင်ရောက်လိုက်ခြင်းတို့က ဖလောရင့်ကို ပို၍သက်သာရာရစေသည်။ သူ့ကို ချစ်ခင်နှစ်လို ဖွယ်ဖြစ်အောင် မိခင်ဖြစ်သူဘဝမျိုးဖြစ်လာအောင် ကိုယ်တိုင်ပြင်ဆင်ရာလည်း ရောက်စေ သည်။ မိခင်ဖြစ်သူက ဘာဖြစ်ချင်သနည်းဆိုသော် သူတို့ညီအစ်မနှစ်ဦး၏ ဘဝကို ပိုမိုတောက်ပြောင်စေချင်သည်။ ကြွယ်ဝသော သူတို့အဆင့်အတန်းနှင့် လိုက်ဖက်သော အိမ်ထောင်ရေးနှင့် ချမ်းသာသုခကို ရစေချင်သည်။ ထိုဆန္ဒက ဆိုးရွားလွန်းနေသလား။ ဖလောရင့်ဖြစ်ချင်တာက အဘယ်နည်း။ အရာဝတ္ထုများနှင့် လူများ၏ ကမ္ဘာဆိုသော ဖလောရင့်၏ မဂ္ဂဇင်းပါ ဆောင်းပါးထဲ၌ သူ၏ ဇလာဖြစ်နေသော စိတ်ဓာတ်ကို တွေ့ရသည်။ ထိုဖွင့်ဟမှုမှာလည်း သူ့ခံစားချက်ကို ကောင်းမွန်လာအောင် မလုပ်နိုင်။ စံနမူနာဖြစ်သော တောက်ပလွန်းသည့် ဖခင်၏ ဘဝကို မြင်နေရသော်လည်း သူ့ကို အရေးပါစွာ ဖမ်းမစားနိုင်၊ အလားတူထင်ရှားသော မိခင်ဖြစ်သူကလည်း ဆိုရှယ်ဖျော်ဖြေ မှုတို့ဖြင့် အလုပ်များလျက်ရှိသည်။

သို့သော် ဖလောရင့်က မိခင်ဖြစ်သူ၏ မေတ္တာကို တောင့်တသည်။ မိခင်ဖြစ်သူ၏ မျက်နှာသာပေးမှုကို ပိုရလိုသည်။ မိခင်ဖန်နီနိုက်တင်ဂေးမှာမူ ပါသီကို ပိုပြီး ဦးစားပေးတတ်သည်။ ဖလောရင့်အတွက် မိခင်ဘာကိုလိုလားကြောင်းတိကျစွာ မသိနိုင်ပေ။ နောက်တစ်ချက်က သူ၌မိဘကဲ့သို့ ချစ်မေတ္တာဖြင့် လွှမ်းခြုံနိုင်မှုမရှိခဲ့။ မိဘများသည်လည်း ထိုကာလ၌ ခံစားမှုလိုအင်များ ဖလောရင့်တွင် ရှိနေကြောင်း နားမလည်ကြပေ။ သူတို့ကလေးများအတွက် အချိန်များစွာမပေးကြပေ။ အထက်တန်းလွှာ လူ့အဖွဲ့အစည်းမှ မိခင်များအဖို့ ယင်းတို့ကလေးများမှာ ယင်းတို့အခန်းကဏ္ဍအတွက် ပံ့သွင်းအသုံးချရန်သာဖြစ်၍ပင်။

ဖလောရင့်အနေဖြင့်မူ စိတ်ဆင်းရဲမှုကို တိုးလို့သာနေပြီး အထီးကျန်ခံစားနေရသော စိတ်ဒုက္ခမှ ကိုယ်တိုင်လွတ်မြောက်ချင်လာခဲ့သည်။ အိပ်မက်ကမ္ဘာထဲသို့ ဝင်၍လွတ်မြောက်ရန် စတင်ကြိုးစားခဲ့သည်။ ဤသို့နေ့ခင်းအိပ်မက်စိတ်ကူးယဉ်မှု

က သူ့ကိုပို၍သက်သာစေခဲ့ပြီး သူကိုယ်တိုင်မှာ ထိုအထဲ၌ သူရဲကောင်းဖြစ်နေတတ်သည်။

အထီးကျန်မှုမှ နောက်ဆပ်ထွက်ပေါက်အဖြစ်သူရှာတွေ့သည်မှာ ခိုင်မာသော ခင်မင်ရင်းနှီးမှုမျိုးဖြစ်သည်။ အစောပိုင်းကာလ သူတွယ်တာခဲ့သူက အိမ်စာလိုက်သင်ပေးသော ဆရာမ ဆာရာခရစ္စတိုင်းဖြစ်သည်။ အကောင်းဆုံးသူငယ်ချင်းက ညီမ ဝမ်းကွဲ ဟီလာရီဘွန်းဟမ်းကာတာဖြစ်သည်။ ကျန်ညီမဝမ်းကွဲမာရီယန်နီကိုတော့ သူထိုးနှက်ချင်သည်။ လုပငယ်ရွယ်သော မာရီယန်နီမှာ ခန့်မှန်းရခက်သော မိန်းမမျိုးဖြစ်သည်။

သူအလေးစားဆုံးပုဂ္ဂိုလ်မှာ သူ့အပေါ်နူးညံ့ချိုသာစွာ ဆက်ဆံလေ့ရှိသူ အဒေါ်မိုင်ခေါ်မာရီရှီးဖြစ်သည်။ ဖလောရင့်ဖခင်ဖြစ်သူ၏ ညီမဖြစ်၍ မိခင်ဘက်မှ ဦးလေးတော်သူ ဆင်ဖြူရယ်စမစ်နှင့် လက်ထပ်ခဲ့သူဖြစ်သည်။ နှစ်ဖက်စလုံးမှ ဆွေမျိုးတော်သူ အန့်တီမိုင်သည် ဖလောရင့်လိုချင်တောင့်တရာ နှစ်သက်စွဲလမ်းမှုတို့အပေါ် နက်ရှိုင်းစွာ ကိုယ်ချင်းစာစိတ်ထားရှိခဲ့သည်။ ဖလောရင့်နောက်ပိုင်းတွင် အန့်တီမိုင်၏ အငယ်ဆုံးသားဖြစ်သော ရှိုးအတွက်များစွာ အချိန်ပေးခဲ့သည်။ ရှိုးကို ထွေးပွေ့ထားရသော အချိန်တို့၌ သူ့အတွက် ငြိမ်းချမ်းမှုကို ခံစားရသလို အခြားကလေးများ ဖျားနာခဲ့လျှင်လည်း သူဂရုစိုက်ပေးခဲ့သည်။ နေမကောင်းဖြစ်နေသော အဖွားစမစ်ယင်းတို့ထံခရီးရှည်အလည်ရောက်လာချိန်တွင် ဖလောရင့်မှာ အရေးပါလာသည်ဟု ခံစားမိနေသည်။ ဖလောရင့်က သူမကို ဂရုစိုက်လျက် စာဖတ်ပြခြင်း သူမထံသို့ အချိန်ပေးသွားခြင်း အားပေးခြင်းတို့ ပြုလုပ်ပေးခဲ့သည်။

လီနှင့်ဝဲလို ကျေးရွာတို့၌ သူတို့၏ မိသားစုအိမ်ဝင်းများတည်ရှိရာဖြစ်၍ ဖလောရင့်အဖို့ ပထမဆုံးအခြားသူတို့၏ ဘဝကို လေ့လာနိုင်ခဲ့သည်။ ဆင်းရဲသားတို့မှာ ညစ်ပတ်ပေရေပြီး ဆိုးရွားသော အိမ်များ၌နေကြလျက် တစ်ခါတစ်ရံ နပ်မှန်အောင်ပင် မစားနိုင်ကြပုံကို သူတွေ့မြင်ရသည်။ မိသားစုမြင်းရထားဖြင့် လန်ဒန်သို့သွားသောအခါ၌လည်း အနီးအနားရှိ ဆင်းရဲသားရပ်ကွက်နှင့် စက်ရုံများရှိရာမြို့ငယ်များကို ဖြတ်ကျော်စီး နှင်းရင်းဖြင့် လမ်းပေါ်တွင် ဟောင်းနွမ်းစုတ်ပြတ်စွာတွေ့ရသော ကလေးများကို သတိပြုမိခဲ့သည်။

အခြားသော ဂုဏ်သရေရှိအမျိုးသမီးတို့လို ဖလောရင့်လည်း မိခင်ဖြစ်သူနှင့် အနီးနားရွာများသို့ အတူလိုက်ပါရင်း လျှူဒါန်းသောအလုပ်တို့ကို စတင်ပြုလုပ်သည်။ ရွာအတွင်းရှိ တဲငယ်များသို့ လှည့်လည်ရင်း အစားအစာ၊ အဝတ်အထည် လိုအပ်သော ဆေးဝါးအစရှိသည်တို့ကို ယူဆောင်၍ပေးသည်။ ဖလောရင့်၏ မိဘတို့က ဒါဘီရှိုင်းယားတွင် ကျောင်းတစ်ကျောင်းဆောက်ပေးပြီး ဆရာတစ်ယောက်က အရွယ်စုံတို့ကို စာသင်ပေးသည်။ ဖလောရင့်ကရံဖန်ရံခါ အထူးအစီအစဉ်အနေဖြင့် အကူအညီပေးသည်။



ဆီဟာတ်အနီးနားရွာတို့မှ ဆင်းရဲသားကလေးငယ်တို့က
နိုက်တင်ဂေးဘဝကို ကြီးမားစွာ ပြောင်းလဲစေခဲ့သည်။

ကိုယ်အမှုအရာဖြင့်သာ ပြုလုပ်ရသော လျှော့ဒါန်းသည့်အလုပ်ကို လေ့လာသင်ယူရင်း တစ်စုံတစ်ဦးအား ထိမိစွာပေးနိုင်ခြင်းမရှိသော အဖြစ်တို့ကို တွေ့လာရသည်။ လူအနည်းစုသာ ချမ်းသာပြီး များစွာက ဘာကြောင့်ဆင်းရဲနေသနည်းဆိုသော ပုစ္ဆာကလည်း ဖလောရင့်တွင် ဖြစ်ပေါ်နေခဲ့သည်။

ဖလို(ဖလောရင့်)တို့အိမ်၌မူ အစဉ်အလာ ရိုးရာထုံးစံလမ်းညွှန်ပြောဆိုမှု တို့ဖြင့်သာ လည်ပတ်လျှက်ရှိသည်။ ဖလောရင့်နှင့် အစ်မဖြစ်သူတို့မှာ တာဝန်ကျေသော ဇနီးကောင်းများဖြစ်ရေးအတွက် တာဝန်ကျေသော သမီးကောင်းများဖြစ်အောင် ပြင်ဆင်ရန်အတွက် လေ့ကျင့်သင်ကြားနေရသည်။ ထိုကာလ၌ တွေးခေါ်ကြသည်မှာ ကောင်းမွန်သော အိမ်ထောင်ရေးတစ်ခုကို ဖြတ်သန်းနိုင်ခြင်းကသာ ငယ်ရွယ်သော

ဝိန်းမပျိုတစ်ယောက်အတွက် စစ်မှန်သော ပျော်ရွှင်မှုကို ရှာတွေ့နိုင်သည့် ဘဝခရီးဖြစ်သည်ဟုပင်။ ဖလိုနှင့်ပါသီတို့သည် အိမ်မှုကိစ္စများဆောင်ရွက်ခြင်း၊ အစေခံများကို စီမံခြင်း၊ ဖျော်ဖြေမှုတို့ ပြုလုပ်ခြင်းတို့ကို လေ့လာသင်ယူရသည်။ ပန်းထိုးစသော အချုပ်အလုပ်ပညာတို့ကို သင်ယူရသည်။ ပန်းချီ၊ ဂီတ၊ အက ကျွမ်းကျင်မှုတို့ကိုလည်း သင်ကြားရသည်။ ကျောင်းတွင်လည်း အနုပညာဆိုင်ရာ စကားအနည်းငယ်မှ လွဲ၍ ဘာမှိုပိုမပြောကြ။ အမျိုးသားတို့က နိုင်ငံရေးကမ္ဘာ့အဖြစ်အပျက်တို့ ပြောဆိုဆွေးနွေးနေကြပြီဖြစ်သော်လည်း အမျိုးသမီးတို့မှာ ယင်းတို့ခေါင်းထဲသို့ စိတ်အနှောင့်အယှက်ဖြစ်စေမည့် လေးလံသော အကြောင်းအရာတို့ကို ယူမလာကြပေ။

မိသားစုကသာ ဖလို၏ငယ်ရွယ်သော အမျိုးသမီးဘဝကို လွှမ်းမိုးသည် မဟုတ်။ ဘုရားရှိခိုးကျောင်းနှင့် ဥပဒေတို့ကလည်း သူ့ကို သူ၏ နေရာတွင်ရှိနေရန် သင်ကြားပေးသည်။ သူကအင်္ဂလိကန်ဘုရားကျောင်းတွင် တက်ရသည်။ ခရစ်ယာန်တရားတို့က ဖလိုအားအသိပေးသည်မှာ အမျိုးသမီးတို့သည် ဘာသာရေး ကိုင်းရှိုင်းပြီး အမျိုးကောင်းဖြစ်ခြင်း၊ လိုက်နာတတ်ပြီး မိသားစုအတွက် မြှုပ်နှံထားသူ ဖြစ်သင့်သည်ဟုပင်။ အင်္ဂလိပ်ဥပဒေကကော ဘာပြောခဲ့သနည်း။ ထိုသို့မမြှုပ်နှံနိုင်သော အမျိုးသမီးတို့မှာ ပိုင်ဆိုင်မှုကို အမွေဆက်ခံထိုက်သူများမဖြစ်နိုင်ဟု ဆိုပေသည်။ ဖလိုနားလည်သည်မှာ သူကော၊ပါသီကော ယင်းတို့၏ မိခင်ဖြစ်သူတို့ပါ ဖခင်ဖြစ်သူ၏ ပိုင်ဆိုင်မှုတို့ကို အမွေမရနိုင်။ အမျိုးသားတစ်ဦးကသာ ထိုအခွင့်အရေးကို ရမည်။ ထို့ကြောင့် ဖခင်ဖြစ်သူ ပိုင်ဆိုင်သမျှ ခနဉစ္စာတို့မှာ ထိုသူမှလွန်လျှင် နောက်ဆွေမျိုးသားချင်းဖြစ်သော သားတစ်ဦးထံ ဆင်းသက်မည်။ ထိုအဖြစ်မျိုး အခေါ်ဖြစ်သူမိုင်နှင့် သူ့သားရှိုးတို့ထံ၌ တွေ့နေရပြီဖြစ်သည်။ မည်သည့်နေရာတွင်မဆို ဖလိုက သူ့ကိုချည်နှောင်ရစ်ပတ်လာမည့်အခြေကို လျှော့ချသည်။ သူလက်ထပ်ခဲ့လျှင် ဘာတွေဖြစ်လာမည်နည်း။ သူ့၌ရှိနေသော အနည်းငယ်မျှ လွတ်လပ်မှုပင်ဆုံးရှုံးမည်။ သူ၏ပိုင်ဆိုင်မှုနှင့် ငွေငွေတို့မှာ ခင်ပွန်းဖြစ်သူ ပိုင်ဆိုင်မှုများဖြစ်သွားမည်။ ခင်ပွန်းဖြစ်သူက ရက်စက်ကြမ်းတမ်းသူဖြစ်နေလျှင်တောင်မှ အမျိုးသမီးတစ်ဦးက ကွာရှင်းရန်တရားစွဲ၍မရနိုင်၊ နောက်ဆုံးသူ့ထံမှ ထွက်သွားလျှင်လည်း ကလေးများကို ထိန်းသိမ်းခွင့်မှာ ဖခင်ထံ၌သာရှိနေသည်။

ဖလိုနေထိုင်ရသော ဘဝမှာ ရွှေမှုန်ကြဲထားသော လှောင်အိမ်ဟုခေါ်ရပေမည်။ သူက ဆင်းရဲမှုကို စားလည်ပြီး၊ ကြွယ်ဝမှုကြောင့် ဖိနှိပ်ခံနေရသူဖြစ်သည်။ သူ့အနေဖြင့် စက်ရုံတစ်ရုံ၊ ကျောက်မီးသွေးမိုင်းတစ်ခု ယာခင်းတစ်ခုထဲ၌ အလုပ်လုပ်ရန်လည်း မလိုပေ။ ဆိုရှယ်ညည့်ခံမှုကိစ္စစဉ်ဆောင်ရွက်မှုများနှင့် ပြောင်မြောက်သော အမှုအရာတို့ကို တိုးမြှင့်သင်ယူဖို့သာလိုသူဖြစ်သည်။

အကာအကွယ်ခိုလှုံရာမဲ့နေသော ဖလိုအတွက် ဘဝမှာ အဓိပ္ပါယ်မရှိ

၉၂၄
ဖ
B/114495 A·10·12
1200ဝိ/-





မိခင်နိုက်တင်ဂေးနှင့် ဖလောရင့်နိုက်တင်ဂေး (ရပ်လျက်) ကို
ညီမပါသီနှင့် ၁၈၂၈ ခုနှစ်က တွေ့ရစဉ်

အသုံးမကျဟုပင် ခံစားနေရသည်။ သူသည် အထီးကျန်လျက် မျှော်လင့်ချက်မဲ့မှုကို ဖြတ်ကောက်လိုစိတ်လည်း ပြင်းထန်လျက်ရှိသည်။ သူ၏ခွန်အားနှင့် ထက်မြက်သော စိတ်ဓာတ်တို့ကို အသုံးပြုချင်သည်။ သူ့ပတ်ဝန်းကျင်မှ ကမ္ဘာကြီးအတွက်အများကြီး လုပ်ဆောင်နိုင်မည်ဟု သူယုံကြည်နေသည်။ နာခံသော သမီးတစ်ဦးအဖြစ် ထိုလေးနက်မှု မရှိသော ဘဝတစ်ခုထဲမရောက်အောင် သူမည်သို့ရှောင်ရှားမည်လဲ။ အိပ်မက်ကမ္ဘာတစ်ခု ထဲသို့ ဝင်၍ ပို၍လွတ်မြောက်အောင် ကြိုးစားပါသည်။ သူ့ခံစားချက်တို့ကို သူငယ်ချင်း

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်
SARPAY BEIKMAN PUBLIC LIBRARY

များ ထံစာရေးသည်။ သူ့နှလုံးသားမှ ကိုယ်ပိုင်ခံစားချက်တို့ကို ဖွင့်အန်ခြင်းပင်။ သူ့ကို ဖိစီးနှိပ်စက်လျက်ရှိသော မကောင်းဆိုးဝါးသဖွယ်အကြောင်းတို့ကို ဖွင့်ထုတ်ပြခဲ့သည်။

အစ်မပေါ်လီသည်လည်း အဆင်မပြေခဲ့ချေ။ မိခင်ဖြစ်သူနှင့်တူလာပြီး ပန့်ချိခန်းတွင်းမှ လူ့အဖွဲ့အစည်း၌သာ ပျော်ရွှင်နေတတ်သည်။ သူ့ကိုကြည့်ရသည်မှာ ဖလောရင့်၏ ထက်မြက်သည့် စူးစမ်းစိတ်နှင့် ခေါင်းဆောင်မှုတို့အပေါ် ခံပြင်းနေဟန်ရှိသည်ဟုထင်ရသည်။ ပါသီသည် ဖလို၏ ပတ်ဝန်းကျင်သို့ လိုက်ရသည်ကို ပျော်ရွှင်လာသော်လည်း ထိုအခြေအနေကို ဖလိုက စိတ်မဝင်စားပေ။

ထိုကာလသည် ကသောင်းကနင်းကာလဖြစ်ပြီး ဖလိုလည်း ထူးဆန်းသော အတွေ့အကြုံတစ်ခုရလိုက်သည်။ ၁၈၃၇ခု ဖေဖော်ဝါရီ ၇ ရက်တွင် ဖလိုက စာစောင်တွင် 'ဘုရားသခင်ကသူ့ကို စကားပြောပြီး သူ့အမှုတော်အတွက် ခေါ်ခဲ့သည်' ဟူသော ဆောင်းပါးကို ရေးသားလိုက်သည်။ သူ့အသက် ၁၇ နှစ်မပြည့်သေးချိန်၌ပင် ခံစားမှုအမြင့်ဆုံးကို ပြခဲ့ခြင်းဖြစ်သည်။ အိမ်မက်ကမ္ဘာထဲ၌ သူရှိနေသော်လည်း စကားလုံးတို့က အစစ်အမှန်ပင်။ သူ့အတွက်မျှော်လင့်ချက်လည်း ပေးစွမ်းနိုင်သလို နေသာထိုင်သာလည်း ရှိသွားသည်။ ဘုရားသခင်သည် ယုံကြည်စိတ်ချရသော တိုက်ရိုက်ခွန်အားပေးနိုင်မည့်သူ ဖြစ်နေသည်။ ဘာသာရေးဆိုင်ရာခံစားချက်တို့ ရှုတ်တရက်တိုးတက်များပြားလာသဖြင့် အကူအညီလိုအပ်နေသော အိမ်အနီးမှ ကျေးရွာတွင် သုံးလခန့်ပြင်းပြင်းထန်ထန် သူအလုပ်လုပ်ပေးခဲ့သည်။

ဖလို၏ ပြဿနာတို့မှာ မိခင်ဖြစ်သူ၏ စီမံကိန်းတို့ကိုတော့ ရပ်တန့်အောင် မတတ်နိုင်ခဲ့ချေ။ သူက ညီအစ်မနှစ်ဦးလုံးကို လူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်နိုင်ရန်နှင့် လူမှုရေးရာတို့ကို ထူးချွန်ပြောင်မြောက်စွာ လုပ်နိုင်သူများဖြစ်လာစေရန် လုပ်ဖို့ သံန္နိဋ္ဌာန်ချထားသည်။ လန်ဒန်ရှိ အိမ်တွင် မစ္စနိုက်တင်ဂေးမရှိလျှင် အမ်ဘာလီပေဟာတွင် အချိန်အခါအရ ပြုလုပ်သော အခမ်းအနားတို့သို့ ရောက်နေ၍ဟုပြောနိုင်သည်။ မစ္စတာနိုက်တင်ဂေးက အိမ်ကြီးကို အပိုအိပ်ခန်းခြောက်ခန်း၊ မီးဖိုခန်းသစ်များ၊ ပြန်မွမ်းမံထားသော အပြင်ဧည့်ခန်းတစ်ဆောင် အလှဆင်ထားသော အတွင်းခန်းပါ ထည့်သွင်းရန်စီစဉ်ထားသည်။ ထိုသို့ပြန်လည်မွမ်းမံနေချိန်တွင် ဆူညံမှုတို့ကို ရှောင်ရန် နိုက်တင်ဂေးမိသားစုတို့ အီတလီနှင့် ပြင်သစ်ကို အနားယူအပန်းဖြေခရီးထွက်ရန် စီစဉ်ခဲ့သည်။

ဖလောရင့်အတွက်သည်း အပြည့်အဝခံစားနိုင်သော နိုင်ငံခြားခရီးဟု ဆိုရမည်။ ၁၈၃၇ စက်တင်ဘာ ၈ ရက်တွင် ထိုခရီးစခဲ့သည်။ သူနာပြုဂါလီနှင့် အိမ်ပေါ်ပြင်သစ်သူ သီဒီးစ်တို့လည်းပါဝင်သည်။ ဆောက်သမ်ထန်မှ ပြင်သစ်လီဟာဗေးသို့ ခရီးဖြစ်သည်။ ကိုယ်ပိုင်မြင်းရထားဖြင့် ပြင်သစ်ကို ဖြတ်၍အီတလီကို ခရီးဆက်သည်။



RAJ DUBAN MAJHER TAMBAS



ဖလောရင့်နှင့် ပါသီတို့ လူအဖွဲ့အစည်းထဲ၌ ကြီးပြင်းလာစဉ်

ပါသီက ဘေး၌ အောက်ခံပြားပေါ်တွင် ပုံကြမ်းတို့ဆွဲရင်းလိုက်သည်။ ဖလောရင့် က ဘုရားရှိခိုးကျောင်း၊ လမ်းရှုခင်းစသော ပုံကြမ်းတို့ လှအောင် ဖြည့်စွက်ပေးသည်။ ဖလောရင့်က စာရေးသူနှင့် အသေးစိတ် မှတ်တမ်းတင်သူဖြစ်သည်။ မြို့တစ်မြို့စီသို့ရောက်ခဲ့သောအချိန်နှင့် ထွက်ခွာသည့်ကာလ၊ ယင်း၏လူဦးရေ၊ အခြားတစ်မြို့နှင့် အကွာအဝေးတို့ကို မှတ်စုရေးထားသည်။ လည်ပတ်ခဲ့သော ဘုရားကျောင်းနှင့် ပြတိုက်များ၊ ကျေးလက်မှ လှပသော နေရာများကိုလည်း ဖော်ပြထားသည်။ လမ်းမများပေါ်မှ များပြားလှသော သူတောင်းစားများ၊ အိမ်နီးချင်းနိုင်ငံမှ ကျယ်ပြန့်သော ဆင်းရဲမှုများလည်း မကျန်ပေ။

မြင့်မားသော လူ့အဖွဲ့အစည်းအလွှာတွင်းမှ စိတ်လှုပ်ရှားမှုများကို နှစ်မြိုက်သော်လည်း လူမှုရေးအခြေအနေများကို သတိပြုစဉ်းစားမှုတိုးလာခဲ့သည်။ သူ၏ဘဝမှာ အော်ပရာပြဇာတ်ဖျော်ဖြေမှုနှင့် အကတို့ထဲ၌ လှည့်လည်လျက်လည်း ရှိပေသည်။ အော်ပရာတို့က သူ့ကို ဖမ်းစားနေသည်။ သူသည်ဂီတကို ရှူးသွပ်ကြောင်းလည်း ဝမ်းကွဲညီအစ်မ ဟီလာရီထံရေးသောစာ၌ဖော်ပြခဲ့သည်။ သူမွေးဖွားရာမြို့ ဖလောရင့်ရောက်သောအခါ ဂီတသင်ခန်းစာများ သင်ယူခဲ့သည်။

အီတလီက နောက်ထပ် စိတ်လှုပ်ရှားမှုတစ်မျိုးကို အပြည့်အဝပေးသည်။ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေသော လူများ အဖမ်းခံရသည်။ သူ၏ပြည်နယ်များအတွင်းမှ နိုင်ငံတစ်ခုဖန်တီးဖို့ ရုန်းကန်နေသည်။ ဖလောရင့်လည်း နိုင်ငံရေးအဖြစ်အပျက်များကို စိတ်ဝင်စားလာခဲ့သည်။ အီတာလျံသမိုင်းစာအုပ်များလည်း ဖတ်ရှုခဲ့သည်။ တော်လှန်ရေးခေါင်းဆောင် ဂူဇက်ပီမာဇီနီမှာ သူလေးစားသော သူရဲကောင်းတို့ထဲ၌ ပါဝင်သည်။ အဖမ်းခံရာမှ လွတ်မြောက်လာသော မာဇီနီက သူ့လူမျိုးများနှင့် ပြည်ပသို့ တိမ်းရှောင်သွားသည်။ နိုက်တင်ဂေးမိသားစုမှာ အီတလီမှ ထွက်ခွာပြီး ဆွစ်ဇာလန်ဂျနီဗာသို့ ရောက်သွားသည်။ သူတို့အီတလီပြည်ပြေး အစည်းအရုံးဝင်တို့နှင့် တွေ့သည်။ ဖလောရင့်မှာ အီတလီမျိုးချစ်တို့ပြောပြသော ဇာတ်လမ်းများနှင့် သူတို့၏ပြည်ပြေးဘဝကို နားထောင်ခဲ့ရသည်။ သူ၏ ငယ်ရွယ်သော စိတ်ဓာတ်တွင် သူတို့၏ စွန့်လွှတ်မှုမီးတောက်ကို ထွန်းညှိခဲ့သည်ဟု ဆိုရမည်။ အံ့ဩဝမ်းမြောက်ဖွယ် ဘဝမျိုးဖြစ်ရန် နိုင်ငံတစ်ခုအတွက် တစ်ဦး၏ ဘဝပေးရသည်ဟု မှတ်ယူရသည်။ ဂျီနီဗာမှ သူတို့မိသားစု ပဲရစ်သို့ ထွက်ခွာပြီး ဆောင်းရာသီနားခိုရန် ပန်ဒိုမီအရပ်ရှိ ခမ်းနားသော အခန်းတို့၌ တည်းခိုကြသည်။ စာမြင့် ကြိုတင်မိတ်ဆက်ထားသော မာရီကလပ်နှင့် နိုက်တင်ဂေးမိသားစုတို့ တွေ့ဆုံကြပြီး ကာလတစ်ခုကြာ ပဲရစ်ရှိ အိမ်၌ နေထိုင်ခဲ့သည်။ သာမာရိုးကျမဆန်သော ဒွက်လာက်ဖျတ်လတ်သော ကလာကီဟု ဖလောရင့်က အမှတ်ရနေသည်။ ပဲရစ်သည် ဖလို(ဖလောရင့်)နှင့်ပါသီတို့ညီအစ်မအတွက် စိတ်လှုပ်ရှားဖွယ်ရာ

များရှိခဲ့ပြီး စာရေးဆရာများ၊ အနုပညာရှင်များ၊ နိုင်ငံရေးသမားများနှင့် မိတ်ဆွေဖြစ်ခဲ့ပေသည်။ ထိုထဲ၌ပါဝင်သော ပညာရှင်ဂျူလီယက်မိုနှင့် မစ်ကလာ့ခ်တို့ နောက်ပိုင်း၌ လက်ထပ်ခဲ့သည်။

ထူးချွန်သော ပညတတ်အသိုက်အဝန်းနှင့် သိကျွမ်းခြင်းဖြစ်သလို ထိုလူမှုရေးရာအောင်မြင်မှုတို့က ဖလောရင့်အတွက် တောက်ပသော စိတ်လှုပ်ရှားဖွယ် တစ်ခုဖြစ်ခဲ့သည်။ သူ့အတွက် တုန်လှုပ်ဖွယ် ထိုထိတွေ့မှုက တစ်စိတ်တစ်ပိုင်းအားဖြင့် လူ့အဖွဲ့အစည်း၏ အလင်းရောင်တို့ဖြစ်သည်ဟု သူထက်သန်စွာ စဉ်းစားမိပေသည်။

■

(၄)

## ကျယ်ပြန့်သောကမ္ဘာ

အင်္ဂလန်သို့ပြန်ရောက်ပြီးသောအချိန်၌ ဖလောရင့်၏ဘဝမှာ ညည်းခံဖျော်ဖြေမှုတို့ထဲမှာ တဖိတ်ဖိတ်တောက်ပနေလျက်ရှိသည်။ နိုက်တင်ဂေးတို့ လန်ဒန်တွင် သီတင်းပတ်အတန်ကြာနေထိုင်စဉ် ဖလောရင့်နှင့် ပါသီတို့ညီအစ်မ ဘုရင်မမွေးနေ့ ပွဲတော်ခန်းသို့ တက်ရောက်ခွင့်ရသည်။ ဖလောရင့်က ပဲရစ်မှဝယ်လာသော နှစ်လိုဖွယ်အဖြူရောင်ဂါဝန်နှင့် တက်မည်ဟုဆိုရာ မိဘများနှစ်ခြိုက်စွာ ခွင့်ပြုလိုက်ကြသည်။

ထိုသီတင်းပတ်များ၌ အခမ်းအနားတို့မှ တီးမှုတ်သံတို့မပြတ်ပေ။ စိတ်လှုပ်ရှားဖွယ်ပါတီတစ်ခုမှတစ်ခု တက်နေကြသောအဖွဲ့ထဲ၌ ဖလောရင့်နှင့် ဝမ်းကွဲညီအစ်မ မာရီယန်နီနီကိုးလ်အပါအဝင်ပါသည်။ ပန်းချီပြပွဲများ အော်ပရာများ ဖက်ရှင်အဝတ်အစား စုဝေးပွဲများဖြစ်သည်။ မာရီယန်နီနှင့် ဖလောရင့်လည်း အကြီးအကျယ်ခင်မင်သွားသည်။ မာရီယန်နီက နှစ်လိုဖွယ်ကောင်းပြီး ပင်ကိုဟန်က ဆွဲဆောင်နိုင်သလောက် စိတ်အပြောင်းအလဲမြန်သည်။ တစ်ခဏတာ စိတ်လက်ချမ်းသာကြင်နာစိတ်ရှိနေရာမှ နောက် တစ်ချိန်၌ စိတ်မပင်စားသော အေးစက်သော အခြေအနေဖြစ်သွားတတ်သည်။ မာရီယန်နီ၏ အစ်ကို ဟင်နရီနှင့်ပတ်သက်ပြီး သူတို့၏ဆက်ဆံရေးရှုပ်ထွေးသွားသည်။ သူကဖလောရင့် ကို ချစ်ကြိုက်မိ၍ လက်ထပ်ခွင့်တောင်းသည်။ သို့သော်ဖလောရင့်က သူ့အားငြင်းပယ်သည်။ ထိုအခါ မာရီယန်နီက စိတ်ဆိုးဒေါသဖြစ်၍ သူတို့ဆက်ဆံရေးလည်း ပြတ်တောက်ခဲ့သည်။ ဖလောရင့်၏ ခံစားမှုအပြောင်းအလဲကလည်း အလွန်

အကျွံ ဖြစ်တတ်သည်။ ပျော်ရွှင်နေရာမှ စိတ်ပျက်အားငယ်သွားခြင်းမျိုးပင်။

ထိုအခါ၌ သူကိုယ်တိုင်ပြန်လည်မွမ်းမံထားသော အမ်ဘလေအိမ်သစ်သို့ လန်ဒန်ပွဲရာသီမှ ပြန်လာသော မိသားစုနှင့် ဝင်ရောက်စေခဲ့သည်။ ထိုအချိန်၌ ခြံဝင်းကြီးကို ပန်းမန်များနှင့် မွမ်းမံတန်ဆာဆင်ပြီးဖြစ်ရာ ယခင်ထက်ကျယ်ပြန့်သော ပန်းခြံနှင့် ရှည်လျားထူထပ်သော မြက်ခင်းပြင်ကြီးပင်ဖြစ်နေပြီ။ သစ်ပင်အိုကြီးများ ရာသီအလိုက် ပန်းများ၊ ကျေးငှက်များနှင့် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှသည်။ ဖလောရင့်နှင့်ပါသီတို့က ကုလားထိုင်ဖုံးစွပ်ရန် အထည်များကို ရွေးချယ်ပေးရသည်။ သူတို့သည် နိုင်ငံခြားမှ ပေးပို့သော ကော်ဇောနှင့် လိုက်ကာများကို နှစ်သက်ကြသည်။ ပါသီအတွက် အမ်ဘလေအိမ်သစ်သည် အလွန်လှပသည်။ ဒေဝိဥယျာဉ် သို့မဟုတ် နတ်ဗိမာန်ဟုတင်စားခဲ့သလို ဖလောရင့်ကလည်း အလုမ်းလျှံဟု ဖွဲ့နွဲ့သည်။ ညီမဝမ်းကွဲ ဟီလာရီထံရေးသောစာ၌ ကျေးငှက်သံတို့က နတ်သမီးတို့က သူ့ကို ခေါ်နေသလို ယင်းတို့၏ သီချင်းသံများကလည်း အစချီတာ ရေးသားခဲ့သည်။

စိတ်လှုပ်ရှားဖွယ်အချိန်တို့ လွန်မြောက်ပြီးနောက် ၁၉ နှစ်အရွယ်သို့ ရောက်လာသည်။ ကြည့်လိုက်လျှင် အနာဂတ်က မျှော်လင့်ချက်မဲ့ဆဲဖြစ်သည်။ ထိုအချိန်၌ ဘဝတွင် ကွက်လပ်ဖြစ်နေသည်တို့ကို ဖြည့်ပေးသူက ထရိုဗီအာဖြစ်သည်။ အမ်ဘလေဟောတွင် ပြင်ပတွင် ဖြစ်နေသော ပြောင်းလဲရန် ရုန်းကန်မှုတို့တွင် သူကဝင်နေရာမှ ပါဝင်လိုခဲ့သည်။ သို့သော်ရိုးရာအစဉ်အလာတို့ကို ထိန်းသိမ်းရင်းသူ၏ လက်ရှိနေရာတွင်သာနေရရှာသည်။ တစ်ချိန်တည်း၌ လူမှုရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုတို့၌ ရုတ်တရက်ပြောင်းလဲမှုတို့ ပေါ်ပေါက်လာသည်။

အင်္ဂလန်တွင် စက်မှုတော်လှန်ရေးက လူနေမှုစနစ်သစ်တစ်ခုကို မွေးဖွားလိုက်သည်။ ကြီးမားသော အလယ်အလတ်အလွှာတို့တွင် ကုန်သည်များ၊ စီးပွားရေးလုပ်ကိုင်သူများနှင့် အလုပ်သမားလူတန်းစား အလွှာတို့ပါဝင်သည်။ ဖလောရင့်တို့နေထိုင်ရာ အင်္ဂလန်မြောက်ပိုင်းဒါဘီရှိုင်းယား ချိုင့်ဝှမ်းမှာ များစွာစိတ်ကူးယဉ် ဆန်နေသည်။ စက်မှုမြို့များစွာရှိ၍ အထည်စက်ရုံများ၊ ကျောက်မီးသွေးမိုင်းများ၊ သံမဏိနှင့် စက်မှုဆိုင် များရှိကြသည်။ ဖလောရင့်မှာ ချို့တဲ့သော အိမ်များမှ အလုပ်သမားများ၊ ဖျားနာမှုနှင့် ဆာလောင်မှုတို့ကြောင့် နာကျင်စွာ ညည်းညူနေသော ကလေးများနှင့် ရင်းနှီးနေပြီဖြစ် သည်။

ပြင်ပကမ္ဘာ၏ အခြေအနေကိုလည်း လျင်မြန်စွာ သတိထားမိလာသည်။ စက်ရုံများမှ အလုပ်သမားများဖြစ်သော အမျိုးသား၊ အမျိုးသမီး၊ ကလေးများမှာ တစ်နေ့လျှင် ၁၂ နာရီမှ ၁၄ နာရီအထိ အလုပ်လုပ်နေကြရသည်။ ထို့နောက် ငယ်ရွယ်စဉ်မှာပင် ကူးစက်သော ရောဂါတို့ဖြင့် သေဆုံးကြသည်။ ၁၈၄၀အစောပိုင်းတွင်

ထောင်ပေါင်းများစွာသောသူများ ထိုသို့ခံစားနေကြရသည်မှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းလှပြီး ထိုကာလကို 'ဆာလောင်သော နှစ်များ' ဟုခေါ်ခဲ့ကြသည်။

အထူးသဖြင့် ကလေးလုပ်အားကို အသုံးပြုသည်က ဝမ်းနည်းကြေကွဲဖွယ်ဖြစ်သည်။ အသက်ငါးနှစ်မှ ခြောက်နှစ်အရွယ်ကလေးများတို့မှာ ရုံပန်ရုံခါ၌ မတော်တဆဖြစ်မှုကြောင့် ဆိုးရွားစွာ ထိခိုက်မှုများကြောင့် ယေဘုယျ၌ မသန်စွမ်းသော ဝေဒနာတို့ကို ခံစားကြရသည်။ ထိုကြောက်မက်ဖွယ်အခြေအနေများကို လူအများအသိရှိနိုးကြားလာသည်။ ကဗျာဆရာမအဲလီဇဘက်ဘားရက်က ကလေးလုပ်သားတို့အခြေအနေကို သူ၏ ကဗျာဖြစ်သော ''ငိုကြွေးနေသော ကလေးများ'' ဟူသည့် ကဗျာထဲ၌ ''ဘာအတွက်လဲ



ဆင်းရဲသားတို့ ဘဝအခြေအနေနှင့် ကြောက်မက်ဖွယ်ရာ
အလုပ်လုပ်နေကြရပုံကို ရေးသားခဲ့သော စာရေးဆရာ ချားလ်ဒစ်ကင်

ပြောလိုက်ပါကလေး ငါတို့ဝတ်ဖို့အတွက်နဲ့ မင်းတို့မပြေးနိုင် မခုန်နိုင်တော့ဘူးလား။ နေ့တိုင်းပဲ ငါတို့မောပန်းစွာကုန်တွေကို ဆွဲယူထမ်းပိုးနေရတယ်။ မှောင်မိုက်တဲ့ ကျောက်မီးသွေးမိုင်းရဲ့ မြေအောက်လမ်းတွေကို ဖြတ်သန်းရင်းပေါ့ ဒါမှမဟုတ် နေ့တိုင်းပဲငါတို့သံလှည်းတွေကို တွန်းနေရတယ် စက်ရုံတွေထဲမှာ တစ်ပတ်ပြီးတစ်ပတ်ပေါ့'' ဟုဖေါ်ပြခဲ့သည်။

သူတို့၏ စာအုပ်စင်ရှိ အခြားစာရေးဆရာများ၏ စာအုပ်များနှင့်လည်း ဖလောရင့်ရင်းနှီးလာသည်။ ချားလ်ဒစ်ကင်၏ စာအုပ်များကို ဖတ်ခဲ့သည်။ အလုပ်သမားလူတန်းစားအလွှာ၏ ဆိုးရွားသောဘဝကို ရေးဖွဲ့ထားသော Hard Times နှင့် အခြားစာအုပ်များဖြစ်သည့် Oliver Twist နှင့် Nicholas Nickelby တို့မှာလည်း ဆင်းရဲသော ကမ္ဘာမှ စိတ်ဆင်းရဲဖွယ်ရာတို့ကို ဖေါ်ကျူးခဲ့ခြင်းဖြစ်သည်။

အလုပ်သမားများ အပြင်ထွက်ဆန္ဒပြကြပြီး အလုပ်သမားသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းမိပြီးနောက် သူတို့၏ အခြေအနေများတိုးတက်လာခဲ့သည်။

မကျေနပ်ချက်များ နေရာအနှံ့ အလွန်ပျံ့နှံ့စွာ ဖြစ်နေသည်တို့ကို ရှာတွေ့နိုင်သော နည်းလမ်းက နိုက်တင်ဂေး၏ ပုံဆွဲခန်းထဲသို့ ရောက်လာသည်။ အထက်တန်းလွှာတို့ တစ်စုံတစ်ခုကို ပြုလုပ်ရန် သဘောတူလိုက်ပြီးတွင် ဖြစ်သည်။ လူများစွာက စားသောက်ကုန်ဈေးနှုန်းများ လျှော့ဖို့တိုက်တွန်းနေကြသည်။ ဆရာဝန်များကလည်း မြို့များမှ ဆင်းရဲသားရပ်ကွက်တို့၌ ပျံ့နှံ့နေသော ရောဂါများကို စစ်ဆေးရန်ကြိုးစားနေကြချိန်ဖြစ်သည်။ မစ္စတာနိုက်တင်ဂေး၏ မိတ်ဆွေတစ်ဦးဖြစ်သော လော့ဒ်ရှက်တက်စ်ဘူရီက အထည်စက်ရုံများရှိ အမျိုးသမီးများနှင့် ကလေးများ၏ အလုပ်ချိန်ကို လျှော့ချဖို့တိုက်ပွဲဝင်ရန် ဦးဆောင်လိုက်ခြင်းပင်ဖြစ်သည်။

ဖလောရင့်လည်း သူ့အဒေါ်ဂျူလီယာဆီသို့ သွားသည်။ ဂျူလီယာက မိခင်၏ ညီမအပျိုကြီးဖြစ်သည်။ ဖလောရင့်နှင့် ဝမ်းကွဲညီမဟီလာရီတို့ သူတို့ချစ်သောအဒေါ် ထိုကိစ္စတွင် ပါဝင်ဖို့ဖြစ်သည်။ သူတို့အသိုက်အဝန်းတွင် အသိပညာပြည့်စုံပြီး အမြင်ကျဉ်းသူတို့နှင့် ဆန့်ကျင်ဘက်ပုန်ကန်လိုစိတ်ရှိပြီး အများကြားသတ္တိရှိသူဖြစ်၍ သူတို့၏ရပိုင်ခွင့်အတွက် တိုက်ပွဲဝင်ကြသည်။ အဒေါ်ဂျူလီယာက တူမများကို ထိန်းထားပြီး တစ်စုံတစ်ရာပြုလုပ်ခဲ့သည်။ အမေရိကန်အမျိုးသမီးအခွင့်အရေး ပြုပြင်ပြောင်းလဲရေးဦးဆောင်သူ လူခရီတီယာမော့ထ် အကြောင်းကြားအသိပေးလိုက်ခြင်းဖြစ်သည်။ ၁၈၄၀ ဇွန်လတွင် လန်ဒန်သို့ရောက်လာသော အမေရိကန်ကိုယ်စားလှယ်အဖွဲ့တွင် သူပါလာသည်။ ဗြိတိသျှနှင့် ပြည်ပကျွန်စနစ် ဖျက်သိမ်းရေး အစည်းအရုံး၏ ဖိတ်ကြားချက်အရ လန်ဒန်သို့ ညီလာခံတက်ရန်လာသော ကိုယ်စား



စက်ရုံများရှိ အမျိုးသမီးများနှင့် ကလေးများအခြေအနေ
မြှုပြင်ပြောင်းလဲရန် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ လော့ဒ်ရှက်တက်စ်ဘူရီ

လုပ်အဖွဲ့တွင် ပါသောခြင်းပင်။ ကိုယ်စားလှယ်အဖွဲ့ဝင် ၇ ဦးထဲမှ အမျိုးသမီးလေးဦးတွင် တစ်ယောက်အပါအဝင်ဟု ဆိုရမည်။ အင်္ဂလိပ်ကိုယ်စားလှယ်အမျိုးသားတို့က အမျိုးသမီးများစကားပြောဆိုခွင့်နှင့် ပါဝင်ဆွေးနွေးခွင့်ပေးရန် ငြင်းဆိုကြသည်။ ဘုရားသခင်၏ အလိုတော်နှင့် ဆန့်ကျင်၍ နိုင်ငံ၏ အစဉ်အလာနှင့် စည်းမျဉ်းများကို ချိုးဖောက်အကြည်ညိုပျက်စေ သောကြောင့်ဟု သူတို့ဖိတ်၍လာသူများကို ထိုသဘောထားပြောလေသည်။ ထိုအချက်အလက်ကပင် သူတို့၏ ဆုံးဖြတ်ချက်ကို နိုင်မာအောင် အားပေးသကဲ့သို့ရှိသည်။ လန်ဒန်ရှိ အမျိုးသမီးများဆွေးနွေးရန် စီစဉ်ပေးရာ ဝတ်ပြုဆု တောင်းပွဲပြုလုပ်ရာ ပကက်ဖောင်းပေါ်တွင် မစ်မော့စကားပြောခွင့်ရသည်။



အမေရိကန် အမျိုးသမီးအခွင့်အရေး ပြုပြင်ပြောင်းလဲရေး
လှုပ်ရှားခဲ့သူ လူခရီတီယာမော့

ပရိသတ်ထဲမှာ အဒေါ်ဂျိန်းနှင့် ဂျူလီယာတို့လည်း ပါသည်။ ဖလောရင့်နှင့် ပါသီတို့ ထိုနေရာသို့ မရောက်သော်လည်း အဆိုပါ ကွေကာစည်းဝေးပွဲကို သူတို့ထောက်ခံကြသည်။ တိုးတက်သောအသိုက်အဝန်းတွင် ကြီးပြင်းလာသော ဖလောရင့် အိမ်တွင်နေရသော်လည်း နားခိုရာကို တွေ့လာခဲ့သည်။ သူ့အသက် ၂၀ ရောက်ချိန်ဖြစ်ပြီး ဘဝမှာ မှောင်ရိပ်ုတဝါး အနားမရဘဲ အသုံးမဝင်သော ဘဝမှ လွတ်မြောက်ရာကို ရှာလိုခဲ့သည်။ သူ့အမြင်အတွက် သူမိသားစု၏နားလည်မှုကို အနိုင်ရအောင် လုပ်ရန်လည်း ဆုံးဖြတ်ခဲ့ သည်။ ဘာသာရေးနှင့်ပတ်သက်၍လည်း စဉ်းစားခဲ့သည်။ ကက်သိုလစ်ဘာသာဝင်အဖြစ် ပြောင်းလဲရန်ကောင်းမည်လား သို့သော်ယင်းမှာ အဖြေမဟုတ်သေးဟု လက်ခံခဲ့သည်။ သူတွေးသည်မှာ . သူသာယောကျ်ားတစ်ဦးဖြစ်ခဲ့လျှင် ခရစ်ယာန်

ဘုန်းကြီးဖြစ်၍ ဘာသာရေးအလုပ်တို့၌ ပါဝင်လျှောက်လှမ်းရမည်လား သို့မဟုတ် ကောလိပ်တစ်ခု တက်ရောက်ပြီး စာတော်သော ပညာသင်တစ်ဦးဖြစ်လာမလား စသည်ဖြင့်ပင်။

စနစ်တကျလေ့လာသင်ယူမှုက သူအားနောက်ဆုံးအကျပ်အတည်းကို လွတ်မြောက်ရန် အကူအညီပေးခဲ့သည်။ အဒေါ်မိုင်က ထိုကိစ္စအတွက်စံပြဖြစ်သည်။ ဖလောရင့်သင်ကြားလိုသော သင်္ချာဘာသာကို ဆောင်ရွက်ပေးရန် သူ့တွင်ဆန္ဒရှိနေသည်။ ပထမဆုံးအမျိုးသမီးနှစ်ယောက်စတင်ပြီး သူတို့၏ လေ့လာမှုကို နံနက်စော စောတွင် ပြုလုပ်ကြသည်။ နောက်ပိုင်းနေ့များတွင် ဖလောရင့်အဒေါ်ကျိန်းထံသို့ သွားရောက်သည်။ သင်္ချာဆရာကို သူက ခေါ်ဆောင်ထားသည်။ ၁၈၄၀ ပြည့်နှစ် မေလများတွင် သင်္ချာသင်ခန်းစာများကို တစ်ပတ်လျှင် နှစ်ကြိမ်သူသင်ကြားရသည်။ ထိုသို့ရည်မှန်းချက်ကျော်လွန်အောင် ကြိုးစားနေစဉ်ကာလတွင် မစ္စနိုက်တင်ဂေးမှာ ဖလောရင့် အိမ်အလုပ်များ ဂရုမစိုက်ဘဲနေသည်ကို စိုးရိမ်လာသည်။ ထို့နောက် သင်္ချာက သူ့အတွက် ဘာလုပ်ဖို့လိုမယ်နည်းဟု တွေးသည်။ အမ်ဘလေကတော့ ပုံမှန်အတိုင်း တိုတောင်းသော အချိန်အတွင်းပါတီပွဲများ ပြုလုပ်နေသည်။ ဖလောရင့်၏ သူငယ်ချင်း ကလော့ကေးမှာ အိမ်၏ဧည့်သည်အဖြစ်ရောက်နေသည်။ ဖလောရင့်မှာ စိတ်ပျက်ငြီးငွေ့နေလျှက် ဧည့်သည်များကြား မပေါ်လွင်ပေ။ သူ၏အလွန်ကောင်းမွန်သော ဆွဲဆောင်မှု၊ အောင်မြင်မှု၊ တင့်တယ်လှပမှု၊ တစ်စုံတစ်ဦးအတွက် ပေါ်လွင်မှုတို့မှာ ပညာသင်ကြားမှု ဖြစ်သည်ဟု ထိုတွင်မြင်လေသည်။ သူ၏ ပြင်းထန်စွာကြိုးစားမှုအကြောင်း ကိုယ်ရေးမှတ်စု၌ 'အားလုံးကို ငါပြီးအောင်လုပ်နိုင်ခဲ့ရင် ကြည်ညိုလေးစားမှုကို ရနိုင်မှာပဲ' ဟုရေးသားခဲ့သည်။

သူအသက် ၂၂ နှစ်တွင် ကဗျာနှင့်စာရေးဆရာ ရစ်ချက်မိုနက်တန် မိုင်းနက်နှင့် ဆုံသည်။ မိုင်းလ်နက်စ်၏ အသက်က ၃၃နှစ်၊ ငယ်ရွယ်သော အကျဉ်းသားများ၏ အကျဉ်းထောင်အတွင်း ကျခံရမှုအခြေအနေပြောင်းလဲရေးအတွက် လှုပ်ရှားနေသူဖြစ်သည်။ ယင်းတို့ကို ခွဲခြားပြီး သီးခြားထားနိုင်ရန် အဆိုအမာထောက်ခံသူဖြစ်သည်။ အမ်ဘလေသို့ မကြာခဏ လာရောက်လည်ပတ်တတ်သော မိုင်းလ်နက်စ်သည် ဖလောရင့်ကို ချစ်ကျွမ်းဝင်ခဲ့သည်။ နှစ်များစွာကြာသည်အထိ ဖလောရင့်ကို သူချစ်မြတ်နိုးခဲ့သည်။ ဖလောရင့်ကလည်း သူ၏ အဖော်ဖြစ်ရသည်ကို ကျေးဇူးတင်ခဲ့ သည်။ သူကလည်း မိုင်းနက်ကို ချစ်ခင်ခဲ့ ပုံလာခဲ့သည်။ ကြီးမားသော မေတ္တာဖြင့် တောင့်တခဲ့မှုက သူ့ကို ရိုက်ခတ်ခဲ့သည်။ သူ၏ ခံစားရမှုကို ဖြည့်စွမ်းနိုင်သော တစ်စုံတစ်ရာကို ရှာဖွေခဲ့သည်။ မိုင်းလ်နက်စ်က သူ၏လက်ထပ်ရန်ကမ်းလှမ်းမှုကို အဖြေပေးရန် တောင်းခံခဲ့ချိန်တိုင် အောင်ဖြစ်သည်။ ဖလောရင့်အဖို့မှာလည်း ဒိုက်ချတုံဖြစ်လျက်ရှိသည်။ ဖလောရင့်မှာ

သူ့အဖြေအတွက် သဘောကျွဲလွဲပြီး နာကျင်စွာခံစားနေရသည်။ အဆုံးတွင် မိုင်းနက်စ်ကို ငြင်းဆိုလိုက်သော အဖြေပင်။

သူ၏ဆုံးဖြတ်ချက်က ကိုယ်တိုင်ပင် တကယ်ခံစားခဲ့ရသည်။ သူလက်လျှော့လိုက်ခြင်းကို ကိုယ်တိုင်နားလည်သည်။ သူလက်ထပ်ခဲ့လျှင် အထက်တန်းလွှာလူစုအတွင်းမှ သူ့နေရာအတွက် ရွှေရောင်အခွင့်အရေးလည်း ဖြစ်သည်။ ထို့နောက် သူရယူလိုသော အရာကိုလည်း သူကောင်းစွာ သိသည်။ ဖြစ်လာနိုင်သောဘဝတစ်ခုမှာ နောက်ထပ် ပုဂ္ဂိုလ်တစ်ဦး၏ တာဝန်များကြောင့် မရှုပ်ထွေးချင်။ ကိုယ်ရေးမှတ်စုထဲ၌ သူလုပ်ဆောင်မှုနှင့် ပတ်သက်၍ရှင်းပြခဲ့သည်။ သူ၏ကိုယ်ပိုင်သဘာဝကို မကျေနပ်သည့် အကြောင်းရေးသားခဲ့ရာတွင် 'သူ(မိုင်းလ်နက်)နှင့် ထူထောင်ရမည့် လူအသိုက်အဝန်းအတွက် တစ်ဘဝလုံး၏ အချိန်များသုံးရမည်။ အိမ်တွင်းရေးရာတို့ကို စီမံဆောင်ရွက်ရ တော့မည်' သူသည် သူ့ကိုယ်ပိုင်ဘဝ၏ အချက်အချာသာ ဖြစ်ချင်သည်။ တစ်စုံတစ်ဦး အတွက်မဖြစ်ချင် စသည်ဖြင့်ပါရှိသည်။

ဗလောရင့်၏ ငြင်းဆိုမှုက မိသားတစ်စုလုံးအပေါ် အကျပ်အတည်း ဖြစ်စေခဲ့သည်။ လက်ထပ်ဖြစ်လျှင် မစ္စတာနိုက်တင်ဂေးမိသားစုမှာ လူမှုရေးနယ်ပယ်၌ ထင်ပေါ်ဦးမည်။ မိသားစု၏ သူ့အပေါ်ဒေါသနှင့် ကိုယ်တိုင်ခံစားရသော နာကျင်မှုတို့က လွတ်မြောက်ရာကို ရှာဖွေခဲ့ပြီး လီရှာသားတို့ကြား၌ စိတ်လက်ချမ်းသာစွာ နေခဲ့သည်။ တောင်ပေါ်မှဆင်း မြို့ထဲသို့ဝင်၍ ဆေးဝါးများ၊ စားစရာများ၊ စောင်များကိုယူဆောင်ခဲ့သည်။

တဲအိမ်ငယ်များအတွင်း နေ့များစွာကုန်လွန်ရင်းဖျားနာသူများကို ကုသပေးခြင်း အသုံးလိုသူများကို ပေးကမ်းခြင်းတို့ ပြုနေခဲ့သည်။ သူနာပြုအလုပ်သည် သူ့ဘဝအတွက် ဖြစ်လျှင် ကျေနပ်အားရနေမည်ဖြစ်သည်။ ကျွန်ုပ်ဝိဉာဉ်က အိမ်၌သာရှိသည်။ တခြားဘယ်ကောင်းကင်ဘုံမှ မလိုချင်။ ဘဝ၏အလင်းရောင် ဘာဆိုသည်ကို လျှပ်တစ်ပြက်မြင်လိုက်၍ ကျေးဇူးတင်ကြောင်းရေးသားခဲ့သည်။

■

## (၅)
## အမှတ်ရစရာကာလ

အမျိုးသမီး၏ နာမည်က ဂျူလီယာဝါ့ဒ်ဟိုဝီ၊ သူမ၏ခင်ပွန်းအမည်က ဆင်မြူရယ်ဂရစ်လေးဟိုဝီ။ ကာလက ၁၈၄၄ ခုနှစ်က ရက်များအတွင်း အဓိဘလေ ဟော၏ ဧည့်သည်များအဖြစ် သူတို့ရောက်နေကြသည်။

ဟိုဝီဇနီးမောင်နှံက အမေရိကန်များ။ ကျွန်စနစ်ဖျက်သိမ်းရေးလှုပ်ရှားမှု၌ တက်ကြွစွာ ပါဝင်ခဲ့သူများပင်။ မစ္စဟိုဝီက အမျိုးသမီးများ၏ မဲပေးခွင့်၊ ငြိမ်းချမ်းရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေးတို့ကိုလည်း အားပေးထောက်ခံသူဖြစ်သည်။ ဒေါက်တာ ဟိုဝီက မျက်မမြင်အဖွဲ့အနားမကြားတို့ကို သင်ကြားပေးသော ကျောင်းတစ်ကျောင်း ကို အောင်မြင်စွာတည်ထောင်ခဲ့၍ ကျော်ကြားသည်။

မစ္စဟိုဝီက အညှော်အဝေး၌ ဖလောရင့်နိုက်တင်ဂေးကိုတွေ့ရသောအ ခါ အတိတ်ကို ပြန်ပြောင်းသတိရမိသည်။ သာမန်အလှထက်တင့်တယ်လှပသူ၊ အရပ်ရှည်၍ ကျက်သရေရှိသော ရုပ်ဆင်းရှိသူ၊ မျက်နှာရိပ်မျက်နှာထားကရွှေ့လျားနေ သလို ထိရောက်စွာဖော်ပြနိုင်သူ စကားပြောဟန်လည်း စိတ်ဝင်စားဖွယ်ကောင်းသူဟု ဖလောရင့် ကိုမှတ်ချက်ပြုသည်။

တစ်နေ့နံနက်စာမစားမီ ဖလောရင့်က ဒေါက်တာဟိုဝီကို တွေ့ဆုံစကားပြော နိုင်ရန် မေးမြန်းခဲ့သည်။ သူမရွေးချယ်ထားသော အလုပ်အကြောင်း ရှင်းလင်းဆွေးနွေး လို၍ဖြစ်သည်။ သူနာပြုအလုပ်ကိုလေ့လာဖို့ဆုံးဖြတ်ခဲ့ပါတယ်ဟု ဖလောရင့်က သူ့အား



The Battle Hymn of the Republic စာအုပ်ရေးသားသူ ဂျူလီယာဝါ့ဒ်ဟိုဝီ

ပြော၍ အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ဘဝကိုမြှုပ်နှံလိုကြောင်း ထိတ်လန့်စရာ တစ်ခုဟု ထင်ပါသလားဟု ဆက်မေးသည်ကို ဒေါက်တာဟိုဝီက ဘာမျှမရှိကြောင်း အလွန်ကောင်းသည့်ကိစ္စဟု ထင်ကြောင်းဖြေကြားခဲ့ပေသည်။

သူနာပြုအတတ်ကို လေ့လာရန်စိတ်ကူးကား ဖလောရင့်ခေါင်းထဲ၌ ရှေ့ကအမြဲ ရှိနေလေသည်။ ဖျားနာနေသူ၏ လက်ကိုဆုပ်ကိုင်အားပေးခြင်းထက် သူနာပြုအလုပ်က များစွာပိုလွန်ကြောင်းကို နားလည်ခဲ့သည်။ ထို့ကြောင့် အသိပညာများ သင်ယူရန် လိုကြောင်းကိုပါ သဘောပေါက်သည်။ မြို့ပေါ်၌ ဆင်းရဲသူတစ်ဦး သေဆုံးသွား သည်ကို သူတွေ့ဖူးသည်။ အကြောင်းက သူ့ကို အကူအညီတောင်းစဉ် ဆေးပညာနှင့် ပြုစုဆောင်ရွက်ပေးရမည့်အကြောင်းကို လုံးဝနားမလည်၍ဖြစ်သည်။

ယဉ်မျိုးစာပေ

သူ၏ ရည်မှန်းချက်က တဖြည်းဖြည်း ရှင်းလင်းလာသည်။ သူ၏ မျှော်လင့်ချက်မဲ့မှုကတော့ ရှိသေးသည်။ ဟိုဝီတို့ထံသို့ စာတစ်ဆောင် သူ၏ အဖွားရှိုးကို စောင့်ရှောက်နေနိုက်တွင် ရေးသားခဲ့ခြင်းပင်။ "မရဏာ၏ အရိပ်လွှမ်းမိုးနေသော အရပ်၌ လမ်းလျှောက်နေရသည်ကို နှစ်သက်ပါသည်။ ထိုနေရာကို သွားပါမည်။ တစ်စုံတစ်ရာသော တိတ်ဆိတ်ငြိမ်သက်ခြင်းကား ထိုတွင်ရှိသည်။ အားလုံးကား လောကီနှင့်ဆိုင်သော ဒုက္ခများတစ်ညီတစ်ညာတည်းရှိနေပေသည်"ဟု ပါရှိသည်။ ဆက်လက်၍ သူနာပြုခြင်းကို ဆောင်ရွက်ရာ နေမကောင်းဖြစ်နေသော မစ္စဂါလီ သက်သာရောရရန်ဖြစ်သည်။ သူကိုထိန်းကျောင်းပြုစုခဲ့သူ မစ္စဂါလီကို အားပေးခဲ့ခြင်းဖြစ်သည်။

၁၈၄၅ ကုန်တွင် သူအသက် ၂၅နှစ်ပြည့်ခဲ့သည်။ အသက်အရွယ်ကြီးလာ၍ ဝမ်းသာကြောင်းကိုယ်ရေးမှတ်စုတွင် ရေးခဲ့သော်လည်း သူက တိုက်ပွဲဝင်လိုသူဖြစ်သည်။ သူစိတ်တွင်းမှ ရဲရင့်သော စိတ်ကူးအကြံအစည်တစ်ခုအကြောင်းကို ဟီလာရီထံရေးခဲ့ရာတွင် "ပုန်းအောင်းနေတဲ့ရတနာကို တူးဖေါ်ရှာဖွေရမှာပဲ၊ ငြိမ်နေရင်တော့ ရှာတွေ့မှာမဟုတ်ဘူး။ ကျွန်ုပ်ရဲ့ချို့တဲ့လှရှာတဲ့ အကြံအစည်အပေါ် သင်ကန့်ကွက်ပိတ်နေရင်တောင်မှ တူးဆွမှာပါ ဆာလစ်ဘူရီဆေးရုံမှာ လအနည်းငယ်အတွင်းဖွင့်တော့မယ့် သူနာပြုသင်တန်းကို သွားတော့မယ်"ဟုပင်။ သူ့စိတ်ကူးက သူနာပြုအတွေ့အကြုံယူပြီး ပြန်လာ လျှင် အမ်ဘလေအနီး အနောက်ဝီလိုတွင် ပရိုတက်စတင့် ခရစ်ယာန်သီလရှင်တစ်ဦးစီမံထားရာ အကူအညီပေးသည့် အိမ်ငယ်လေးတစ်လုံးရှိသည်။ ကက်သလစ်သီလရှင်တို့ကို မလိုလားသူတို့ကို အထူးပြောစရာမလို။ ထိုအိမ်ငယ်လေးတွင် သူနာပြုပညာသင်ယူပြီးသော အမျိုးသမီးတစ်ယောက်အနေဖြင့် လက်တွေ့ကုသပေးနိုင်မည်ဟုဖြစ်သည်။

ဆာလစ်ဘူရီဆေးရုံကို ရွေးခဲ့ခြင်းမှာ အမ်ဘလေနှင့် မိုင်အနည်းငယ်ရှိ၍ပင်။ ထိုပြင်ယင်းရှိဆရာဝန်ကြီး ဒေါက်တာဖောင်လာကလည်း မိသားစုနှင့် ရင်းနှီးသည်။ သူ၏ စိတ်ကူးအကြံအစည်ကို မိဘများအားပြောပြရန် ချီတုံချတုံဖြစ်နေသေးသည်။ သူတို့နားကြည်းဒေါသဖြစ်နိုင်သည်။ ပါသီက စိတ်ကစဉ့်အလျားဖြစ်သွားနိုင်သည်။ သူ၏ ပညာတတ်သမီး ဘာကြောင့်ဤသို့တွေးသည်ကို သူ့ဖခင်လုံးလုံးနားမလည်ပေ။

ဆေးရုံများတွင် သူနာပြုခြင်းကြောင့် နိမ့်ကျသော စရိုက်များနှင့် ရောစပ်သွားခြင်းထက် ကောင်းကွက်ဘာမှမရှိဟု ဖခင်ကမြင်သည်။ သူ၏ဆန္ဒက မီးဖိုချောင်က အိမ်အကူတစ်ဦးဖြစ်ချင်ခဲ့လျှင်ကော ဟု နောက်ပိုင်းတွင် ဖလောရင့်က ပြောသည်။ မိသားစု၏ ဒေါသကို သူနားလည်သည်။ အင်္ဂလန်၌ သူနာပြုအလုပ်မှာ အဆင့်အတန်းမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ကလည်းမရှိပေ။ သိပ္ပံနည်းကျသော စည်းမျဉ်းစည်းကမ်းများ အတည်တကျဖြစ်နေသည့်တိုင် သူနာပြုများကို မသင်ကြားပေးနိုင်သေးခြင်းပင်။

အပြစ်ပေး၍ရအောင် အလုပ်ကိုအများကြီးခိုင်းပြီး ဝင်ငွေရအောင်လုပ်ခြင်းဖြစ်သည်။ သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော ၊ လေဝင်လေထွက်ကောင်းသော ဖျားနာဆောင်များဟူ၍ ကြားပင်မကြားဖူးပေ။ ရုံဖန်ရုံခါခုတင်များမှာ အညစ်အကြေးများနှင့်။ အဆောင်တစ်ခုတွင် အခန်းများ၌ လူနာ ၅၀၊ ၆၀ ပြွတ်သိပ်ထည့်သည်။ ဆိုးရွားသည့် အနံ့အသက်ကြောင့် လူနာများဖျားနာအော့အန်ကြသည်။

ဖလောရင့်မှာလည်း ထိုသို့ဆေးရုံများ၏ သတင်းဆိုးနှင့် ကုသမှုအကြောင်းတို့ကို သိသည်။ သို့သော် သူ့ရည်မှန်းချက်က ယင်းကိုပြောင်းလဲဖို့မဟုတ်။ လူနာများပြွတ်သိပ်ထည့်ထားသော အခြေအနေက ယင်းတို့အကြား လှည့်ပတ်ကြည့်ဖို့ပင် ခက်ခက်ခဲခဲလုပ်ရသည်။ သူကတော့ လက်မလျှော့ခဲ့။ လျှို့ဝှက်သော ဘဝတိုးတက်အောင် ရှည်လျားသော ဆေးပညာလေ့လာမှုများ။ နံနက်စောစော၌ ကျန်းမာရေးအစီရင်ခံစာတို့ ရေးသားခြင်းများ ပြုလုပ်သည်။

ဖြူလွှမ်းရန်စောင်တစ်ထည်မှအစ အသေးစိတ်လေ့လာ၍ Blue Book ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်ပြီး ဗြိတိသျှအစိုးရထံ အစီရင်ခံစာတင်သွင်းခဲ့သည်။ ပဲရစ်ရှိ ကလာကေ၏ခင်ပွန်း မစ္စတာမိုလ်ထံမှ အဆိုပါပစ္စည်းများရရှိသည်။ ထို့နောက် ဂျာမဏီမှလည်း ပစ္စည်းများလက်ခံရရှိရာထိုအချက်က သူ့ဘဝကို ပြောင်းလဲစေခဲ့သည်။ ဘာရွန်းဘွန်ဆန်သည် ပရပ်ရှားသံအမတ်ကြီးအဖြစ် အင်္ဂလန်သို့ရောက်ခဲ့သည်။ အမ်ဘလေကို ဧည့်သည်အဖြစ်လာရောက်သည်။ ဖလောရင့်၏ ဆေးရုံများအပေါ် စိတ်ဝင်စားမှုကို သိလာပြီး ၁၈၄၆ ခုနှစ်တွင် ကိုင်ဇာဝါ့ခေါ် ဒီကွန်နက်ဆက် ဂျာမန်သိပ္ပံသို့ စေလွှတ်ခဲ့သည်။ ပရိုတက်စတင့် ခရစ်ယာန်သီလရှင်များ တည်ထောင်ခဲ့ကြပြီး သင်းအုပ်ဆရာသီအိုဒိုဖလိုက်နာနှင့် သူ၏ဇနီးဖရက်ဒရစ်ကီတို့က ဆင်းရဲသော ဝေဒနာသည်များ အကျဉ်းမှလွတ်လာသူများကို ကုသပေးသလို မိဘမဲ့ကလေးများကိုလည်း ပညာသင်ပေးသည်။ ဒီကွန်နက်ဆက်စ်မှရသည်က စေတနာ့ဝန်ထမ်း အလုပ်သည် သူတို့၏ ခံစားနေရသော လိုအပ်ချက်များ ကောင်းမွန်လာစေရန်ဖြစ်သည်ဟု ပြောရမည်။

ထိုသိပ္ပံသို့ သွားရောက်လေ့လာဆည်းပူးရန်သူ၏ နောက်ဆုံးမျှော်လင့်ချက်တို့ ဖြစ်လာသည့် အကြောင်းကို 'ကျွန်ုပ်နှလုံးသားက အဲဒီမှာ တစ်နေ့ ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံးရောက်နေမယ်လို့ ယုံကြည်တယ်' ဟုရေးသားခဲ့လေသည်။

လေ့လာမှုအပြီး မိသားစုနှင့် ပြန်တွေ့ဆုံရသော နံနက်စာစားချိန်တွင် အပြစ်ကင်းတောက်ပသော မျက်လုံးများနှင့် စကားနည်းစွာနေရင်း ထိုနေ့အတွက် လျှို့ဝှက်သော မျှော်လင့်ချက်တို့ကို အဆင့်ဆင့်တွေးတောနေခဲ့သည်။ နေ့စဉ်လုပ်နေကျ အိမ်မှုကိစ္စတို့ကို စိတ်ကြည်လင်လန်းဆန်းစွာလုပ်ရင်း တစ်စုံတစ်ရာကို လက်တွေ့



ဖလောရင့်နိုက်တင်ဂေးနှင့် ချားလ်ဘရေစ်ဘရစ်ချ်တို့ ခရိုင်းမီးယားသို့အသွား ဆယ်လီနာဘရေ့စ်ဆရစ်ချ်၏ ပုံကြမ်းကို အခြေခံထားခြင်းဖြစ်သည်။

လုပ်နိုင်သည့်အတွက် ကျေးဇူးတင်နေမိသည်။ 'အိမ်မှုကိစ္စတွေလုပ်ရတာကို ကြိုက်ပါတယ်။ မေးအောက်မှာ အဝတ်ခံဝတ်ထားရတာကိုတော့ မကြိုက်ဘူး'ဟု ဘဇင့်ဒီဇင်ဘာ၌ ကလာကေထံရေးသားခဲ့သည်။

လများတရွေ့ရွေ့ကုန်လွန်လာချိန်၌ ဖလောရင့်စိတ်တွင် ပျောက်ကွယ်နေသော ဆုံးရှုံးမှု စိတ်အာရုံ၌ တွယ်ငြိနေသောအရာက တစ်ဖန်ပြန်ဖြစ်လာသည်။ 'ဒီရွှံ့ရွာမွယ်ဘဝထဲသို့ အတိတ်က တစ်စုံတစ်ရာက အားပြင်းစွာ ရိုက်ခတ်စေခဲ့တာလား မသိပါဘူး''သိပ်ဆိုးပါတယ်။ ဒါမျိုးဘယ်တော့မှဖြစ်တော့မှာမဟုတ်ဘူး ခုတော့လည်း ဘာမှမဟုတ်အဲ သေရာကနေပျောက်ကွယ်သွားပါပြီ'ဟု ဟီလာရီထံရေးသားခဲ့သည်။ ဘာသာရေးက သူ၏အတွေးများကို ခိုင်မာစေသော တစ်ခုတည်းသောအရာဖြစ်ကြောင်း သူတွေ့ခဲ့သည်။ ဘုရားသခင်၏ အလုပ်က လူအများကို ကယ်တင်ဖို့ဖြစ်သည်။ ဘဝတွင် နေထိုင်ရန် တစ်ခုတည်းသော အကြောင်းရင်းအဖြစ် သူ၏တွေးခေါ်ပုံနည်းလမ်းက အသုံးဝင်ဆဲဖြစ်ပြီး ယေဘုယျအားဖြင့် ကောင်းသောအလုပ်ဟု လက်ခံခဲ့သည်။

မိသားစုက အလွန်ခရီးများ၍ သူတည်ငြိမ်သော အလုပ်တွင်အခြေတကျမဖြစ်ခဲ့။ လီရှာ၌သာနှစ်တိုင်းနေဖြစ်ခဲ့လျှင် သူ့ဘဝနောက်ပိုင်းအထိ အလုပ်ကိုကျေနပ်အားရနေပေမည်။ ထိုနေရာရှိသူတို့ကို ကိုယ်ချင်းစာမှုက သူ့ထံရှိနေသည်။



ဖလောရင့်၏ အခင်ဆုံးမိတ်ဆွေနှင့် အကြီးမားဆုံး
အားပေးထောက်ခံခဲ့သူ လော့ဒ်ဆစ်ဒနေဟားဘတ်

ထိုလူများနှင့်သူမှာ တူညီသောအရာများဖြစ်သည်ဟု ရေးသားခဲ့ရာ ''ကျုပ်တို့အားလုံးရဲ့ မျှော်လင့်ချက်နည်းတဲ့ ဘဝတွေက ဆင်တူတယ်။ ဘုရားပေးခဲ့တာပါ။ တူညီတဲ့ရည်မှန်း ချက်တွေ အတူတကွရယူကြပါမယ်' ဟုရေးခဲ့သည်။ သူစိတ်ထဲ၌ ကမ္ဘာမြေ၏ စိတ် ဆင်းရဲစရာများသာပြည့်လျက်ရှိသည်။ 'ကဗျာဆရာတွေရေးဖွဲ့တာတွေအားလုံးက နှစ်လိုဖွယ်ရာတွေချည်းပဲ ကျွန်မအတွက် ဒါမမှန်ပါဘူး'။ လူတွေအားလုံးကိုတွေ့ရတာ ဆင်းရဲမှုနဲ့ ရောဂါဘယတွေရဲ့ ဒဏ်ကို ခံစားနေရတာချည်းပါပဲ' ဟုဆိုပေသည်။

ထို့နောက်သူလုံးဝစိတ်ပျက်အားငယ်လာခဲ့သည်။ ဝိန်ချုံး၍ ပင်ပန်းနေသော ပုံသဏ္ဌာန်ပေါက်နေသည်။ ခရီးထွက်လျှင် အပြောင်းအလဲဖြစ်မည်။ သူစိတ်ဓာတ်အသစ် ပြန်ဖြစ်မည်ဟု မိဘများက ဆုံးဖြတ်ခဲ့သည်။ သူနှင့်အတူအဖော်များအဖြစ် သူငယ်ချင်း ဖြစ်သည့် ဆယ်လီနာနှင့် ချားလ်ဘရေဘရစ်ချ်တို့လည်း ခရီးတွင်လိုက်ပါလာပြီး ၁၈၄၇ တွင် ရောမသို့ ရောက်ရှိသည်။

ရောမတွင်နေရသော ကာလမှာ ခမ်းနားပျော်ရွှင်ဖွယ်ရာများဖြင့် ကုန်လွန်ခဲ့ သည်။ လမ်းတိုင်းကို အဆောက်အအုံရှုခင်းတိုင်းကို မှတ်သားခဲ့သည်။ ပြတိုက်များ၊ ပြခန်းများ၊ ဘုရားကျောင်းများ မမောတမ်း လှည့်လည်ကြည့်ရှုခဲ့သည်။ အရောင်အသွေးစုံ တောက်ပနေသော ဝတ်ပြုဆုတောင်းရာနှင့် ဘုရားကျောင်းတို့က ဘဝအတွေ့အကြုံ သစ်များရရာထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ မျက်နှာကြက်ခေါင်မိုးကို ကြည့်ရှုံနှင့် နှစ်သက်စရာဖြစ်ပုံကို နတ်သမီးများ၊ ပရောဖက်များ၏ ကောင်းကင်ဘုံထဲကို လှမ်းမြင်သလို ဖြစ်သည်'ဟု ရေးသားခဲ့သည်။

ထိုကာလတို့၌ သူနှင့်ချားလ်ဘရစ်ချ်တို့ ဆစ်ဒနေ၊ လစ်ဇ်ဟာဘတ်တို့နှင့် သိကျွမ်းခဲ့သည်။ ယင်းတို့မှာ ဘဝတစ်လျှောက်ရင်းနှီးခဲ့သော မိတ်ဆွေတို့ဖြစ်သည်။ လစ်ဇ်ဟားဘတ်က လှပယဉ်ရှယ်သော မိန်းကလေးဖြစ်သလို ဆစ်ဒနေဟားဘတ်ကလည်း အသက် ၃၈ နှစ်ခင်မင်ဖွယ်ကောင်းသူ ပညာတတ်လူချမ်းသာ အမျိုးသားဖြစ်သည်။လစ်ဇ်ဟားဘတ်က ကြင်နာတတ်ပြီး သဘောကောင်းသည်။ ပါလီမန်တွင် အနိုင်ရခဲ့သော ဆစ်ဒနေဟားဘတ်က ငြိမ်းချမ်းစွာနေရသောဘဝကို နှစ်သက်ခဲ့၍ ဝီလ်တန်အရပ်တွင် ခြံဝင်းကျယ်အိမ်ကြီးနှင့် နေကြသည်။ နှစ်ဦးစလုံးမှာ ခရစ်ယာန်ဘာသာကို ရှိသေကိုင်းရှိုင်းသူများဖြစ်သလို လူသားချင်းစာနာတတ်သူများဟု လူသိများသည်။ သူတို့နှစ်ဦးကနေထိုင်ရာရွာမှ ဆင်းရဲသားများအတွက် ဆေးရုံဆောက်မည့်အစီအစဉ်ကို ဖလောရင့်အား ရှင်းပြသည်။ ထိုစိတ်ကူးအတွေးက အသစ်ဖြစ်ပြီး ဖလောရင့်လည်း မည်သို့သော ဆေးရုံဖြစ်အောင် တည်သင့်ကြောင်း ညွှန်ပြအကြံပြုဖော်ပေးသည်။

ဖလောရင့်သည် ယဉ်ကျေးမှုနှင့် လူမှုရေးပွဲလမ်းသဘင်တို့ကြား ကြာရှည်ကျေနပ်နေတတ်သူမဟုတ်။ ရောမကို အခြားရှုထောင့်မှ မြင်အောင်ကြည့်သည်။ ကက်သလစ်ဘုရားကျောင်းမှ သီလရှင်တို့၏ ကုသိုလ်ပြုပုံကိုလည်း လေ့လာသည်။ ခရီးကို ၁၀ ရက်နောက်ဆုတ်ပြီး ထရီနီတာဒိုင်မွန်တီ သီလရှင်ကျောင်းသို့ ဝင်ရောက်၍ ယင်းတို့မြှုပ်နှံထားသော ထူးခြားသည့် အရည်အသွေး သူနာပြုအလုပ်ကို ယင်းတို့မည်သို့ လုပ်ပုံတို့ကို လေ့လာသည်။ ကုသပုံဆိုင်ရာ ယင်းတို့၏ နည်းစနစ်များ၊ မိဘမဲ့ကလေးတို့ကို သင်ကြားပုံများကို သေချာလေ့လာခဲ့ခြင်းက သူ့အား အင်္ဂလန်၌ ပရိုတက်စတင့် သီလရှင်ကျောင်းစတင်ရန် မျှော်လင့်ချက်ကို ရှင်သန်စေခဲ့သည်။

အိမ်ပြန်ရောက်ချိန်တွင် သူစိတ်ဓာတ်ကျဆင်းမနေတော့ပေ။ ဟားဘတ်တို့ထံ လည်ပတ်ခဲ့သော ကာလတို့က ကြည်နူးဖွယ်ဖြစ်သလို သွားတွေ့ဆုံခဲ့သောသူများ ဆေးရုံများပြုပြင်ပြောင်းလဲရေးကို စိတ်ဝင်စားကြသည်ကလည်း နှစ်သက်ဖွယ်ဖြစ်သည်။ လူတိုင်းဆီမှရသော အချက်အလက်နှင့် ကိန်းဂဏန်းတို့ကို စိတ်ကူးပုံဖော်ကြည့်သည်။

မိသားစု လန်ဒန်ကိုပြန်ရောက်ချိန်တွင် ပေါင်းနှမ်းစုတ်ပြတ်နေသော ကျောင်းများကို စတင်လေ့လာသည်။ ထိုကျောင်းများကို ဖိနပ်ချုပ်သမားတစ်ဦးက စ၍တည်ထောင်ခဲ့ပြီး ဆင်းရဲသော နွမ်းပါးသည့် ကလေးများကို စုစည်း၍ အခြေခံပညာ တို့ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ကျောင်း၏သင်ကြားမှုက ဘာသာရေးနှင့် ရောထွေးနေ ပြီး လမ်းပေါ်မှ ကလေးများသင်ကြားပေးသော ရိုးစင်းသော ပုံစံဖြစ်သည်။

အင်္ဂလန်တွင် ထိုသို့သောကျောင်း ၈၈ကျောင်းရှိပြီး ဖလောရင့်နိုက်တင်ဂေးသည် စေတနာ့ဝန်ထမ်းဆရာတစ်ယောက် ဖြစ်လာခဲ့သည်။ ထိုလူငယ်များအကြား သူ့ဘဝကို မြှုပ်နှံ၍ ယခင်အကျဉ်းသားများနှင့် အခြားလူမှုရေးအရ စွန့်ပယ်ခံထားရသူတို့မှာ အားလုံး၏ ညီအစ်ကိုမောင်နှမများသာဖြစ်ကြောင်း သင်ကြားပေးသည်။

သို့သော် ဆေးရုံများကို စစ်ဆေးခြင်း၊ စေတနာ့ဝန်ထမ်း သင်ကြားပေးခြင်းတို့မှာ အစိတ်အပိုင်းနည်းနည်းသာဖြစ်သည်။ ဆေးပညာရပ်အစီရင်ခံစာ လေ့လာမှုအတွက် ဖြည့်ဆည်းရသည်တို့ကမူ မဆုံးနိုင်။ တိုးတက်မှုရှိရန် လိုအပ်သည်တို့မှာ လေးနက်ပြီး နိုင်ငံ၏ ဆင်းရဲမှုနှင့် ကြုံရသော အခြေအနေက အံ့ဩဖွယ်ဖြစ်သည်။ သူ၏ပေးစာများနှင့်ဒိုင်ယာရီတို့က မည်သို့နေထိုင်မကောင်းဖြစ်ရသည်ကိုပါ ဖော်ပြထားသည်။ သူမျက်နှာတွင် အပြုံးတစ်ခုပေါ်ထွက်လာဖို့ကပင် ရှားပါးနေပြီး မည်သည့်ပျော်ရွှင်ဖွယ် ခံစားမှုကမှ မဖန်တီးပေးနိုင်တော့ပေ။ ဤတွင်စိုးရိမ်ဖွယ်စိတ်ဓာတ်ကျဆင်းလာပြီး သူ့ကျန်းမာရေးကပါ တစ်ဖန်ချူချာလာခဲ့သည်။ သူ့ကိုယ်သူပင် စတင်အပြစ်ပေးခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်းယောင်ဆောင်နေသူတစ်ဦးဟု သမုတ်ခဲ့သည်အထိပင်။ သူငယ်ချင်းများနှင့် မှတ်စုများတွင် ရေးသားခဲ့သည်တို့မှာ လိမ်ညာဟန်ဆောင်နေခြင်းသာဖြစ်ပြီး တစ်ဦးတည်းသောသူကသာ တကယ်အမှန်တရားဖြစ်၍ သူ့စိတ်နှင့်နှလုံးသားက အပြတမ်းအခြားတစ်နေရာသို့ ရောက်နေသည်ချည်းဟု ဖြစ်သည်။

■

(၆)

## အလှည့်အပြောင်း

ပဋိပက္ခတို့ကြောင့် မျက်ရည်ကျ၊ ပျောက်ကွယ်သွားရန်လည်း မစွမ်းနိုင်။ တည်ငြိမ်သွားအောင်လည်း လုပ်၍မရ ဖလောရင့်ဖြစ်နေသည်။ မိသားစုက ယိုယွင်းလာသော သူ့ကျန်းမာရေးအပေါ် စိုးရိမ်လာကြသည်။ သူ့ကိုဖိစီးနှိပ်စက်နေသော အတွေးများမှ လွတ်မြောက်ရန် ခရီးထွက်ဖို့သူတို့က ထပ်၍တိုက်တွန်းကြသည်။ ထိုအကြံကြောင့် သူ့အဖေ၏အဖြစ် ဘရေ့စ်ဘရစ်ချ်တို့နှင့်အတူ အီဂျစ်နှင့်ဂရိသို့ ၁၈၄၉–၁၈၅၀တွင် ခရီးထွက်ခဲ့ပေသည်။

တိုနှစ်များ၏ ကသောင်းကနင်းဖြစ်ရပ်များက ဖလောရင့်၏ ရုပ်သွင်ကို ထိခိုက်ခြင်းတော့မရှိ။ သူ့ပုံစံကဆွဲဆောင်ဆဲ၊ အချိုးအစားပြေပြစ်ဆဲ၊ ကျက်သရေရှိသော အမျိုးသမီးတစ်ဦးပုံစံ ရှိမြဲဖြစ်သည်။ လုံးဝန်းသောမျက်နှာက သေးသွယ်သောလည်တိုင်ကို လိုက်ဖက်အောင်ပြုထားဟန်ဖြစ်သည်။ ဆံပင်အညိုရောင်ကို ဖြီးထားပုံက ဣန္ဒြေကြီးသော ဟန်ကိုဖြစ်စေသည်။ လှပစွာပုံဖော်ထားသော မျက်ခုံးအောက်မှ မီးခိုးရောင် မျက်ဝန်းက သူ၏ ခံစားမှုကိုပြသော အမှတ်အသားဖြစ်သည်။

ရှေ့ကိုဆက်၍ ဘရေ့စ်ဘရစ်ချ်တို့နှင့် ခရီးထွက်သည်။ သူတို့က သူ့ထက် အသက် ၂၀ မျှကြီးသည်။ သို့သော် ခံစားချက်ခြင်းကနီးကပ်သည်။ အထူးသဖြင့် ဆယ်လီနာနှင့် ပတ်သက်၍သူ့အတွက်မိခင်တစ်ယောက်ထက် ပိုသော အမျိုးသမီးဟု ပြောခဲ့ပေသည်။

လိုအပ်သည်တို့ကို လုံးဝပြင်ဆင်ပြီး သွားမည့်ခရီးကို စီစဉ်ခဲ့သည်။ နိုင်းမြစ်၏ စီးဆင်းပုံကို လေ့လာရန်အပြင် မင်းဆက်ဖယားကို ပြုလုပ်ခြင်း ဘုရားကျောင်းနှင့် ရုပ်ထုများ တည်ဆောက်ထားပုံကို မိတ္တူကူးခြင်းတို့ပါဝင်သည်။ အီဂျစ်နှင့်ပတ်သက်သော စာအုပ်များကိုလည်း ယူဆောင်သွားခဲ့သည်။ အိမ်သို့ဖွဲ့နွဲ့ရေးပို့လိုက်သောစာတွင် စိတ်ဆင်းရဲခြင်းခံစားမှုမျက်နှာပုံးကို ဆွဲချွတ်သလို ကြီးကျယ်သော ရွှေရောင်နေမင်းက အရာရာကို ဖုံးလွှမ်းနေပုံနှင့် ခံစားမှုကင်းမဲ့သော အသက်မရှူသော ရေကန်စသည်ဖြင့် ပါဝင်သည်။

သို့သော်လည်း သူသည် များစွာသော အာရပ်လူမျိုးတို့၏ နေထိုင်ပုံနှင့် ဆင်းရဲလျက် ရှိကြပုံကိုပါ တွေ့မြင်ခဲ့လေသည်။ ကျွန်ဈေးတို့၌ မိန်းကလေးများကို တစ်ခေါင်းကို ၂ ပေါင်ကနေ ၉ ပေါင်ဟု ပြောဆိုရောင်းဝယ်နေကြသည်ကို အမှတ်ရနေသည်။ သူမြင်ရသော ထိုအမျိုးသမီးတစ်ဦးဘဝမှာ လူတစ်ဦး၏ အခိုင်းအစေဘဝထက် ဘာမှမပိုပေ။ အလက်ဇန်ဒီးယားတွင် ရှေးဟောင်းအပျက်အစီး အဆောက်အအုံများ ရှုခင်းများကို အချိန်ယူလေ့လာရာ ပညာသင်ပေးခြင်းနှင့် ဆေးကုသခြင်း အလှူပြုလုပ်ပေးသော စိန့်ဗင်းဆင့်ဒီပေါလ်မှ သီလရှင်များ အလုပ်လုပ်နေကြသည်ကိုလည်း တွေ့ခဲ့သည်။

ခရီးကြောင်း၏ ဘေးမှအဖြစ်အပျက်တို့က သူ့ခရီး၏ အဓိကအရာ ဖြစ်လာသည်။ သူ့ကို နှစ်သိမ့်နေသော သူကို မျှော်လင့်ချက်ပေးနေသော အရာများပင်။ ဂရိမှ အေသင်၊ ပြီးနောက် ပါသီနန်စသော သူ၏ ခရီးလမ်းတွင် အမေရိကန်သာသနာပြု မစ်ရှင်မှ မစ္စတာဟေးနှင့် မစ္စဟေးဖနီးမောင်နှံနှစ်ဦး လုပ်ဆောင်နေသည့် မိဘမဲ့ဂေဟာနှင့် ကျောင်း။ ထို့နောက် အဆိုပါနှစ်ယောက်သည် သူမိတ်ဆွေများဖြစ်လာသလို သူ၏ အဆုံးမရှိသော မေးခွန်းများကို အဖြေပေးခဲ့သူများလည်း ဖြစ်လေသည်။

ခရီးဘေးတစ်ဖက်တစ်ချက်ရှိ လှပသော ရှုခင်းများက ပြီးသွားသည်ဟု မရှိပေ။ သူကိုယ်တိုင်ပင် ထိန်းချုပ်နိုင်သော ခံစားမှုလွတ်သွားပြီး လမ်းနံဘေး မြက်ခင်းပေါ် လဲပြိုကျခဲ့လေသည်။ ထိုအကြောင်းကို သူ၏ ကိုယ်ရေးစာတို့၌ ဖြောင့်ချက်ပေးခဲ့သည်။ သို့သော်သူ၏ တစ်ခုတည်းသော ပန်းတိုင်မှ အာရုံပျံ့လွင့်သွားအောင်တော့ မလုပ်နိုင်ပါ။ ယင်းက စိတ်အတွင်း၌ အမြဲဖုံးလွှမ်းနေသော အရာဖြစ်သည်။ သူကိုယ်သူ အားဖြန့်ဖြည့်ပြီး သူ၏ အသိဉာဏ်နှင့် မေတ္တာတရားတို့ကို အသုံးချ ရပေတော့မည်။

သူ၏ စိတ်ဓာတ်ကျဆင်းမှုမှာ ဘရေ့စ်ဘရစ်ချ်တို့နှင့် သွားပြီးနောက် ရှင်းလင်းသွားသည်။ မူလခရီးစဉ်ကို ချားလ်ဘရစ်ချ်တို့က ပြောင်းလဲနိုင်းပြီး အကူအညီ ပေးခဲ့သည်။ သူတို့၏ ထိုဆုံးဖြတ်ချက်အကြောင်းကိုသိပြီး သဘောတူခွင့်ပြုချက်ပေးရန်ပင် ဖလောရင့်မိဘများ မသိလိုက်ပေ။ အာလမန်သို့ ဂျာမဏီမှ လှည့်ပြန်ရန် သူတို့ဆုံးဖြတ်ခဲ့ပြီး

နှစ်ပတ်ကြာ ဒုဆယ်ဒေါ့တွင် နားမည်ဖြစ်သည်။ ထိုအချက်ကဖလောရင့်အား ကိုင်ဇာဝါ့ကို လေ့လာနိုင်ရန် အခွင့်အရေးပေးလိုက်သည်။ သူရောက်ချင်ခဲ့သော အိပ်မက်လည်းဖြစ် သည်။

ထိုနေရာသို့ ရောက်လာချိန်၌ သူစိတ်ထဲ၌ ပေါ့ပါးနေသည်။ ၁၈၅၀ဇူလိုင် ၃၁ရက်၌ ကိုင်ဇာဝါ့ကို လေ့လာရေးခရီးအဖြစ် နောက်ဆုံးခြေချမိသည်။ သူ့တွင် သူနာပြုလက်တွေ့ အတွေ့အကြုံမရှိသေး။ သို့သော် သင်ထားတာတွေအပြည့်ရှိ၍ အသေးစိတ် မည်သို့အသုံးချရမည်ကိုတော့ သိသည်။ သူကဖွဲ့စည်းထားပုံအကြောင်း သူနာပြုတို့၏ ယူနီဖောင်းတို့အကြောင်း အလုပ်မဝင်မီ အစမ်းခန့်ပုံအကြောင်း သို့မဟုတ် လျှောက်ထားသူအား စစ်ဆေးသောကာလ စသည်တို့ကို သင်ယူခဲ့သည်။ သူနာပြု သိပ္ပံက ကျွမ်းကျင်သူများဖြစ်လာအောင် မည်သို့ လက်ခံ၍ ကြိုးစားအားထုတ်နေပုံတို့ကို လည်း လေ့လာခဲ့သည်။

ဩဂုတ်လ ၁၃ရက်တွင် ပြန်၍ ထွက်သည်။ ကိုင်ဇာဝါ့တွင် လေ့လာခွင့်ရ သောကြောင့် ခံစားရသော ပီတိကို အလွန်ခက်ခဲ၍ နောက်တစ်ကြိမ်ပြန်မရနိုင်သော အရာ'ဟု ရေးသားခဲ့သည်။ သူ့တွင် ခွန်အားများ ပြန်ပြည့်လာသည်။ သူ၏ အတွေ့ အကြုံတို့ အကြောင်းကို တစ်ထိုင်တည်း လက်ကမ်းစာစောင်တစ်ခု ရေးသားသည်။ တိုက်ရိုက်သိရှိ ရခြင်းဖြစ်၍ အင်္ဂလန်အတွက် အသုံးမဝင်သောသူဟု မည်သူမပြော နိုင်မည်နည်း။ သူမှာ ဝမ်းသာလှ၍ ဖျားချင်သလိုပင်ဖြစ်ပြီး တစ်စုံတစ်ရာကို လုပ်နိုင်ခဲ့၍ ရူးသွပ်သွားပြီဟု ပြောနိုင်သည်။ သူဖြစ်ချင်သည်က အားလုံးသိပြီး အသုံးဝင်စေလိုသည့် ထိုလက်ကမ်း စာစောင်ကို စိတ်ဝင်တစားဖြင့် ဝက်စ်မင်နစ္စတာ ကိုလိုနီကျောင်းမှ ကျောင်းသားများ အနေဖြင့် ပုံနှိပ်ထုတ်စေခဲ့သည်။

ဖလောရင့်နိုက်တင်ဂေးအတွက် ထိုအတွေ့အကြုံက အလှည့်အပြောင်းဟု ပြောရမည်။ သူသွားမည့်လမ်းကြောင်းက သူသိခဲ့သမျှတို့ မှန်ကြောင်းလုပ်ပြနိုင်ဖို့ပင်။ သူ့အသက် ၃၀ ရှိပြီဖြစ်သလို အဖြေကရှင်းသည်။ သူ့ဘဝကို သူပိုင်အောင် လုပ် ပေတော့မည်။

အင်အားပြန်ရလာသော ဖလောရင့်နိုက်တင်ဂေးက အဆက်အသွယ်များ အသုံးပြုပြီး ဆုံးဖြတ်နိုင်ရန် အင်္ဂလန်၌ အသွင်ပြောင်းလဲမှု စတင်နိုင်မည့် အမျိုးသမီးတို့ကို ရအောင်ကြိုးစားသည်။ အဒေါ်ဂျူလီယာနှင့် မိုင်တို့သာမက ဝမ်းကွဲညီမ ဟီလာရီနှင့် အခြားဝမ်းကွဲများပါရာ သူ့ထက်ငယ်သူတို့ပိုများသည်။ တိုးတက်သော အသိုက်အဝန်း တွင် အမည်တစ်ခုရအောင် လုပ်နိုင်ခြင်းပင်။ ဘာဘရာလိုက်စမစ်က ဦးလေး၏သမီး ဖြစ်သလို ဖန်နီ၏ အစ်ကို ဘန်ဂျမင်စမစ်မှာလည်း လူမှုရေးအရ အပယ်ခံထားရသည်။ အကြောင်းက သူ၏ အဆင်မပြေသော နေထိုင်မှု ပုံစံနှင့် နိုင်ငံရေးတို့ကြောင့် ဖြစ်သည်။

ဘာဘရာက ၂၁နှစ်ရှိ၍ ဖခင်ဖြစ်သူက သူ့ကို လွတ်လပ်စွာ လုပ်ကိုင်တတ်သူဖြစ်အောင် သင်ပေးထားသည်။ သူတွင် သားနှင့်သမီးများစွာရှိပြီး တစ်နှစ်ဝင်ငွေက ပေါင် ၃၀၀ ရှိသည်။ မည်သည့်အပေါင်းအသင်းမှုလည်းမရှိ။ ဘာဘရာစမစ်သည် သူ့ဘဝကို ဗြိတိသျှကျွန် ပိုင်ဆိုင်ခွင့် ဥပဒေပြင်ဆင်ချက်အတွက် မြှုပ်နှံထားပြီး ဥပဒေအောင်မြင်အောင် အတည်ပြုနိုင်ခဲ့ပြီးနောက် အမျိုးသမီးတို့၏ ပိုင်ဆိုင်ခွင့်တရားဝင်အခွင့်အရေးကို ပေးအပ်နိုင်ခဲ့သည်။

ဤသို့လူမှုရေးလှုပ်ရှားတက်ကြွသူများ အဝန်းအဝိုင်း၌ ဖလောရင့်နိုက်တင်ဂေးသည် အဲလိဇဘက်ဘလက်ဝဲဆိုသော အမျိုးသမီးနှင့်တွေ့ဆုံမိသည်။ ထိုအမျိုးသမီးမှာ အမေရိကန်မှ ဆေးပညာဘွဲ့ရလာသော ပထမဆုံးအမျိုးသမီးဖြစ်သည်။ ဒေါက်တာဘလက်ဝဲမှာ အင်္ဂလန်ဘရစ္စတိုး၌ ၁၈၂၁ ကမွေးဖွားခဲ့သူဖြစ်၍ ငယ်စဉ်ကပင် ဖခင်က အမေရိကန်သို့ ခေါ်ဆောင်ခဲ့ခြင်းဖြစ်ရာ ဇာတိမြေမှ မိသားစုနှင့် သူငယ်ချင်းများထံ မကြာခဏ ပြန်လာလေ့ရှိခဲ့သည်။ လန်ဒန်တွင် ပညာသင်ကြားမှု အတွက် ရောက်နေစဉ် ဖလောရင့်နိုက်တင်ဂေးနှင့် သူငယ်ချင်းများ ဖြစ်ခဲ့ခြင်းပင်။ ဒေါက်တာဘလက်ဝဲသည် ပင်ကို ကပင် စာနာနားလည်တတ်သူဖြစ်၍ ဖလောရင့်သူနာပြုပညာလေ့လာရန် မျှော်လင့်ချက်ကို အားပေးကူညီခဲ့သည်။ သူတို့လန်ဒန်တွင် မကြာခဏတွေ့ဆုံကြပြီး အခမ်းအနားများသို့တက်ရန် ဒေါက်တာဘလက်ဝဲ အမ်ဘလေဟောသို့ အလည်အပတ်ရောက်သည်။

တစ်ခုသော အခမ်းအနားမှာ ဒေါက်တာဘလက်ဝဲ၏ မှတ်ဉာဏ်၌ အမှတ်ရစရာဖြစ်သည်။ သူနှင့် ဖလောရင့်တို့ တံခါးအပြင်ဘက်ပန်းခြံထဲ၌ လမ်းလျှောက်နေကြသည်။ ထိုနောက် ပုံဆွဲခန်းရှေ့မြက်ခင်းပြင်တွင် သူတို့ရပ်လိုက်ကြသည်။ ဒေါက်တာဘလက်ဝဲမှာ အမ်ဘလေအိမ်ဆောက်လုပ်ထားပုံကို သဘောကျသူပင်။ ပြတင်းပေါက်တွေကို ဘယ်လိုစီထားလဲဆိုတာ ကြည့်လိုက်တိုင်းစဉ်းစားနေတာသိလား'ဟုပြောရာ 'ကျွန်မတွေးတာက ဆေးရုံက အဆောင်တစ်ခုအတွင်းမှာ ဘယ်လိုလှည့်ထားရမယ်ဆိုတာနဲ့ ချထားမယ့်ခုတင်တွေနဲ့ လိုက်ဖက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာပါ' ဟု ဖလောရင့်ကပြောသည်။

သို့သော်ဖလောရင့်မှာ အလွန်စိတ်လှုပ်ရှားလွယ်ပြီး ထိရှမြင့်ရာ ပုံမှန်မဟုတ်သော စိတ်အခြေအနေသို့ ရောက်ရှိတတ်သည်။ တစ်ခဏတာတွင် မျှော်လင့်ချက်များနှင့် မူးဝေနေသော်လည်း နောက်တစ်ကြိမ်တွင် စိတ်ဓာတ်ကျဆင်းမှုထဲ ရောက်နေတတ်သည်။ နေထိုင်မကောင်းရုတ်တရက်ဖြူနီးစားကြီးဖြစ်တော့မည်ဟု ထင်ယောင်လာသည်။ 'သေခြင်းကလွဲလို့ ဘာမှမတွေ့ချင်တော့ဘူး။ ဘုရားသခင် ကျွန်ုပ်အတွက်ဘာဖြစ်လာမှာလဲ'စသည်ဖြင့် မြည်တမ်းသည်။ မိဘများမှာ မည်သို့သော အရာများသူကို မည်သို့တွန်းအားပေးနေကြောင်း မသိကြ။ သူကစိတ်ပျက်လက်ပျက်နှင့် မည်သူနှင့်



အမေရိကန်မှ ပထမဆုံး ဆေးပညာဒီဂရီဘွဲ့ရသူ
အမျိုးသမီး ဒေါက်တာ အဲလီစ်ဘတ်ဘလက်ဝဲ

မှမတွေ့ချင်။ သို့ဖြင့် သူတို့တစ်ခေါက်ပြန်လာခဲ့သော ကိုင်ဇာဝါ့ကို သုံးလသင်ကြားရေး အတွက် လွှတ်ဖို့သဘောတူလိုက်ကြသည်။

ဘဝတစ်ခုဌ် နေ့စဉ်ငြီးငွေ့ဖွယ် အလုပ်လုပ်နေရခြင်းမှ ဖလောရင့်ဘဝပြန်ရှင်သန်ခဲ့သည်။ ပုံမှန်ပတ်ဝန်းကျင်နှင့် သက်သောင့်သက်သာဖြစ်အောင် ရှာဖွေနိုင်ခဲ့သည်။ ထိုအတွက်လည်း စည်းစိမ်ချမ်းသာတို့ကို ထိနေရန်မလိုအပ်ခဲ့ပေ။ သူ့တွင်လည်း ရှိပြီးသားဖြစ်သည်။ သူ့အတွက် အခန်းကျဉ်းကလေးတည်ရှိရာက မိဘမဲ့တိုင်လှုံရာ နေရာလည်းဖြစ်ပြီး တစ်ကြိမ်စား အစားအသောက်ကို ဘုရားကျောင်းအုပ်ချုပ်သူတို့နှင့် အတူစားသည်။ စစ်မှန်သော နှလုံးသား၊ အမြင့်ဆုံးစံနမူနာကို့ဖြင့် သူတို့၏ အလုပ်ကို မြုပ်နှံ၍ လုပ်ကိုင်နေကြကြောင်း သူတွေ့လေသည်။ သူ့မိခင်ထံရေးသောစာတွင် ''တစ်နေ့တာက ရှည်လျားလှပေမယ့် ဒီမှာ ကျေနပ်စရာကောင်းပါတယ်။ မျှော်လင့်ချက်သာ ရှိနေရင် ပြုံးနိုင်ဦးမှာပါ။ အမေဆုတောင်းပေးတာ ကိုယ်ချင်းစာခဲ့တာတွေသာ မရှိခဲ့ရင် သိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး။ ချစ်တဲ့သူတွေအားလုံးကို ပူဆွေးသောက ရောက်အောင် လုပ်မှာ မဟုတ်ဘူး'' ဟုဆိုပါသည်။ သူကိုယုံကြည့်ဖို့ အကူအညီပေးဖို့ကို

စာဖြင့်အနိုင် အမာပြင်းထန်စွာ တောင်းခံခဲ့ပြီး သဘောတူညီမှုရဖို့ကိုပါ မေးမြန်းခဲ့သည်။

သူ၏တောင်းဆိုမှုအပေါ် မိသားစုကဆက်ပြီး မသိချင်ယောင်ဆောင်ခဲ့သည်။ သူနာပြုတစ်ယောက်ဖြစ်လိုသော သူ့ဆန္ဒကြောင့် မိသားစုကစိတ်ကသိကအောက်ဖြစ်လျက်ရှိသည်။

သူတို့၏တင့်တယ်လှပသော အလွန်ထူးချွန်သောသမီး ချို့တဲ့သော ဆေးရုံများအကြား အလုပ်လုပ်နေသည်ကို မည်သို့ကြည့်နိုင်ပါမည်နည်း။ ထို့ကြောင့်လည်း ထိုနေရာတို့ထက် သာလွန်သော လွတ်မြောက်ရာ ကိုင်ဇာဝါ့ခ်ကို လွတ်လိုက်ခြင်းပါပေ။ သူ၏ခရီးမှ သင်ယူလိုက်သည်တို့ကို သူတို့၏ အသိုက်အဝန်း မိတ်ဆွေများကို ပြောပြလျှင်ပင် လုံလောက်ပါပြီ။

သို့သော်ဖလောရင့်ကမူ သူ၏ တစ်ခုတည်းသော ရည်မှန်းချက်ကို ရောက်အောင် သွားဖို့လုပ်နေပေပြီ။ နောက်တစ်နှစ်အကြာ ၁၈၅၃တွင် ပဲရစ်ကို ညီမဝမ်းကွဲ အီလာရီနှင့် ပန်းချီသင်ရန် ရည်မှန်းချက်ဖြင့် ခရီးထွက်ခဲ့သည်။ သူတို့နှစ်ဦး ရူဒူဘာက်ရှိ မိုလ်၏ အိမ်တွင် တည်းကြသည်။ ထိုကာလများအတွင်း ဖလောရင့်သည် ဆေးရုံ လူအိုရုံတို့ကို စနစ်တကျလေ့လာခြင်းအပြင် ဘာသာရေးအဖွဲ့အစည်းတို့ကိုလည်း လေ့လာခဲ့သည်။ ထိုသို့လေ့လာမှုတို့အတွက် ပြင်သစ်တာဝန်ရှိသူတို့၏ ခွင့်ပြုချက်လည်း ယူရသလိုပဲရစ်ရှိ ပြင်သစ်ခွဲစိတ်ကုဆရာဝန်များ အလုပ်လုပ်နေပုံကိုလည်း လေ့လာခွင့်ရသည်။ လက်ကမ်းစာစောင်များ မှတ်တမ်းများကို စုစည်းပြီး ဂျာမနီနှင့် ပြင်သစ်ရှိ ဆေးရုံများအခြေအနေကို နိုင်းယှဉ်လေ့လာရေးသားမှုတို့လုပ်သည်။ ထို့ပြင်သူနာပြုသင် တန်း တက်ရောက်ခွင့် မေဆင်ဒီလာပရိုဗိဒင့်ရှိ သီလရှင်ကုသိုလ်ဖြစ် ဆေးရုံသို့ ဝင်ရောက်ခွင့်ရရန် မျှော်လင့်ထားသည်။ ထိုအချိန်၌ သူ့အိမ်သို့ ချက်ခြင်းခေါ်စာ ရောက်သည်။ အဂ်လန်ပြန်ရောက်နေသောအချိန်ဖြစ်ပြီး အသက်၉၅နှစ်အရွယ်အဘွား ရှိုး၏ ကွယ်လွန်ခါနီး နောက်ဆုံးကာလဖြစ်သည်။ ဖခင်ဖြစ်သူက ခုတင်ဘေး၌ သမီးဖြစ်သူ၏ အဘွားအား ကြင်နာသနားစွာဆောင်ရွက်ပေးနေမှုတို့ကို လေ့လာနေခဲ့သည်။

ဖလောရင့်မှာ မိသားစုနှင့် ကိုယ်တိုင်ဝေးကွာစွာ နေခဲ့သူဖြစ်သည်။ ယခုလည်း လီဟာတ်သို့ခေတ္တပြန်လာပြီး သူ၏ကိုယ်ပိုင်ဘဝပြီးဆုံးသည့်အထိ ဆောင်ရွက်ရန်အသင့်ရှိနေပြီဖြစ်ကြောင်း ရှင်းပြဖို့သွားရောက်ဖို့ ပြင်ဆင်ထားကြောင်း ပြောရန်ပင်။ ထိုနေရာ၌ အလုပ်တစ်ခုကို စနိုင်ရန် ကိုယ်တိုင်စစ်ဆေးပြီး သူနှင့်လိုက်ဖက်ပါက နောက်တစ်ဆင့် ရှေ့ကိုလှမ်းနိုင်လျှင် ထပ်မံလွတ်လပ်ပေမည်။ သူဘာလိုချင်သည်ဆိုသော အတွေးတို့ မရှိမီဆိုလျှင် လန်ဒန်ရှိအဖွဲ့အစည်းတစ်ခုကခေါ်သော ကြီးကြပ်ရေးမှူးနေရာကို လက်ခံရန် သဘောတူမိပေမည်။ ထိုအဖွဲ့အစည်းကို တည်ထောင်ခဲ့သော အမျိုးသမီးကြီးက



ဘုရားကျောင်းမှ သူနာပြုတစ်ဦးအဖြစ်

ဖျားနာနေ၍ အကြောင်းကြားခြင်းဖြစ်သည်။ ထိုအမျိုးသမီး၏ ရောဂါကြောင့် ရသည့် ဝင်ငွေမှာ အကန့်အသတ်ရှိလာ၍ အစည်းအရုံးဝင် အမျိုးသား၊ အမျိုးသမီးတို့၏ အစီအစဉ်ဖြင့် အဖွဲ့အစည်းကို လည်ပတ်ရတော့မည်ဖြစ်သည်။

သူ့ဖခင်ကလည်း အလားတူနောက်ထပ် သီးခြားအဆင့်တစ်ခုပေးသည်။ အခြေတကျနှင့် တစ်နှစ်လျှင် ပေါင် ၅၀၀ ရစေမည်ဖြစ်သည်။ ထိုရက်ရောသော ထောက်ပံ့မှုတို့က ဖလောရင့်ကို လစာမပါသော်လည်း ရမည့်ရာထူးသစ်တစ်ခုကို လက်ခံရန် တတ်နိုင်ပေသည်။ ဖလောရင့်သည် ပြင်သစ်ကို ပြန်ပြီး မေဆင်ဒီလာပရိုဗိဒင့်၌ သူ၏ သင်တန်းကို ပြန်လည်စတင်သည်။ ဆေးရုံ၏ အဆောက်အအုံတွဲများမှာ သက်ကြီးရွယ်အိုများနှင့် ဖျားနာသူအမျိုးသမီးတို့အတွက် ဖြစ်သည်။ ဖလောရင့်မှာ ပရိုတက်စတင့် တစ်ဦးဖြစ်၍ ကက်သလစ်ဘာသာ၏ ခွင့်ပြုချက်လည်း လိုရာ အင်္ဂလန်မှ ဩဇာကြီးသော ခရစ်ယာန်ဘုန်းတော်ကြီး မန်နင်က မိတ်ဆွေတစ်ဦးဖြစ်၍ အကူအညီ ပေးခဲ့သည်။ သို့သော်သီလရှင်အချင်းချင်း ကွဲပြားမှုကြောင့် ခွင့်ပြုချက်မရခဲ့ပေ။ သူ၏ ကိုယ်ပိုင်အခန်းငယ်ထဲတွင်သာ ယူပြီးစားသောက်ရသည်။ ထပ်မံ၍ သူ၏ နေ့တိုင်းခွင့် ကိုလည်း ကာလတိုအောင် ဖြတ်တောက်လိုက်သည်။ နှစ်ပတ်သို့လျှော့ချလိုက်ပြီး နောက်ဝက်သက်ရောဂါဖြစ်ခဲ့သည်။ နာလန်ထသည်အထိ မိုလ်တို့နှင့် အတူနေပြီး အင်္ဂလန်သို့ပြန်ခဲ့သည်။ မိသားစုနှင့် ပြန်ဆုံဖို့ လီဟာတ်ကိုသွားခြင်းမဟုတ်။ ကိုယ်ပိုင် အခန်းရှိရာ လန်ဒန်ကိုဖြစ်သည်။ အိမ်မှ ဖလောရင့်ထွက်ခွာခဲ့ပေပြီ။

■

(၇)

## ဟာလေအထက်လမ်း

ပြီးခဲ့သောအဖြစ်သို့တိုင် အလုပ်များစွာလုပ်ခဲ့ပြီး ဖြစ်သော်လည်း အပြည့်အဝ သောယုံကြည်မှုဖြင့် သူ၏ အသက်မွေးဘဝကို စတင်ဆောင်ရွက်ခဲ့သည်။ သူ၏ ကိုယ်ပိုင်လမ်းကြောင်းဆိုင်မှာသည့်အကြောင်းကို များစွာသောသူတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရသည်။ အစစအရာရာကို သူတာဝန်ယူနိုင်ခဲ့ပြီဖြစ်သည်။ ဌာနချုပ်သစ်အတွက် နေရာကို ရွေးချယ်ခဲ့သလို ဝန်ထမ်းများလည်း ရွေးခဲ့သည်။ တွေ့ဆုံညှိနှိုင်းခဲ့သော ကော်မတီများစွာက သူ့ကို သိပြီး သူ၏ တောင်းဆိုချက်တို့ကိုလည်း စာနာနားလည်မှု ရှိခဲ့ကြသည်။ ဖလောရင့်နိုက်တင်ဂေး၏ အကြောင်းတရားတို့အပေါ် ငြင်းခုံနေသော အုပ်စုထဲသို့ လစ်ဖ်ဟားဘတ်ရောက်လာသည်။ မေးခွန်းအနည်းငယ် မေးပြီးနောက် အဖွဲ့အစည်းဝင်အမျိုးသမီးက နိုက်တင်ဂေးနှင့် ဆက်ဆံခဲ့သူတို့၏ လက်တွေ့ အဖြစ်အပျက်တို့ကို သိပြီးနောက်လက်ခံခဲ့သည်။ ကံမကောင်းသည့်အတွက် အိမ်တစ်လုံးကို တကယ်တမ်းစီမံခန့်ခွဲနိုင်မလား။ သူလုပ်နေသောအလုပ်အကြောင်းကို သူရဲ့အထက်တန်းလွှာ မိဘတွေက ဘယ်လိုပြောကြသလဲ စသည်မျိုးဖြစ်သည်။

နိုက်တင်ဂေး(ဖလောရင့်)သည် ယုံကြည်မှုတစ်ခုတည်းသာ ရှိသူမဟုတ်။ အတော်အတန် မောက်မာနေသူလား။ ကော်မတီဝင်များကို လှောင်ပြောင်သရော်သူ ဖြစ်လျှင် ထိုအမျိုးသမီး၏ အကြံပြုချက်ကြောင့် တိကျသော စီမံကိန်းကပြောင်းလဲသွားနိုင်သည်။ ထိုသူ၏ မေးမြန်းမှုကြောင့်သာ ကျန်လူများ၏ ယုံကြည်မှုကိုရခဲ့ခြင်းဖြစ်သည်။

ပထမအလုပ်ကို ကောင်းစွာ ကိုင်တွယ်နိုင်လျှင် အနာဂတ်ကို ပုံဖော်နိုင်ပေမည်။ အခြေအနေကို သူထိန်းချုပ်နိုင်ပါက သူအသိနှင့်စွမ်းရည်တို့ကို လွတ်လပ်စွာ အသုံးချနိုင်ပြီး သူလိုချင်သော လမ်းကြောင်းဖြစ်လာပေမည်။ သူ၏ ခိုင်မာသောစိတ်နှင့် စွမ်းအားတို့က မပြောင်းလဲနိုင်သော အင်အားတစ်ခုဖြစ်အောင် ပြုလုပ်ပေးခဲ့သည်။ သို့သော် သဘောတူညီချက်ရအောင် မည်သို့ညှိနှိုင်းရမည်ဆိုသော အမှန်တရားကိုလည်း သူကသိနေသည်။

ဟာလေလမ်းမှ တာဝန်သည် ဤသို့ညှိနှိုင်း၍ရလာသော အလုပ်နေရာတစ်ခုဖြစ်သည်။ ဆင်းရဲသားများ စွန့်ပယ်ခံထားရသူများအတွက် အလုပ်လုပ်ရန်က သူ့ရည်မှန်းချက်ဖြစ်သည်။ သို့သော်လည်း ထိုသို့ဖြစ်လာခြင်းက သူ့အိမ်ကို ပြင်းစွာဒေါသဖြစ်စေသည်။ လက်ရှိရာထူး၏ လုပ်ကိုင်ရမည့်လမ်းကြောင်းအပေါ် သူ့မိသားစုက စိုးရိမ်ကြသည်။ သူ၏ လက်ရှိအလုပ်မှ တစ်စုံတစ်ရာ သိက္ခာရှိသော အကြောင်းကိုတော့ သူတို့သိကြပေသည်။ လစာကိုလက်ခံရန်ငြင်းပယ်ခြင်းက ပြည်သူလူထု၏ လုပ်ငန်းဆောင်တာကို ဆောင်ရွက်ပေးခြင်းမျိုးဖြစ်ခဲ့လျှင် အထူးအတန်းအစားတစ်ခုထဲသို့ သူကိုယ်တိုင်ရရှိအောင် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ထို့နောက်တွင် သူလုပ်ဆောင်ရသောအလုပ်မှာ ကုသိုလ်ဖြစ်လုပ်ငန်းအတွက် ခန့်ထားသော အသင်းအဖွဲ့ဆိုင်ရာ အမျိုးသမီးအဖြစ် လုပ်ကိုင်ပေးရခြင်းဖြစ်သည်။

၁၈၅၃ ဩဂုတ်လ ၂၂ ရက်တွင် ထိုအလုပ်အတွက် နေရာသစ်အဖြစ်တွေ့ရှိထားသော အမှတ် ၁ ဟာလေအထက်လမ်းနေအိမ်သို့ ပြောင်းရွှေ့ခဲ့ပေသည်။ သူ့အလုပ်စတင်သည့် အခိုက်တွင် အလွန်အလုပ်ရှုပ်ခဲ့သည်။ မျက်နှာတွင်တရိပ်ရိပ်တက်လာသော ခွန်အားတို့က ရင်ဆိုင်ရသမျှ အခက်အခဲတို့ကို ကျော်ဖြတ်လျက်ရှိသည်။ အလုပ်၌စိတ် အားလျော့ခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ရုတ်တရက်ပျောက်ကွယ်ခဲ့ပြီး အတိတ်တွင် ကျန်ခဲ့ပြီ ဖြစ်သည်။ ၁၀ ရက်အတွင်း အဆိုပါ ဌာနသစ်တွင် အောက်ခြေမှ ထိပ်ဆုံးအထိ လိုအပ်သမျှ ပြည့်ဆည်းခဲ့ပြီး ပထမဆုံးရောက်လာမည့် လူနာများကို လက်ခံရန် အသင့်ပြင်ခဲ့ပြီးဖြစ်သည်။

သူနှင့် ထိုလုပ်ငန်းခွင့်ပြုခဲ့သော ကော်မတီတို့အကြား စိုးရိမ်ဖွယ်အမြင်ကွဲလွဲမှုများလည်းရှိခဲ့သည်။ ကော်မတီက ဒေသခံပရိုတက်စတင့် အမျိုးသမီးတို့ဖြင့်သာ တပြည်းပြည်းဖွဲ့စည်းထိန်းသိမ်းထားလိုပြီး ကက်သလစ်နှင့် ဂျူးတို့ကို ဖယ်ထုတ်ချင်သည်။ ဖလောရင့်နိုင်တင်ဂေးက ထိုအချက်ကို ငြင်းပယ်ပြီး အဖွဲ့အစည်းအယူဝါဒကွဲပြားသူများ ပါဝင်သော အဖွဲ့တစ်ခုအဖြစ် အားလုံးသော ဘာသာဝင်အမျိုးသမီးများကို ဝင်ခွင့်ပြု လက်ခံရမည်ဖြစ်ကြောင်း၊ မဟုတ်ပါက သူအလုပ်မှ ထွက်မည်ဖြစ်ကြောင်း ပြောလေသည်။ နောက်ဆုံးတိုသဘောတူညီမှု သူရခဲ့ပြီးဝင်ခွင့်ကို အကန့်အသတ်မလုပ်တော့ဘဲ တံခါးဖွင့် ပေးလိုက်သည်။ ခရစ်ယာန်ဘုန်းကြီးများ ဂျူးတရားဟောဆရာများ။



ယဥ်မျိုးစာပေ

အခြားအယူ ဝါဒဘာသာရေး ခေါင်းဆောင်များ လူနာများကို လာရောက်ကြည့်ရှု နိုင်မည်ဖြစ်သည်။ ထိုသို့စီမံဆောင်ရွက်ခွင့်ကို ရရှိသော်လည်း ပုဂ္ဂိုလ်ရေးအရ တာဝန်ယူဖို့ အာမခံရမည်မှာ ထိုဘာသာရေးခေါင်းဆောင်များက အခြားဘာသာအယူဝင် လူနာတို့ကို ပြောင်းလဲရရှိအောင် မကြိုးစားရန်ဖြစ်သည်။

သူ့ကိုမြင်ရသည်မှာ လိုအပ်သည်ထက် အမြဲတမ်းကိုယ်တိုင် ပိုမိုလုပ်ကိုင်နေခြင်းကိုဖြစ်သည်။ သို့သော်သူ့အမြင်ကရဲရင့်၊ ဆန်းသစ်စံနမူနာဖြစ်သလို လမ်းသစ်များ ထွင်ခဲ့ခြင်းဖြစ်သည်။ စတည်ထောင်ရန် အမိန့်ရပြီး ခြောက်လအတွင်း ကောင်းစွာလည်ပတ်နိုင်အောင် တည်ထောင်မွေးဖွားခဲ့ပြီးပေပြီ။ ဌာနအသီးသီးကို အလုံးစုံစစ်ဆေးပြီး အသုံးစရိတ်ကို လျှော့ချသည်။ အထူးသဖြင့် စားဖိုချောင်ဘက်တွင်ပင်။ စားဖိုမှူးချုပ်ကို အစားထိုးပြီး ချက်ပြုတ်ရာ စီမံမှုကို တိုးတက်စေခဲ့သည်။ ဝယ်ရာ၌လျှော့ဈေးရအောင် စတင်အသုံးပြုပြီး မီးဖိုမှ လူနာများထံ အစားအသောက်များယူဆောင်ရာတွင်လည်း စက်လှေကားတပ်ဆင်ခဲ့သည်။ ငွေကြေးစာရင်းတို့ ပြန်စစ်ဆေးပြီးသောအခါက သူနာပြုတချို့ကို အလုပ်ရပ်နားခဲ့ရသည်။ ခွဲစိတ်ကုပေးမည့် သူ့အသစ်ခန့်ထားခြင်းကြောင့်လည်းပါသည်။ ထိုသူ၏ လက်ထောက်အဖြစ် နိုက်တင်ဂေးက အကူအညီပေးရသည်။ ရံဖန်ရံခါတစ်စုံတစ်ရာ သူလုပ်နေသည့်အခါ နိုက်တင်ဂေးက သူလုပ်သလို လိုက်လုပ်ပေးရခြင်းလည်း ရှိသည်။

သူ့တွင် အတွေးများက ရှုပ်ထွေးနေပြီး အလေးအနက်စဉ်းစားနိုင်အောင် ကြိုးစားရသည်။ သူဖခင်ထံ အမျိုးသမီးတစ်ဦး၏ ဖြစ်ရပ်အကြောင်းစာရေးရာ၌ အတွင်းတိမ် ခွဲစိတ်မှုမအောင်မြင်ဘဲ မျက်စိမမြင်ဖြစ်သွားပုံ အကြောင်းပါဝင်သည်။ ထိုအဖြစ်ကြောင့် ဝမ်းနည်းကြေကွဲမှုတို့ သူ့ကိုလွှမ်းခြုံခဲ့သည်။ လူနာများကလည်း သူ၏ သနားကြင်နာမှုကို စာဖြင့်ရေးသားရာတွင်လည်း ' ကျွန်ုပ်၏ ချစ်လှစွာသော သစ္စာရှိသူငယ်ချင်း၊ ချစ်ခင်ရ သောအမေ' စသည်ဖြင့် ခေါ်ဝေါ်ကြလေ့ရှိသည်။

ဟာလေလမ်းသည် ကျေနပ်ဖွယ်အတွေ့အကြုံတို့ရသော နေရာတစ်ခုဖြစ်သည်။ ၁၈၅၄ နှစ်သစ်အစသည် 'သူ့အတွက် ဘဝတွင် အပျော်ဆုံးနှစ်သစ်အဖြစ်ပိုပြီး ခံစားခဲ့ရသည်' ဟုရေးခဲ့သည်။ သို့သော် စိတ်ပျက်စရာများ ကြုံရခြင်းလည်းရှိပါသည်။ သူ၏ အရည်အချင်းများနှင့် အမြင်တို့ရှိသော်လည်း လုပ်ရာတွင်မူ အကန့်အသတ်များ ရရှိသည်။ လူတန်းစားအလွှာအားလုံးမှ သူတို့အတွက် တံခါးဖွင့်ထားလိုသည်က သူ့ဆန္ဒဖြစ်သော်လည်း ဆန္ဒမပြည့်ခဲ့သလို သူနာပြုများကို လေ့ကျင့်ပေးမည့် သင်တန်းကျောင်းကိုလည်း မတည်ထောင်နိုင်သေးပါ။

ထိုကာလများအတွင်း လန်ဒန်ရှိကိုယ်ပိုင်အခန်း၌ မိတ်ဆွေများနှင့် တွေ့ဆုံဖြစ်ခဲ့သည်။ ယင်းတို့က အိမ်တွင်နေရန်ဖိုင်းပြောကြသော်လည်း သူကငြင်းပယ်သည်။

ကလာကေးထံစာဖြင့် ရှင်းပြခဲ့ရာတွင် သူ့တွင်ရှိသော အတွေးများက ရှည်လျားပြီး၊ အကြောင်းအရာကလည်း ခက်ခဲနေကြောင်း ယခုပြီးစီးအောင် လုပ်နိုင်မည့်အချက်ကို တွေ့နေပြီဖြစ်ကြောင်း နောက်မှထပ်ပြီး ရှင်းပြရန်လည်း ဆန္ဒမရှိတော့ကြောင်း ပြောပြခဲ့သည်။

၁၈၅၄ ဩဂုတ် အားလပ်ရက်အနည်းငယ်တွင် ဖလောရင့်လီဟတ်အိမ်သို့ ပြန်လာသည်။ ထိုအချိန်က စာရေးဆရာမမစ္စအဲလီဇဘက်ဂက်စ်ကဲလ်က ဧည့်သည်အဖြစ်ရောက်ရှိနေသည်။ အတွေးအခေါ်ကောင်းသူ မစ္စဂက်စ်ကဲလ်တစ်ယောက် သူ့စိတ်ကို နိုက်တင်ဂေးလို ကြင်နာသနားတတ်သူဖြစ်အောင် မည်သို့လုပ်ရမလဲ မစဉ်းစားတတ်အောင်ရှိသည်။ ဖလောရင့်နိုက်တင်ဂေးကို သူ့အမြင်က ဆုံးဖြတ်ချက်ခိုင်မာသော အမျိုးသမီးတစ်ယောက် အများအတွက် ဆောင်ရွက်ပေးသော အလုပ်တို့၌ ယဉ်ကျေးသိမ်မွေ့ပြီး မေတ္တာအကြင်နာတရား ကြီးမားသူတစ်ယောက်ဟုဖြစ်သည်။ သူ့၌ နားလည်ဆုပ်ကိုင်ရန်ခက်သော အရည်အချင်းတစ်ခု ရှိနေသည့်အကြောင်းကို မစ္စဂက်စ်ကဲလ်က''လူသားတစ်ယောက်အနေဖြင့် နောက်ထပ်ယှဉ်ပြိုင်ရာ၌ အလွန်အရှိန်မြင့်လိုက်ပြီး နတ်မိမယ်ကဲ့သို့အလား သူ့အား မြင့်မြတ်သော သူက စကားပြောနေသကဲ့သို့ မြင်ရလုနီးပါး'' ရုပ်သွင်ကိုမြင်ရသောသူဟု ဖေါ်ပြသည်။

မိခင်ဖြစ်သူ ဖန်နီနိုက်တင်ဂေးမှာ ဖလောရင့်နိုက်တင်ဂေး၏ ခေါင်းမာမှုကို နားမလည်နိုင်အောင်ရှိပြီး ထိုထူးဆန်းသော သူ့သမီးရောက်ရှိလာခြင်းကို မိသားစုအတွင်းမှ ဘဲများကြားက ''ငန်းရိုင်း''တစ်ကောင်ဟုခေါ်ခဲ့ပေသည်။

ထိုစဉ်လန်ဒန်၌ ဝမ်းရောဂါဖြစ်ပွားနေ၍ ဖလောရင့်နိုက်တင်ဂေးသည် သူ၏ အားလပ်ရက်ခရီးကို ဖြတ်တောက်ခဲ့သည်။ မြို့တော်သို့ပြန်၍ မစ်ဒယ်လ်ဆက်စ်ဆေးရုံတွင် စေတနာ့ဝန်ထမ်း သွားရောက်ကူညီပေးမှုကို ပြုလုပ်ခြင်းဖြစ်သည်။ သူနာပြုများစွာပါ ကူးခံရပြီး သေဆုံးသည်ကို သိသိနှင့် သွားရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ လူနာများအကြားသေဆုံးမှုကလည်း မြင့်မားသည်။ ရက်ပေါင်းများစွာ မဖောနိုင်မပန်းနိုင် အမျိုးသမီးလူနာများကို ပြုစုခဲ့ရာ အများစုမှာ လူမှုရေးအရ စွန့်ပယ်ခံထားရသူများဖြစ်သည်။ ယင်းတို့၏ အဝတ်အစားများကို ချွတ်ပြီး သက်သာအောင်ကုသပေးခြင်း၊ လိုအပ်သည်တို့ကို ပြုစုပေးခြင်းတို့ပြုလုပ်သည်။ ရောဂါကူးစက်မှုလျော့နည်းသွားမှ ဟာလေလမ်းကို ပြန်ခဲ့သည်။

ဆေးဘက်ဆိုင်ရာလုပ်ငန်းအကြား၌ သူ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ကြောင့် စကားတို့မှာ ပျံ့နှံ့သွားသည်။ အလုပ်အကိုင်သစ်များအတွက် ကမ်းလှမ်းမှုတို့ကိုပါ ယခုစဉ်းစားနေရပြီး ထိုထဲမှ တစ်ခုက ကင်းကောလိပ်ဆေးရုံတွင် အသစ်တည်ဆောက်မည့် သူနာပြုများအတွက် လေ့ကျင့်သင်တန်းပေးမည့် ရာထူးတစ်နေရာဖြစ်သည်။



ဆာဂျွန်ရောဘတ်စတီလီ၏ လက်ရာ
ဖလော့ရင့် နိုက်တင်ဂေး ကိုယ်တစ်ပိုင်းရုပ်တု

သူ့သူငယ်ချင်းများကတော့ ဖလောရင့်နိုက်တင်ဂေးဆိုသည်မှာ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာတွင် လူသားတိုးတက်မှု အကြောင်းတရားတို့ဖြစ်အောင် ထမ်းဆောင်ပေးနေမည့်သူ မဆုံးနိုင်အောင် ကျော်ကြားစွာ လုပ်ဆောင်နေမည့်သူဖြစ်ကြောင်းကို သိထားပြီးသည်ကို သူငယ်ချင်းကဗျာဆရာမ လစ်လက်စ်က ၁၈၅၂ မတိုင်မီ စာရေးသားခဲ့ပြီးဖြစ်သည်။

■


(၈)

## ခေါင်းဆောင်အမျိုးသမီးအဖြစ်သို့

၁၈၅၄ မတ်လတွင် ဗြိတိန်နှင့် ပြင်သစ်တို့က ရုရှားဇာဘုရင်ကို စစ်ကြေညာသည်။ ခရိုင်းမီးယားခေါ်ရုရှားတောင်ပိုင်းက ရှေ့တန်းစစ်မျက်နှာဖြစ်သည်။ ထိုနှစ် မေလကုန်တွင် ဗြိတိသျှတပ်အင်အား ၂၅၀၀၀၊ ပြင်သစ်တပ်အင်အား ၃၀၀၀၀ခန့် ပင်လယ်နက် ဒေသတွင် စခန်းချတပ်စွဲထားသည်။ မိုင်၃၀၀၀ကျော် ပို့လွှတ်လိုက်သော ဗြိတိသျှစစ်သား တို့မှာ ရောက်ရှိလာချိန်တွင် ဖျားနာခြင်း ဝမ်းကိုက်ရောဂါနှင့် ဝမ်းလျှောရောဂါတို့ ခံစားနေကြသည်။

ယင်းဝေဒနာခံစားနေရသူတို့ကို ကွန်စတန်တီနိုပယ်မြို့ ဆင်ခြေဖုံးရှိ စကူတာရီခေါ် တူရကီတို့ထံမှ ဗြိတိသျှတို့က ငှားရမ်းထားသော ဆေးရုံသို့ပို့ဆောင်ထားသည်။ ကြည်းတပ်စစ်တန်းလျားအဖြစ်မှ အသွင်ပြောင်းထားသော ဆေးရုံဖြစ်သည့်အားလျော်စွာ ကျန်းမာရေးနှင့် ညီညွတ်မှုအားနည်းပြီး အထောက်အကူပစ္စည်းများလည်း လုံလောက်အောင်မရှိပေ။ ဖျားနာသူများဖြင့်ပင် ဆေးရုံတွင် လူနာပြည့်လျှံထွက်နေသည့်တိုင် မကြာမီကရှေ့တန်း၌ ဒဏ်ရာရဖျားနာသူများကလည်း ဝင်လာမစဲရှိသည်။

ဒဏ်ရာရသူများကို ကုန်းလမ်းဖြင့် အဆက်မပြတ် ပို့ဆောင်ပေးနေခိုက် ဖလောရင့်နိုက်တင်ဂေးနှင့် သူ၏ ခရီးပန်းနေသော သူနာပြုများနှင့် သူငယ်ချင်းများပါဝင်သော အဖွဲ့သည် ကွန်စတန်တီနိုပဲ မြို့သို့ နိုဝင်ဘာ ၄ ရက်နေ့၌ ရောက်လာခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းနေသည့်ကြားမှာ ဘော့စ်ဖိုးရပ်ရေလက်ကြားကို ဖြတ်လာပြီး



လူအများ ပြွတ်သိပ်ထည့်ထားသော
ညစ်ပတ်ပေရေသော အခြေအနေများရှိရာ စကူတာရီမှ ဗြိတိသျှဆေးရုံ

စကူတာရီသို့ ရောက်လာခြင်းပင်။ စစ်တန်းလျားတစ်ဖြစ်လဲ ဆေးရုံက တောင်ကုန်း ထိပ်တွင် တည်ရှိသည်။ လိမ္မော်ဇရာင်အုတ်ခဲများဖြင့် စတုဂံပုံဆောက်လုပ်ထားပြီး ထောင့်လေးခုတွင် မျှော်စင်များရှိရာထောင့်တစ်ခုတွင် မျှော်စင်တစ်ခုစီဖြင့် အသာစီးစိုးမိုး ထားပေသည်။ သူတို့အဖွဲ့တောင်ကုန်းပေါ်တက်ခါ ဆေးရုံ၏ အနောက်မြောက်မျှော်စင် အတွင်းသို့ဝင်သည်။ ထိုမှအခန်းငယ်များကို ယူလိုက်ရာ နောင်တွင် ဌာနချုပ်ဖြစ်လာမည့် အခန်းများပေပင်။ နိုက်တင်ဂေးနှင့် ဆယ်လီနာဘရေ့စ်ဘရစ်ဂျ်တို့က တစ်ခန်းစီယူသည်။ မစ္စတာဘရေ့ဘရစ်ဂျ်နှင့်အကူတစ်ဦးက တစ်ခန်းထဲ၌မျှနေသည်။ သူနာပြုများက အလားတူနေရာလွတ် ကွက်လပ်ထဲ၌စုပြုံနေကြသည်။ ခြံဝင်းအတွင်းမှ ရွံ့များနှင့် အမှိုက်သရိုက်များက အားလုံးအတွက် တုန်လှုပ်ဖွယ်ရာဖြစ်သည်။ ရောဂါပိုးပျံ့နှံ့နိုင်သော တိရစ္ဆာန်များနှင့် အညစ်အကြေးများ နေရာတိုင်း၌ကျိုးပျက်နေသော တံခါးများနှင့် ဆေးရုံဖြစ်သည်။ 'ဥရောပရှိ မြို့ကြီးအများစု၏ ဆိုးရွားသော အစိတ်အပိုင်းတို့ရှိ နေအိမ်တိုက်ခန်းတို့အကြောင်း ကောင်းစွာသိထားပြီး ဖြစ်သည်။ သို့သော် မည် သည့် နေရာကမှ ဘားရက်ဆေးရုံ၏ အခြေအနေဆိုးရွားမှုကို မယှဉ်နိုင်ဟု ဖလောရင့် နိုက်တင်ဂေးကပြောသည်။

ဆေးရုံဝင်းအတွင်းမှ အညစ်အကြေးများသည်လည်း မျှော်လင့်ချက်မဲ့သော အခြေနေတစ်ခုဖြစ်သည်။ ပစ္စည်းကိရိယာအသုံးအဆောင် ပြတ်လပ်မှုကလည်း အံ့ဩလောက်ဖွယ်ဖြစ်ပြီး ဗြိတိသျှစစ်ရုံးက လုပ်ငန်းဆောင်ရွက်ပေးမှုကို ရပ်တန့်ခဲ့လျှင် ပိုဆိုးရွားပေမည်။ ဘားရက်ဆေးရုံသည် အမျိုးသားများအတွက် လူနာခုတင်လုံလောက် မှု မရှိပေ။ ဆေးဝါးထောက်ပံ့မှု မရှိသလို ပတ်တီးစည်းရန် အဝတ်များပင်မရှိပေ။ သန့်ရှင်းရေးအတွက် အထောက်အကူများဖြစ်သော တံမြက်စည်းမျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ လက်ဆွဲပုံး၊ ကြမ်းတိုက်ရန်ပစ္စည်းတို့လည်း မရှိ။ လိုအပ်သော အရာဝတ္ထု အားလုံးချို့တဲ့သည်။ ချက်ပြုတ်လျှော်ဖွတ်ရန် ရေနွေး၊ ကတ်ကြေး၊ ဇွန်း၊ ဓါး၊ ခက်ရင်း၊ စသည်တို့ဖြစ်သည်။ ဗိုင်ပုလင်းနှင့် ဘီယာပုလင်းလွတ်များကို ဖယောင်းတိုင်ထွန်းရန် အသုံးပြုသည်။

နိုက်တင်ဂေးတို့ရောက်ပြီး နောက်တစ်နေ့တွင် အင်ကာမန်းစစ်မြေပြင်မှ ဆေးရုံသို့ ဒဏ်ရာရသူများစွာထပ်ပြီး ရောက်လာခဲ့သည်။ သူပတ်ပတ်လည်ရှိလူနာများကို သေခြင်းကလွှမ်းမိုးနေသည်။ များစွာက လမ်းတွင်သယ်ပို့ရင်း ပျက်စီးကြသည်။ တချို့က ဆေးရုံတွင် ခွဲစိတ်ရင်းသို့မဟုတ် ဝမ်းကိုက်ရောဂါ ဝမ်းလျှောရောဂါတို့ကြောင့် သေကြေပျက်စီးကြသည်။ ယင်းတို့၏ သေဆုံးမှုက အလွန်လျင်မြန်ပြီး အထူးသဖြင့် တပ်သားသစ်များဖြစ်၍ အများစုက အသက် ၁၅ နှစ် ဝန်းကျင်များဖြစ်သည်။ စစ်သားအနည်းငယ်သာ အသက် ၃၀ ကျော်အရွယ်ဖြစ်ကြသည်။

လက်မခံနိုင်ဖွယ်လျစ်လျူရှု ပစ်ပယ်ထားမှု စစ်ပွဲကာလအတွင်းမှ နိုင်ငံ၏ ဆေးဖက်ကုသပေးမှု အခြေအနေတို့ကြောင့်သာလျှင် သေဆုံးမှုနှုန်းမြင့်မားနေခြင်းဟု ဆိုနိုင်သည်။ ဆေးဘက်ဆိုင်ရာဆောင်ရွက်ပေးမှု၌ သင့်တော်သော ညှိနှိုင်းဆောင်ရွက်မှု အားနည်းသည့်အတွေ့အကြုံရှိမှန်းသိသိနှင့်ပင် ထိုတစ်ခုတည်းသော အာဏာပိုင်တို့က ဆက်လုပ်နေသော ပုံဖြစ်သည်။ ဗြိတိသျှစစ်ရုံးအတွက်သာ ထိုအချက်မှန်ကန်သည် မဟုတ် ဆေးရုံတွင်လည်း မည်သူတစ်ဦးကမှ အမျိုးမျိုးသော အထောက်အကူပစ္စည်းတို့အတွက် တာဝန်ယူနိုင်ခြင်းမရှိပေ။ ဥပမာ အစောပိုင်းလများကဆိုလျှင် ရှေ့တန်းစစ်မျက်နှာပြင်မှ ဒဏ်ရာရသူများကို ဆေးရုံသို့သယ်ပို့ရန် လူနာတင်ယာဉ်တို့ကို မည်သူမှ စီစဉ်ပေးခြင်းမရှိခဲ့။

ထိုစိန်ခေါ်မှုသည် အလွန်စိတ်ကူးရဲရင့်ထက်မြက်သူအတွက်သာ ရင်ဆိုင်နိုင်မည်ဖြစ်သလို ယင်းကိုရင်ဆိုင်ရန် ဖလောရင့်နိုက်တင်ဂေးက အသင့်ဖြစ်နေသည်။ ထိုဘေးအန္တရာယ်များကို ဖြေရှင်းနိုင်သော အတွေ့အကြုံ တို့သူ့တွင် ရှိမှသာလျှင် ပရမ်းပတာအခြေအနေများထဲ ခရီးဆက်နိုင်မည်ဖြစ်သည်။ စစချင်းတွေ့ကြုံရသော ဖိအားက ပြင်းထန်သော်လည်း ဖလောရင့်နိုက်တင်ဂေးက တည်ငြိမ်စွာရှိပြီး စကားပြော

ဆိုရာတွင် အမြဲထိန်းချုပ်၍ သိမ်မွေ့စွာ ပြောဆိုသည်။ မကြာမီကမှ လေ့လာထားခဲ့ပြီး ဖြစ်သော အရေးပေါ်ကိစ္စတို့၌ ဘာလုပ်ရမည်ကို တိကျစွာသိထားခြင်းစသည်တို့ကို ဖလောရင့်ကကောင်းစွာ ပြုလုပ်ပေးနိုင်နေပြီး ဖြစ်သည်။ ဘာသာရေးခံစားမှုအရလည်း သူနာပြုလည်းခဲ့သည်မှာ ဘုရားသခင်၏ အလိုတော်အရ ၁၇ နှစ်သမီးအရွယ်ကပင် ဒုက္ခမှ ကယ်တင်သူတစ်ဦး ဖြစ်လာသည်ဟုပင်။

ဆေးရုံအတွင်းမှ အညစ်အကြေး အမှိုက်သရိုက်များဖြင့် ပေရေနေခြင်းကို ရှင်းထုတ်စေသည်။ သူတို့ခေါ်ဆောင်ခဲ့သော ရှားပါးလှသည့် ပါရမီရှင် ဖလောရင့်နိုက်တင်ဂေးအတွက် လုပ်ဆောင်စရာများက များပြားသည်။ အရင်ဆုံး ထိုနေရာကို သန့်ရှင်းအောင် ပြုလုပ်သည်။ ဆေးရုံရောက်ပြီး ၁၀ ရက်ကြာသည်အထိ ဆေးရုံဝင်းအတွင်းမှ အပြင်မထွက်နိုင်ခဲ့။ သူ့ကိုယ်သူမောင်းတင်ပြီး အခြားသူများပါဝင် စေကာ အစေခံကဲ့သို့ ဆေးရုံဝင်းအတွင်းမှ သန့်ရှင်းရေးကိစ္စတစ်ခုတည်းကို အဆက်မ



ခရိုင်းမီးယားစစ်ပွဲကာလအတွင်း ဆေးရုံများအကြား
ဖလောရင့်နိုက်တင်ဂေး မြင်းလှည်းဖြင့် သွားလာနေပုံ

ပြတ် လှည့်လည်လုပ်ဆောင်သည်။ အမြော်အမြင်ရှိစွာ မာဆေးမှ ဝယ်ယူလာခဲ့သော မီးဖို အသေးလေးများနှင့် ဖျားနာသူတို့အတွက် အထူးအစားအသောက်တို့ကို ပြုလုပ်ပေးသည်။ နှောင့်နှေးမှုတို့ကို သည်းမခံနိုင်တော့တဲ့ သူရနိုင်သမျှရှိသော ရန်ပုံငွေများကို အသုံးပြုခဲ့သည်။ ထိုငွေကြေးတို့ထဲ၌ သူကိုယ်ပိုင်ဝင်ငွေအပြင် မိတ်ဆွေများနှင့် ပြည်သူများက ပါဝင်လှူဒါန်းကြသော ငွေကြေးတို့ပါဝင်ပေသည်။ အပိုငွေကြေးတို့ ယင်းသို့ရလာအောင် The Times သတင်းစာက စုဆောင်းပေးခြင်းဖြစ်သည်။ ကိုယ်ချင်းစာနာသော ပြည်သူလူထုက သူ့ကို လွှဲပြောင်းလှူဒါန်းကြသော ရန်ပုံငွေများဟု ဆိုရမည်။

သူရောက်ပြီးနောက် စကူတာရီရှိ The Times သတင်းထောက်မစ္စတာ မက်ဒေါ်နယ်ကို ရှာတွေ့ခဲ့သည်။ သဘောကောင်းသော ခရစ်ယာန်ဘုန်းကြီး ဆစ်ဒနေဂိုဒိုလ်ဖင်အော့စ်ဘွန် နေရာအစားဝင်လာသူဖြစ်သည်။ ဖလောရင့်က မက်ဒေါ်နယ်နှင့် ဘရေ့စ်ဘရစ်တို့ကို ကွန်စတန်နီနိုပဲသို့စေလွှတ်ပြီး သူလိုအပ်နေသော အရာမျိုးစုံကို ယင်းမြို့ရှိ ဆိုင်များမှ နေရာအနှံ့ လှည့်လည်ရှာဖွေဝယ်ယူစေခြင်း ဆေးရုံအတွက် အစားအသောက် တရားဝင်ထောက်ပံ့ပေးသွင်းမည့်သူ ရှာဖွေခြင်းတို့ ပြုလုပ်သည်။ ကြမ်းပြင်နှင့် နံရံများပွတ်တိုက်သန့်စင်ဖို့ ဘရပ်စ် ၃၀၀ကျော်ဝယ်ရန် အမိန့်ထုတ်သည်။ အိပ်ရာ၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ အမျိုးသားများ မုတ်ဆိတ်ရိတ်ရန် ကတ်ကြေးစသော အသုံးအဆောင်တို့လည်း စီစဉ်ပေးသည်။ ဒဏ်ရာများနှင့် ဆန့်ကျင်ဘက်ကြမ်းတမ်းသော ကင်းဗတ်စများ စောင်များနှင့် ဖုံးလွှမ်းထားသည်များကို ဖယ်ရှားစေပြီး စစ်သားတို့၏ ခန္ဓာကိုယ်မှ အညစ်အကြေးထပ်ထပ်နှင့် အကျီတို့ကိုလည်း ဖယ်ရှားသည်။ ရှပ်အကျီအိပ်ရာခင်း စောင်များဝယ်ယူပေးပြီး အထူးအသုံးပြုရန် မီးဖိုများ အသုံးပြုရန် ခွင့်ပြုဖို့ တောင်းခံသည်။ ယင်းတို့ကို ထိုအရပ်မှ ထောက်ပံ့ပေးရန် မဖြစ်နိုင်၍ လန်ဒန်မှ မှာယူရသည်။ ထို့ပြင် ထောင်ချီသောသူများကို ချက်ပြုတ်ကျွေးမွေးနိုင်ရန် မီးဖိုဆောင်များလည်း ဖြည့်စွက်ပြုလုပ်ပေးရသည်။ လျှော်ဖွတ်ရန် ရေနွေးလည်း လို၍စကူတာရီတွင် အိမ်တစ်လုံးသီးသန့်ငှားရမ်းပြီး ဘွိုင်လာအိုးစသော အသုံးအဆောင်များတပ်ဆင်စေသည်။

ထိုကိရိယာများတပ်ဆင်အသုံးပြုမှ သူ၏ ကြိုးကြပ်မှုများပြီးမြောက်အောင်မြင်အောင်လုပ်နိုင်ပေမည်။ ဆေးရုံတွင် တက်ရောက်နေသော စစ်သားများနှင့် နိုင်းစေနေသော တပ်ကြပ်ကြီးများကို တစ်နေ့လုံး ရှည်လျားစွာ ဆူပူကြိမ်းမောင်းနေလေ့ရှိသည်ဟု လုပ်ဖော်ကိုင်ဖက်များထဲမှ တစ်ဦးကဖော်ပြပေသည်။ အလုပ်များစွာ၌ပင် ဆရာတစ်ဆူဖြစ်လာကြောင်းကို မိသားစုထံပြောခဲ့ရာတွင် ကိုယ်တိုင်ပဲချက်ပြုတ်သူ၊ မီးဖိုချောင်ထိန်းသိမ်းသူ၊ ပစ္စည်းလိုက်ရှာသူ ပြီးတော့ အဝတ်လျှော်သူ၊ အထွေထွေနဲ့



ဆေးရုံကို ပြန်လည်တည်ထောင်ပြီးနောက် ဖလောရင့်နိုက်တင်ဂေး
သူ၏အချိန်အများစုအား ဒဏ်ရာရသူများကို ကုသပေးရာ၌ သုံးခဲ့စဉ်

စတိုထိန်းသိမ်းသူ ဖြစ်နေပြီဟု ဆိုပါသည်။

မကြာမီ သူနာပြုခြင်း၌ အပြည့်အဝအာရုံစိုက်ဖို့ အားလုံးကတောင်းဆိုလာကြသည်။ အစပိုင်းတွင် စစ်သားများတစ်နေ့လျှင် ရှစ်နာရီမျှ ဒဏ်ရာရသူများကို ဆေးထည့်ပတ်တီးစီး စသည်ဖြင့် ဖလောရင့်ကုသနေပုံကို လှမ်းမြင်နေရသည်။ လူနာများ သက်သာရသည်ကိုလည်း တွေ့မြင်ကြရသည်။ ရုံဖန်ရံခါ နောက်ထပ်ဒဏ်ရာရသူများ အသစ်ထပ်ရောက်လာချိန်တွင် တစ်နေ့လုံး နာရီ ၂၀ မျှ ကြီးကြပ်ကွပ်ကဲဂရုစိုက် ဆောင်ရွက်ပေးလေ့ရှိသည်။ ယင်းတို့ကို သန့်ရှင်းရေးပြုလုပ်စေခြင်း၊ ဒဏ်ရာများကိုဆေးထည့်ခြင်း၊ အစားအသောက်များကျွေးခြင်းနှင့် သက်သာလာအောင် ကိုယ်တိုင် ကူညီဆောင်ရွက်ပေးသည်။

သူ၏ မေတ္တာတရားကြီးမားပုံအကြောင်း ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ ခွဲစိတ်ကုဆရာဝန်များဘေးတွင် အကူအဖြစ် ဆောင်ရွက်ပေးခဲ့ပုံပင်။ ယင်းခွဲစိတ်ကုတို့ဘေး၌ အကူများမလုံလောက်ဖြစ်နေလျှင် မျှော်လင့်ချက်မဲ့ပြီး ယင်းတို့၏ လူနာများကို

ကယ်တင်ရမည့်အချိန်တို့လည်း အလဟဿဖြစ်သည်။ ဖလောရင့်နိုက်တင်ဂေးသည် တစ်နေ့တည်း၌ပင် ယင်းကိစ္စမျိုး ငါးခုကို အကူဝင်လုပ်ပေးသည်။ လုပ်နိုင်ရန်လည်း ခွင့်ပြုချက်ယူသည်။ နောက်သူနာပြုတစ်ဦး အကူအညီကိုလည်း ယူသည်။ ဒဏ်ရာရထားသော လူနာများကိုလည်း တစ်ညလုံးကြည့်ရသည်။ ယင်းတို့အင်အား ပြန်ထူဆောင် နိုင်ရန်လည်း ဂရုစိုက်ကျွေးမွေးသည်။ နံနက်တွင် တွေ့ကြုံရမည့်ခွဲစိတ်မှုအတွက် အင်အားရှိကြောင်း လက်ခံနိုင်ရန်ဖြစ်သည်။

ကူးစက်တတ်သော ရောဂါတို့ကြောင့် ကူးစက်ရောဂါများဖြစ်နေသော ကာလတို့တွင် ဖလောရင့်နိုက်တင်ဂေးသည် သူ့ကိုယ်ပိုင်အန္တရာယ်အတွက်ပင် ထည့်မစဉ်းစားပေ။ ဤသို့ ကူးစက်ရောဂါတစ်ခု ဖြစ်ပွားနေသော ကာလအတွင်း၌ သူနာပြုသုံးဦး၊ ဆရာဝန်ခုနစ်ဦး သေဆုံးခဲ့သည်။ သူအချိန်ကုန်လွန်နေသော လူများသေခြင်းနှင့် ရှင်ခြင်းဟူသော ကြားထဲ၌ လွန်ဆွဲလျက်ရှိသည်။

အခြေခံစာရိတ္တအပြုအမူမှန်ကန်ဖို့ သူ၏ သူနာပြုများကို ဆေးရုံဝင်းအတွင်း သူသွားလာခွင့်မပြုပေ။ သူပင်ပန်းလာသည့် အချိန်မတိုင်မီ နောက်ဆုံးတစ်ကြိမ် လှည့်လည်စစ်ဆေးသည်။ လက်အတွင်းမှ မီးအိမ်နှင့် အဆောင်များအတွင်း လမ်း လျှောက်ဖြတ်သန်းသွားခြင်းကြောင့် နောင်တွင် မီးအိမ်ရှင်နှင့်အမျိုးသမီးဟု သူကျော် ကြားလူသိများခဲ့သည်။ မဆုံးနိုင်သော ခုတင်များကြား လူနာတစ်ဦးချင်းကို ဂရုစိုက်ကြည့်ရှုနေသည်ကို ညစဉ်တွေ့ကြရသည်။

သူနာပြုစုခြင်းကို သူသိသော အစိပ္ပါယ်က မျိုးစုံထောင်ချီ၍ ကိုင်တွယ်ပြုလုပ်ရသော အလုပ်များဖြစ်ပြီး အလုပ်တစ်ခုချင်း လက်တွေ့အသေးစိတ်က ပျင်းရိဖွယ်ရာ ဖြစ်သည်ဟု ရေးသားခဲ့လေသည်။ ဖျားနာခြင်းဒဏ်ရာရခြင်းတို့အတွက် သေခြင်းနှင့် ရှင်ခြင်းအကြား ခြားနားသွားအောင် ပြုလုပ်ပေးရခြင်းဖြစ်သည်။

ထောက်ပံ့မှုများရရှိရန် ဖလောရင့်နိုက်တင်ဂေးသည် မကြာခဏအစိုးရစည်း မျဉ်းများကို ဗီဆန်ပြောဆိုလေ့ရှိသည်။ အစိုးရတာဝန်ရှိသူများထံ စာရေး၍ လူနာများ တိုးလာ၍ ပစ္စည်းပစ္စယများလုံလောက်ရန် တောင်းဆိုလေ့ရှိရာ တရားဝင်မဟုတ် ပစ္စည်းပေးသွင်းနေသူ ဖြစ်မှန်းမသိဖြစ်လာသည်။ ဆေးရုံကကြောက်နေသူများနှင့် သူနာပြုများပါ သူ၏ ပစ္စည်းထုတ်ပေးရာ အခန်းသို့လာရောက်ပြီး မျက်နှာသုတ်ပဝါ၊ အစားအစာချက်ပြုတ်ရန် အိုး၊ အိပ်ရာခင်းတို့ ထုတ်ယူကြသည်။

ဆေးရုံ၏ တကယ်တမ်းအချက်အချာနေရာက မျှော်စင်ဖြစ်ပြီး နိုက်တင်ဂေး နေထိုင်ရာနှင့် ထောက်ပံ့ရန်ပစ္စည်းများ သိမ်းဆည်းရာလည်း ဖြစ်သည်။ အနီးအနားရှိ အခန်းငယ်တစ်ခုတွင် သူနာပြုများနှင့် တွေ့ဆုံပြီး ထိုနေ့အတွက် အလုပ်များကို ရှင်းလင်းဆွေးနွေးလေ့ရှိသည်။ ထိုမျှော်စင်မှနေပြီး ရှည်လျားသော သူ၏ အစီရင်ခံစာနှင့်

ကုန်ကျစရိတ်စာရင်းကို ဆစ်ဒနေဟားဘတ်ထံရေးသားပြီး ပို့ခဲ့သည်။ ယခုအလုပ်ကို စတင်လုပ်ကိုင်စဉ်ကပင် လစာဟူ၍မရဘဲ နောက်ကျရက်စွဲဖြင့် အစိုးရ၏ ပြန်ပေးငွေတို့ကို ထုတ်လာနိုင်မည်ဖြစ်သည်။ မျှော်စင်ရှိ အခန်းများကို ဖလောရင့်နိုက်တင်ဂေးက အစစအရာရာထိန်းချုပ်ထားပြီး သူ၏ အုပ်ချုပ်မှု ကြံစည်ဆောင်ရွက်ခြင်း၊ အမြော်အမြင်ဖြင့် ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန် အသုံးပြုသည်။ ဖလောရင့် နိုက်တင်ဂေးသည်လည်း အစွမ်းကြီးမားသော အမျိုးသမီးတစ်ဦးဖြစ်လာသည်။

သူသည် ဆေးရုံအတွင်း ထိရောက်သော အထောက်အကူတို့ဖြစ်လာအောင် ပြောင်းလဲနိုင်သည်သာမဟုတ် သူနာပြုများကိုလည်း ထိရောက်စွာ အသုံးဝင်အသုံးချနိုင်သော သူများဖြစ်အောင် ပြောင်းလဲနိုင်ခဲ့သည်။ သို့သော် သူ၏တင်းကျပ်သော စည်းမျဉ်းများကို များစွာသောသူတို့ ဒေါသဖြစ်ခဲ့ကြသည်။

အခြားသူများအပေါ်ပါသည့်တိုင် သူနာပြုများကို ဆေးရုံဝင်းအပြင်ဘက်သို့ ယင်းတို့၏ လုံခြုံမှုအတွက် ထွက်ခွင့်မပေးခဲ့ပေ။ ယင်းတို့၏ ရည်မှန်းချက်က ဝတ်စုံ



မီးအိမ်ရှင်အမျိုးသမီးဟု နာမည်ခံခဲ့ရသော ဖလောရင့်နိုက်တင်ဂေး ညစဉ် အဆောင်များအတွင်း လှည့်လည်ကြည့်ရှုနေပုံ

အတန်းအစားအလိုက် ဦးတည်ဖို့ဖြစ်သည်။ သူနာပြုများသည် ဘာသာရေး သွန်သင်မှုများကိုလည်း ယင်းတို့၏ အမူအကျင့်နှင့် ကိုက်ညီအောင်လိုက်နာရသည်။ သို့သော် ဘာသာရေးနှင့် မသက်ဆိုင်သော သူနာပြုတစ်ဦးဖြစ်သော ဖလောရင့်နိုက်တင်ဂေးစည်းကမ်းနှင့် ဆိုင်သော ဝတ်စုံကို တီထွင်ဖန်တီးဝတ်ဆင်စေသည်။ မီးခိုးရောင်ဝတ်စုံ၊ သိုးမွေးချည် ဂျာကတ်၊ ဦးထုပ်သိုးမွေးလက်ပြတ်အကျီနှင့် အညိုရောင်လည်စည်းပဝါတို့ စကူတာရီဆေးရုံရှိ သူနာပြုများ ဝတ်ဆင်ကြသည်။ သူကဝတ်စုံများ၏ အမှတ်လက္ခဏာစည်းကမ်းကိုလည်း တင်းကျပ်သည်။ ယင်းတို့၏ ဦးထုပ်ပေါ်တွင် [illegible] သို့မဟုတ် ပန်းတို့တပ်ဆင်ခြင်းကိုပါ တားမြစ်သည်။ အများဆုံးကြုံသော အခက်အခဲက အလုပ်ပင်ပန်း၍ အနားယူနိုင်ရန် အနည်းငယ်သာဘ်ထိုးခြင်းဖြစ်၍ ထိုသို့လုပ်လျှင် နိုက်တင်ဂေးက ထိုသူကိုစည်းကမ်းတင်းကျပ်စွာ လိုက်နာစေသည်။ မိသားစုများထံ ရေးသားသောစာတို့တွင် သူနာပြုများက နိုက်တင်ဂေးသည် အာရုံခံစားမှု မရှိသူဖြစ်ကြောင်း စည်းကမ်းများ၏ အဓိပ္ပါယ်ကို ရှင်းပြရမည့်အစား ဖွတ်အတင်းနာခံရန် တောင်းဆိုကြောင်းဖြင့် စောဒကတက်ကြလေသည်။

စကူတာရီသို့ရောက်ပြီး သီတင်းခြောက်ပတ်အကြာတွင် အာရှမှကူးစက်လာသော ဝမ်းရောဂါအသစ်ပျံ့နှံ့လာရာ အခက်အခဲသစ်များကြုံပြီး သေကြေပျက်စီးမှုလည်း ပိုများလာခဲ့သည်။ ညစဉ်အဆောင်ထဲလှည့်လည်ကြည့်ရှုရာတွင် အသည်းအသန်ဖျားနေလျက်နှင့် အားတင်းကြိုးစားသွားခဲ့လေသည်။ တစ်နေ့လှည့်လည်စစ်ဆေးစဉ် ၁၇ နှစ်အရွယ်လူငယ်တစ်ဦးသည် နာကျင်မှုကြောင့် မိခင်ကိုတ၍ငိုကြွေးနေလေသည်။ ပါရမီရှိပြီး ဖြစ်သော နိုက်တင်ဂေးက ထိုသူငယ်ကို အားပေးနှစ်သိမ့်၍ သက်သာရာရစေသည်။ ဆေးရုံရှိလူများတို့မှာ ယင်းတို့ကို နိုက်တင်ဂေးကောင်းစွာဂရုစိုက်ပေးခဲ့ကြောင်း သိရှိကြသည်။ ယင်းတို့ကလည်း အပြန်အလှန်ပင် သူအလုပ်ဆက်လုပ်နိုင်မည့် ခွန်အားတို့ ပေးကြသည်။

တိုက်ပွဲတစ်ခုဖြစ်လျှင် ဆေးရုံသို့ လူနာသစ်များ ပြည့်အောင်ရောက်လာပြီး ဝမ်းနည်းကြေကွဲဖွယ်အဖြစ်များ ပိုများလာခဲ့သည်။ ဒီဇင်ဘာလ ကုန်တွင် ဘားရက်ဆေးရုံ၌ ခုတင် ၂၅ဝဝလူနာပြည့်နေသည့်အပြင် ဒဏ်ရာရသူလူနာများ ကော်ရစ်ဒါထဲ ထုတ်ထားရသည်အထိ လျှံထွက်နေခဲ့သည်။ ခုတင်တစ်ခုနှင့်တစ်ခုကြား ကွက်လပ်က ၁၈ လက်မသာရှိ၍ ယင်းတို့ကြား လူတစ်ကိုယ်စာတိုးဝင်၍ ရရုံသာရှိသည်။ ပို၍စိုးရိမ်စရာက ခွဲစိတ်ကုသမှုပေးရာ အထူးခန်းနည်းပါးသဖြင့် လူနာတစ်ဦးကို ကုသမှုပေးသည့် မြင်ကွင်းအားလုံးကို အခြားသူများက မြင်နေရခြင်းပင်။ ခြေလက်တို့ ဖြတ်ပြီး ခွဲစိတ်ကုသပေးရသောအခါမျိုး၌ ဒဏ်ရာကြောင့် သတိလစ်မေ့မြောသွားသည်အထိ ထိတ်လန့်ဖွယ်ရာတို့ ဖြစ်လေ့ရှိရာ ထိုအဖြစ်မျိုး မြင်တွေ့ရပြီးနောက်

ရံဖန်ရံခါ စောင့်နေသော ခွဲစိတ်ကုသမှုခံဖို့ကိုပင် ငြင်းဆိုလာကြသည်။ ထိုအခြေအနေကို ပြန်ပြင်နိုင်အောင် နိုက်တင်ဂေးက လိုက်ကာများကာရံရန် ညွှန်ကြားသည်။ သို့သော် လိုက်ကာများကလည်း ပြင်းထန်သည့် ဝေဒနာကြောင့် ထွက်လာသည့်ငိုကြွေးသံများကို ဖုံးကွယ်ထားလို့တော့မရပေ။ ခြေလက်အင်္ဂါများ မစုံတော့သည့်အကြောင်းကို နိုက်တင်ဂေးက ကျွန်မတို့ဆေးရုံက ကော်ရစ်ဒါအားလုံးမှာ ပျမ်းမျှလူတစ်ယောက်ကို ခြေလက်သုံးခုတောင် မပြည့်ဘူးလို့ထင်ရပါတယ်' ဟုပြောခဲ့သည်။ ဆေးရုံကွက်လပ်တိုးချဲ့ တည်ဆောက်ချိန်တွင် နိုက်တင်ဂေးက ဆောက်လုပ်ရေးကြီးကြပ်သူလည်း ဖြစ်သည်။ ဆေးရုံကို ကချွှာအလိုက် ခွဲထုတ်ပြုပြင်ရန်တိုက်တွန်းခဲ့သည့်အားလျော်စွာ သင့်တော်စွာ ဆောက်လုပ်ပြီးရန်အတွက် ဆောက်လုပ်ရေးလုပ်သား ၂၀၀ ကျော်ကို ကြီးကြပ်လုပ်ကိုင် ပေးခဲ့ရခြင်းဖြစ်သည်။

■

## (၉)
## အမြင်သစ်တစ်ခု

သီတင်းခြောက်ပတ်ကြာချိန်၌ ဖလော့ရင့်နိုက်တင်ဂေး လက်ထဲ၌ ထိန်းကိုင်ထားသော အရာတို့၏ အခြေအနေက ရှုပ်ထွေးလာသည်။ အရာရာတိုင်း ဖြစ်ပျက်နေသည်တို့ကို သတိထားကြည့်ရသည်။ ဘယ်သူက ဘယ်နေရာ၌ ရှိသည်။ ဘယ်သူက ဘာလုပ်သည် စသည်ဖြင့်ပင်။ လုပ်ငန်းကို သူက ထိန်းချုပ်ထားသော အခြေအနေတွင် သတင်းများ ရောက်လာသည်။ သူ့ သူငယ်ချင်း မာရီစတာန်လေ၏ ကြီးကြပ်မှုဖြင့် နောက်ထပ် သူနာပြု အယောက် ၄၀ ပါအုပ်စု စကူတာရီသို့ ဆိုက်ရောက်လာတော့မည့် အကြောင်းဖြစ်သည်။ ထိုသတင်းက သူ့ကို မည်သို့ ပြောင်းလဲနိုင်သနည်း။ ဘာတွေ ဘယ်လို ဖြစ်မည်နည်း။ နောက်ထပ် သူနာပြုတို့ကို ကြီးကြပ်အုပ်ချုပ်မည့်သူကို သူ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်ပေါ်တွင် စိန်ခေါ်လိုက်ၡလား။ တာဝန်ကို ခွဲဝေယူခြင်းမျိုး သူက မလုပ်လို။

ထိုသူနာပြုအဖွဲ့သစ်ကို သူ့မိတ်ဆွေ ဆစ်ဒနေဟားဘတ်က စုစည်းခဲ့စေခြင်းကို သိရသောအခါ ပို၍ အံ့အားသင့်စေခဲ့သည်။ ဆစ်ဒနေဟားဘတ်က သူ၏ ကြီးကြပ် အုပ်ချုပ်မှုကို တဖြည်းဖြည်း လျှော့နည်းစေလို၍လားဟု စဉ်းစားရသည်။ သို့သော် မစ္စတာဟားဘတ်က ဖလော့ရင့်နိုက်တင်ဂေး၏ ကောင်းကျိုးကိုသာ စဉ်းစားပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သူနာပြုများ တပ်ပို့ပေးသော သူ့အစီအစဉ်က ဖလော့ရင့်နိုက်တင်ဂေးအပေါ် ကျရောက်နေသည့် ဖိအားတို့မှ သက်သာစေဖို့ဖြစ်သည်။ ဖလော့ရင့်

နိုက်တင်ဂေး စဉ်းစားနေသော သူ၏ ခေါင်းဆောင်မှုအပေါ် စိန်ခေါ်နိုင်မှုကို ဟားဘတ်က နားမလည်နိုင်ချေ။

စိတ်လိုက်မာန်ပါဖြင့် နုတ်ထွက်ရန် စဉ်းစားနေပြီး အထုပ်အပိုးပြင်၍ အိမ်ပြန်လျှင် ကောင်းမလားဟု တွေးမိသည်။ သို့သော် လက်တွေ့ ခံစားမှုက ကောင်းကျိုးဖြစ်မည့်အရာဟု သိနေသည်။ မစ္စတာဟားဘတ်က သူ၏ တုံ့ပြန်မှုကို လေ့လာပြီးနောက် တောင်းပန်ခဲ့သည်။ သူက သူနာပြုတို့ကို အင်္ဂလန်သို့ ပြန်ပို့မည်ဆိုပါက မစ္စတာဟားဘတ် အပိုကုန်ကျရုံသက်သက်သာ ဖြစ်စေမည်ဟု ရှင်းပြခဲ့သည်။ သူ့ဘက်ကလည်း အလွန်အကျွံ စတင်မလုပ်ဆောင်ခဲ့ပါ။ သို့သော် ရောက်ရှိလာသည့် သူနာပြုအသစ်များကို လေပြေကလေးနှင့် ကြိုဆိုနှုတ်ဆက်ဖို့ကိုတော့ ငြင်းဆိုခဲ့သည်။ ထိုအစား သူက မစ္စတာဘရောစ်ဘရေ့စ်ချ်ကိုလွှတ်ပြီး မာရီစတန်လေအား သူတို့အတွက် စကူတာရီ တွင် နေရာမရှိကြောင်း ပြောခိုင်းသည်။

ပြင်းထန်သော စစ်ပွဲကာလ အခြေအနေတို့က ထိုပြဿနာကို နောက်ဆုံး ဖြေရှင်းပေးခဲ့သည်။ မာရီစတန်လေနှင့် သူ၏ သူနာပြုအဖွဲ့သစ်ကို ဘားရက်ဆေးရုံမှ ငါးမိုင်ဝေးသော ကူလာလီရှိ ဆေးရုံသစ်ထဲ၌ စခန်းချစေခဲ့သည်။ စစ်ပွဲ၏ ရက်စက်ခါးသီးသော နေ့များက ကူလာလီအရပ်ရှိ ဆေးရုံသို့ အသက်အန္တရာယ်စိုးရိမ်ရလောက်သော ဒဏ်ရာရ စစ်သားများက ထပ်မံရောက်ရှိလာသော သူနာပြုများ မနိုင်လောက်အောင်ပင် ထပ်မံ ရောက်ရှိလာကြသည်။ သို့သော် မာရီစတန်လေကမူ များပြောင်လှစွာသော အဖြစ် အပျက်တို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသည့်အတွက် ရောက်လာပြီး လအနည်းငယ် အတွင်းမှာပင် အင်္ဂလန်သို့ ပြန်သွားခဲ့သည်။

ရှစ်လအတွင်း သူနာပြု ထက်ဝက်မှာ ထိုနေရာ၌ ချို့တဲ့ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် အိမ်သို့ ပြန်သွားကြသည်။ သူနာပြု အနည်းငယ်သာ နိုက်တင်ဂေးကြောင့် ကျန်ရစ်နေကြသည်။

၁၈၅၅ နွေဦးရာသီတွင် နောက်ထပ် သူနာပြုများ ထပ်မံရောက်ရှိလာသော အခါ သူနာပြုအားလုံးကို တစ်ဦးတည်းသော ကြီးကြပ်သူအဖြစ် အုပ်ချုပ်နိုင်ရန် မတတ် နိုင်တော့ပေ။ သူတို့ကို စောင့်ကြိုနေသော ဆေးရုံများကလည်း ခရိုင်းမီးယားစစ်ပွဲဖုံနှင့် နီးကပ်သည်။ ထိုအချက်က စစ်ဆေးရုံတို့၏ ကျန်းမာရေးအဆင့်အတန်းကို တိုးတက် အောင် ပြုလုပ်ပေးလျက်ရှိသည်။ မည်သို့သောမကျေနပ်၍ တိုင်ကြားမှုတို့ ဘယ်လောက်များများ နိုက်တင်ဂေး အတွက် သူတို့၏ သီလရှင်များ ကာသိုလ်ဖြစ်စေ လွှတ်နေသော ဘာသာရေးအဖွဲ့ကို ရပ်တန့်သွားအောင် မပြုလုပ်နိုင်ချေ။

နောက်ထပ် စေတနာ့ဝန်ထမ်းများ စကူတာရီတွင် အပြောင်းအလဲများ ဖြစ်ခဲ့သည်။ နိုက်တင်ဂေးက ဝမ်းမြောက်စွာ စစ်သားများ၏ ဇနီးများနှင့်ကလေးများကို

စောင့်ရှောက်ဖို့ လွှဲပြောင်းယူရခြင်းဖြစ်လေသည်။ သူက အမျိုးသမီးများစွာကို အဝတ်လျှော်သည့် အလုပ်ထဲထည့်သွင်းလိုက်သည်။ နောက်ပိုင်းသာသနာပြုအဖွဲ့တွင် လင်ယောကျ်ားနှင့်အတူလိုက်ပါလာသော အလီစီယာဘလက်ဝုဒ်ဆိုသော အမျိုးသမီး ရောက်ရှိလာသောအခါတွင် ထိုအမျိုးသမီးက ယင်းတို့၏ ညစ်ပတ်ပေရေသော နေထိုင်မှု ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်အစားတို့နှင့် နေရပုံကိုတွေ့ရှိခဲ့သည်။ နိုက်တင်ဂေး ကမူ ထိုအချိန်၌ ယင်းအဖွဲ့နှင့် ဆက်ဆံနိုင်သော စွမ်းအားကော ကြံဆိုကူညီမှုတို့ပါ မလုပ်နိုင်အောင် ဖြစ်လျက်ရှိသည်။ လေဒီဘလက်ဝုဒ်က အမျိုးသမီးများစွာ အတွက် အလုပ်များရှာပေးခဲ့ပြီး ကျောင်းတစ်ကျောင်းလည်း တည်ထောင်ပေး၍ ကလေးများ စာရေးတတ်ဖတ်တတ်အောင် သင်ပေးခဲ့သည်။

၁၈၅၅ ဆောင်းတွင်းဝင်လာချိန်တွင် ကြမ်းတမ်းသော ရာသီဥတုက ဖုံးလွှမ်းခဲ့သည်။ ဗြိတိသျှစစ်သားတို့မှာ ဆိုးရွားသော အအေးဒဏ်၊ နှင်းများနှင့် စိုစွတ်ခြင်းတို့မှ ကာကွယ်နိုင်သော အဝတ်အစားများမရှိကြပေ။ ဖလောရင့်နိုက်တင်ဂေးမှ ဆစ်ဒနေဟားဘတ်ထံရေးသောစာတွင် နိုင်ငံတပ်သားများအခြေအနေကို ကွက်ကွက် ကွင်းကွင်းမြင်အောင် ဖော်ပြခဲ့သည်။ နှင်းကိုက်ခံရခြင်း၊ အဝတ်အစားမလုံခြုံခြင်း ဟောင်းနွမ်းစုတ်ပြတ်နေခြင်း ရိက္ခာမလုံလောက်ခြင်း တို့ကို တွေ့ရပြီး ထိုသူတို့ဆေးရုံထဲ ဝင်ရောက်လာပုံက ခြေဗလာအဝတ်ဗလာနှင့်ဖြစ်ကြသည်။ ထိုမြင်ကွင်းကိုတွေ့ရသော ဖလောရင့်နိုက်တင်ဂေးက ယင်းတို့အတွက် ဝေဒနာပြင်းစွာ ခံစားရသည်။ ဆောင်းရာသီနှင့်လိုက်ဖက်သော အဝတ်အစားဖြစ်အောင် မည်သို့ကြိုးစားရှာဖွေရမည်လဲ စဉ်းစားသည်။ တပ်မတော်ကြီးတစ်ခုလုံးအတွက်သာ သူစိုးရိမ်ပူပန်နေသည်မဟုတ် တစ်ဦးချင်း အသေးစိတ် စိုးရိမ်ခဲ့သည်တို့လည်းရှိသည်။ ထိုနှစ်ဖေဖော်ဝါရီ ၅ရက်နေ့က ဆစ်ဒနေဟားဘတ်ထံစာရေးသည်။ စိတ်ဆင်းရဲဖွယ်ဖျားနာနေကြသော ဝေဒနာ ခံကြမ္မာက အားလုံးနှင့် သက်ဆိုင်ကြောင်းယုံကြည်နေပြီး သူတို့တစ်ဦးဂရုစိုက်ခြင်းကလည်း အားလုံးအတွက်ဖြစ်ကြောင်း ဆိုပေသည်။ နေ့စဉ် ရောက်ရှိလာသော ကြောက်ရွံ့ဖွယ် အဖျားရောဂါတို့က များပြားလှစွာ ကပ်ရောဂါလို ပျံ့နှံ့နေသည်။ ထို့နောက် သေခြင်းတရားက လှမ်းမြင်နေရသော မာမိုရာပင်လယ်ထဲသို့ ဗြိတိသျှစစ်တပ်ကြီး တစ်ခုလုံး၏ သုသာန်သဖွယ် မြှုပ်နှံလိုက်တော့မည်ဟု စဉ်းစားနေခဲ့သည်။

အမှန်တွင်လည်း ဖလောရင့်နိုက်တင်ဂေးသည် သူနာပြုတို့ကို ကြီးကြပ်အုပ်ချုပ် နေသူတစ်ဦးထက် ပိုမိုခဲ့သည်။ သူသည် အုပ်ချုပ်သူ စီစဉ်ဆောင်ရွက်သူလည်းဖြစ်သည်။ သူ၏ ကျယ်ပြန့်သောအတွေ့အကြုံတို့ကြောင့် အရေးပါသော အမြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့သည်။ သူနာပြုခြင်းကို ဗြိတိသျှစစ်တပ်တစ်ခုလုံးတွင် ပါဝင်သောအစိတ် အပိုင်းတစ်ခုအဖြစ် တည်ထောင်ရန် အမြင်သစ်ကိုလည်း ဖြစ်စေသည်။ သူကလည်း



စစ်ပွဲပြင်းထန်လာသည်နှင့်အတူ ဗြိတိသျှတို့
အထိအနိုက် အကျအဆုံးလည်း တောင်လိုပုံခဲ့သည်။

ဤသို့ ကြီးမားသော အလုပ်မျိုးအတွက် အသင့်ဖြစ်နေခဲ့သည်။ ထိုသို့ထူထောင် ရာတွင် လိုအပ်ချက်များကို စစ်ဆေးပြီး ပြင်ဆင်ရန်၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးဆိုင် ရာတို့ပြုပြင်ပြောင်းလဲပြီး ယင်းစီမံအုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်များကို ခရိုင်းမီးယားလို စစ်ပွဲကာလတစ်ခုဒ္ဓသာမဟုတ် အချိန်ပြည့် ဖွဲ့စည်းဆောင်ရွက်ထားမည် ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် တစ်နေ့လျှင် သူကရဲစွမ်းသတ္တိ ခံနိုင်ရည်ရှိမှုအားပေးသော စိတ်နေစိတ်ထားတစ်ခုတို့ကို ပြသပေးရသည်။ တစ်ကြိမ်သာ စားသောက်ဖြစ်ပြီး ခွန်အားများစွာရနေသူကဲ့သို့ပင်။ သူ့အလုပ်မှလွဲ၍ တခြားဘဝအပျော်တို့ကို စိတ်မဝင်စား။ သူ၏စိုးရိမ်ပူပန်မှုသည် အင်္ဂလန်ရှိ နိမ့်ကျသော ဇတ်မွတ်ခေါင်းပါးနေကြသူများထံမှ ဒဏ်ရာရပြီး ဖျားနာနေကြသော လူငယ်များကို ပြုစုကုသမှုအောက်သို့ ပြောင်းလဲရောက် ရှိသွားပြီဖြစ်သည်။ အနားမရှိသောစိတ်ဖြင့် ပြဿနာတို့မှ အဖြေများကို ဆွဲထုတ်နိုင် အောင် စဉ်းစားသည်။ အဘယ်ကြောင့်ဆိုသော် သူတွင်မရမနေပြုလုပ်တတ်သောစိတ် နှင့် ဖြေရှင်းနိုင်စွမ်းတို့ရှိပြီး သူ၏ စိတ်ကူးအကြံအစည်တို့ကလည်း လက်တွေ့အလေ့ အကျင့် တို့မှ ထွက်ပေါ်လာတတ်သည်။

စကူတာရီတွင် ဆေးဘက်ပညာသင်ကျောင်းတစ်ခု ဖွဲ့စည်းတည်ထောင်မှုအစီ အစဉ်တိုးတက်မှုရှိအောင် ထောက်ခံပြောဆိုရာ၌ ဆေးဝါး၏ အကြောင်းတရားတို့သည် သိပ္ပံပညာရပ်တစ်ခုတည်း၌ မှန်ကန်ကြောင်း စိုက်ထူပြီးဖြစ်သည်။ ယခုနေရာသည် ခွဲစိတ်ခန်းမရှိ၊ ခွဲစိတ်၍လေ့လာသည့် အခန်းလည်းမရှိ။ သေဆုံးပြီးနောက် အ ကြောင်းအရင်းကို ရှာဖွေရန် ခွဲစိတ်စစ်ဆေးခြင်းမျိုးသည် ရှားရှားပါးပါးလုပ်ရသော ကိစ္စမျိုးဖြစ်သည်။ မည်သည့်အသက်အကြားအများဆုံး မည်သို့ဖြစ်၍ သေသည်ဆိုသော စာရင်းအင်းဆိုင် ရာ မှတ်တမ်းလည်းမရှိ လူတစ်ဦး ထိုတစ်နေ့က သေဆုံးခဲ့သည်ဆိုသော မှတ်တမ်းတစ်မျိုး သာရှိသည်ဟု နိုက်တင်ဂေးက ပြောလေသည်။

သူ၏တောင်းဆိုချက်ရလဒ်အဖြစ် ကျန်းမာရေးဆိုင်ရာ အဖွဲ့တစ်ခုကို ၁၈၅၅ ဖေဖော်ဝါရီလတွင် ခန့်အပ်လိုက်သည့် ဆေးဘက်ဆိုင်ရာနှစ်ဦး၊ အင်ဂျင်နီယာတစ်ဦး၊ စစ်ဆေးရေးမှူးတစ်ဦး၊ ပါဝင်သော ထိုအဖွဲ့စကူတာရီသို့ရောက်ရှိလာပြီးနောက် အလုပ်ကို အပြည့်အဝတာဝန်ယူစစ်ဆေးကြည့်ရှုခဲ့ကြသည်။


စစ်ဆေးရေးအဖွဲ့ဝင်တို့က အားရက်ဆေးရုံသည် ကြီးမားသော မြေအောက် ရေဆိုးထုတ်မြောင်းပေါ်ကျော်၍ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် ဆိုးရွားသော အနံ့အသက်တစ်မျိုး၊ ရေဆိုးထုတ်မြောင်းမှ ဓာတ်ငွေ့တို့သည် ဆေးရုံဝင်းအဆောင်များအတွင်းသို့ ရောက်ရှိသည်။ သေဆုံးမှုနှုန်းမြင့်မားခြင်းတွင် ထိုဓာတ်ငွေ့က တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်နေခြင်းပင်။ ကော်မရှင်က ရေဆိုးထုတ်မြောင်းများ၊ ရေအိုင်များကို ရှင်းလင်းစေသည်။ နံရံများကို ထုံးသုတ်သည်။

ညစ်ညမ်းနေသော ရေများကို သန့်စင်အောင်ပြုသည်။ ထိုသို့ပြုပြင်ဆောင်ရွက်မှုတို့က သေဆုံးမှုနှုန်းကို လူနာ ၁၀၀၀ လျှင် ၄၂ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းသို့ အံ့သြဖွယ်ကျဆင်းစေခဲ့သည်။ ပြုပြင်မှုအားလုံးပြီးသည့်အချိန်တွင် ဘားရက်ဆေးရုံ၏ သေဆုံးမှုနှုန်းမှာ ၂ ရာခိုင်နှုန်းသာရှိတော့သည်အထိ တိုးတက်ခဲ့သည်။

စကူတာရီတွင် နေထိုင်ခဲ့သော ပထမလများတွင် နိုက်တင်ဂေးကို ဘရေ့ဘရစ်ချ်တို့က အကူအဖြစ် ကျွမ်းကျင်စွာ ဆောင်ရွက်ပေးသည်။ ထိုသူငယ်ချင်းများသည် ခရိုင်းမီးယားသို့ သူနှင့်အတူ စွန့်စားလိုက်ပါခဲ့သူတို့လည်း ဖြစ်သည်။ ဆယ်လီနာဘရေ့စ်ဘရစ်ချ်က သူ၏ အတွင်းရေးမှူးအကူအဖြစ်နှင့် စာရေးသားခြင်း အစီရင်ခံစာရေးသားခြင်း ဝယ်ယူမှုနှင့် ထောက်ပံ့ရေးမှတ်တမ်းများ ထိန်းသိမ်းပြုစုခြင်းတို့ ပြုလုပ်သည်။

ထိုအထဲသို့ ၁၈၅၅ နွေဦး၌ပင် အဲလစ်ဆွိုင်ယာဆိုသူ လူမှုပြုပြင်ပြောင်းလဲရေး ကာလပ်မှ စားဖိုမှူးတစ်ဦးရောက်လာသည်။ ၁၈၄၀ကာလ အင်္ဂလန်တွင် ငတ်မွတ်ခေါင်းပါးမှုများကြုံရစဉ်က အမျိုးသမီးများအတွက် သင်တန်းတစ်ခုပေးသည်။ လာတက်သူထဲ၌ အန်တီဂျူလီယာလည်း ပါသည်။ သင်တန်းတွင် သင်ကြားသော ခေါင်းစဉ်က ငတ်မွတ်နေသော ဆင်းရဲသားများအတွက် စျေးသက်သာသော စွပ်ပြုတ်ချက်ပြုတ်နည်း’ပင်ဖြစ်သည်။ အန်တီဂျူလီယာကို သူ၏လက်ထောက်အကူအဖြစ် အဲလစ်ဆွိုင်ယာက ဆောင်ရွက်စေသည်။ ထိုသူကယခု စကူတာရီသို့ရောက်လာသည်။ သူ၏ ကိုယ်ပိုင်အသုံးစရိတ်၊ ကိုယ်ပိုင်မီးဖိုချောင်ပစ္စည်းများ ယူဆောင်လာပြီး အလွန်များနာသူတို့အတွက် အထူးစာတ်စာဖန်တီးပေးခြင်း စစ်သားများမည်သို့ ချက်ပြုတ်ရမည်ကို လေ့ကျင့်ပေး ခြင်းတို့ပြုလုပ်သည်။

ပြန်တွေးကြည့်လျှင် နိုက်တင်ဂေး ထိုသို့ကြီးမားစွာ အောင်မြင်လာစေဖို့ နည်းလမ်းများစွာ ပါဝင်ခဲ့ပေသည်။ အစပိုင်းတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းတို့၏ ဖဝေဖဝါဖြစ်နေသော ကြိုဆိုမှုကိုသာ သူရခဲ့သည်။ သူ၏ ကိုယ်ပိုင်စွမ်းဆောင်မှုဖြင့်သာ နောက်ပိုင်းအားလုံးကို ကျော်လွှန်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားသူတို့က သူ့ကိုဒေါသဖြစ်နေကြသည်။ အမျိုးသမီးသူနာပြုများ လုပ်ကိုင်နေပုံကို ရယ်ပွဲဖွဲ့ကြသည်။ အရာရှိတစ်ယောက် အိမ်ကိုရေးသောစာတွင် နိုက်တင်ဂေးကို လှောင်ပြောင်ထားသည်။ သူနာပြုခြင်းနှင့် ပတ်သက်သော သူ့အယူအဆကို ရယ်စရာအဖြစ် အမျိုးသမီးများစွာကြမ်းပြင်ကို သန့်စင်အောင် ဆေးကြောနေကြသည်ဟု ရေးခဲ့သည်။ အခြားသူများကလည်း သူ့ကိုငှက်ကလေးကဲ့သို့ ရည်ညွှန်းကြသည်။ အမျိုးသားအများစု၏ စစ်ဘက်တွင် ဆေးဘက်သူနာပြုဆိုင်ရာအဖွဲ့ တည်ထောင်မှုအပေါ် လက်မခံနိုင်ခြင်းမှာ အမျိုးသားတစ်ဦး၏ လောကဖြစ်သော စစ်ရေး၌ အမျိုးသမီးတို့ပါဝင်လာခြင်းကို အကြောင်းမပြ



ကျန်းမာရေးနှင့် မညီညွတ်သော ဘားရက်ဆေးရုံကို ပြန်လည်ပြုပြင်ရန်
ကော်မရှင်နှင့် ဖလောရင့်နိုက်တင်ဂေး အတူအလုပ်လုပ်နေစဉ်

နိုင်သော်လည်း မနှစ်သက်သော အစွဲကို မကျော်နိုင်ခြင်းကြောင့်ဖြစ်သည်။ ယင်းတို့က စစ်ရေးစစ်ရာသည် အမျိုးသမီးများအတွက် ကြမ်းတမ်းလွန်းသည်ဟု ယုံကြည်ကြ သည်။

ဖလောရင့်နိုက်တင်ဂေးက ယင်းတို့အပေါ် အောင်မြင်မှုရခြင်းမှာ သူကိုယ်ပိုင်ကြီးမားသော အင်အားတို့ကြောင့်သာမက ပြည်သူလူထု၏ ထောက်ခံမှုအင်အားကိုလည်း ရခဲ့၍ဖြစ်သည်။ ဆစ်ဒနေဟားဘတ်နှင့် အစိုးရတာဝန်ရှိသူတို့က သူပြောသည်ကို အာရုံစိုက်မှုပေးကြသည်။ လန်ဒန်ထုတ် The Times သတင်းစာကလည်း သူ့ကို အားပေးခဲ့သည်။ သူ့အလုပ်တို့ကို ပြည်သူလူထုသို့ အသိပေးသည်။ ဤသို့ဖြင့် လူကြိုက်များသော သူ့ရဲကောင်းတစ်ဦးပုံရိပ် သူ့ကို ဖူထောင်ပေးခဲ့သည်။ ဗိတိုရိယဘုရင်မကြီးကလည်း သူ၏ ကျော်ကြားမှုကို ထပ်၍ ဖြည့်ပေးလိုက်သည်။ လူသိရှင်ကြား ဖလောရင့်နိုက်တင်ဂေးကို ဘုရင်မကြီးက ချီးကျူးခဲ့သည်။ ဘုရင်မကြီးသည် သူနာပြုများအတွက်လည်း ခရစ္စမတ်လက်ဆောင်အဖြစ် နွေးထွေးသော လည်စည်းပဝါများ ပို့ပေးသလို စစ်သားများ၏ တောင်းဆိုမှုအတွက်လည်း လက်ဆောင်များ ပေးပို့ခဲ့ရာ နိုက်တင်ဂေးကိုယ်တိုင်ယင်းတို့ကို ဝေငှပေးရသည်။ ထီးနန်း၏ ထိပ်ဆုံးမှရှိသူနှင့် ထိတွေ့မှုရခြင်းက ဘုရင်မကြီး၏ လျှို့ဝှက်စေလွှတ်ခြင်းခံရသူ အတူးလုပ်ပိုင်ခွင့်

ပေးအပ်ခံရသူ ဖြစ်သည်ဟူသော သူ့အပေါ် အမြင်သို့ပြောင်းလဲသွားသည်။ ထိုအချိန်က စကူတာရီသို့ အလည်အပတ်ရောက်ရှိလာသူတစ်ဦးက ဖလောရင့်နိုက်တင်ဂေးသည် ဆွဲဆောင်မှုရှိသော အမျိုးသမီး လှပသည်ဟု မထင်ရသော်လည်း သူ့မျက်နှာကို မေ့ပျောက်နိုင်ရန် ခဲယဉ်းသည်ဟု မှတ်ချက်ပေးခဲ့သည်။ တကယ်တော့ သူသည် မိမိကိုယ်တိုင် ထိန်းကွပ်နိုင်အောင် လေ့ကျင့်ပြင်ဆင်ထားသူ ပြေလည်သင့်မြတ်မှု တန်ဖိုးများကိုလည်း ကျေညက်အောင် လေ့လာထားခဲ့သူဆိုလျှင် မမှားပါ။

■

## (၁၀)

## သူရဲကောင်းတို့၏ လဲလျောင်းရာ

၁၈၅၅ ဧပြီလသည် ဘားရက် ဆေးရုံအတွက် အချိန်အခါကောင်းလာခဲ့သည်။ ခုတင်ထက်ဝက်ခန့်သာ လူနာများရှိသည်။ နာလန်ထလာသော လူနာများကောင်းစွာ လမ်းလျှောက်လို့ရသော အခြေအနေဖြစ်လာခဲ့သည်။ ထိုမြင်ရသောအခြေအနေက နိုက်တင်ဂေးအဖို့ ခရိုင်းမီးယားရှိ ပင်လယ်နက်ဝန်းကျင်တစ်လျှောက်မှ ဆေးရုံများလည်း ပတ်နိုင်ဖို့ အခွင့်ကောင်းပင်။

မေလ ၂ ရက်တွင် ဘဲလက်လာဗာဆိပ်ကမ်းသို့ သင်္ဘောဖြင့်ရောက်သည်။ သူနှင့်အတူ မစ္စတာဘရေ့စ်ဘေရစ်ချ်၊ သူနာပြုလေးဦး၊ အဲလစ်ဆွိုင်ယာနှင့် နောက်ထပ် စားဖိုမှူးတစ်ဦးတို့ပါဝင်သည်။ ထိုခရီးထွက်ချိန်တွင် သူ့လူနာ၄၂၀မှာ သူတို့အဆောင် များတွင် ဝေဒနာမှ သက်သာလာကြပြီဖြစ်သည်။ ရှေ့တန်းတွင်ပစ်ခတ်မှုများ ပြန် ဖြစ်နိုင်သေးသည့်အချိန်ဟု နိုက်တင်ဂေးက မိခင်ထံသို့ ရေးသောစာတွင် ထိုကာလ အခြေအနေ ကို ဖော်ပြခဲ့သည်။

ဆိပ်ကမ်းသို့ သူအခြေစိုက်ရာဌာနမှ ထွက်လာချိန်တွင် မီးအိမ်ရှင် နိုက်တင်ဂေး ကို မြင်ဖူးရန် ကြိုးစားသည့်ပွဲကြည့်ပရိသတ်လူအုပ်ကို သူအံ့အားသင့်သွားခဲ့သည်။ သူ၏ကျော်ကြားမှုကို နားမလည်သေး၍ဖြစ်သည်။

သူ၏အစီအစဉ်က ဘဲလက်လာဗာမှ ဆေးရုံနှစ်ရုံကို လေ့လာကြည့်ရှုဖို့ဖြစ်ပြီး အမျိုးသမီးသူနာပြုများနှင့်သူတို့၏ ကိုယ်ပိုင်ကြီးကြပ်ရေးမှူများ ထိုနေရာတွင်အလုပ်လုပ်



ခရိုင်းမီးယားတလျှောက် ဆေးရုံများနှင့် ခံကတုတ်များပါမကျန်
ဖလောရင့်နိုက်တင်ဂေး ခရီးထွက်လှည့်လည်သွားလာစဉ်

နေကြသည်။ ကြီးမားသော အထွေထွေဆေးရုံကြီးတစ်ခုမှာ ဒေါက်တာဂျွန်ဟော၏ ကြီးကြပ်မှုအောက်တွင်ရှိသည်။ နောက်တစ်ခုက ကက်စတယ်ဆေးရုံဖြစ်သည်။ တောင်ကုန်းပေါ်တွင် တဲများအစဉ်လိုက်စီတန်းဆောက်ထားခြင်းဖြစ်၍ ဆိပ်ကမ်းကို လှမ်းမြင်နိုင်သည်။တစ်နေရာမှတစ်နေရာသို့ သွားနိုင်ရန် လှည်းဖြင့်နိုက်တင်ဂေးက လိုက်ရသည်။ တစ်ခါတစ်ရံလည်း မြင်းမတစ်ကောင်ကို စီးပြီးသွားသည်။ အမျိုးသားများက တောက်ပြောင်သော ယူနီဖောင်းတို့နှင့်ဖြစ်သည်။ ဖလောရင့်နိုက်တင်ဂေးသည် မြင်းစီးကောင်းသူဖြစ်ပြီး ရှုခင်းကောင်းများကို ကြည့်ပြီး အံ့အားသင့်နေခဲ့သည်။ တောင်ကုန်းများကို ဖြတ်၍ ခရိုင်းမီးယားတောင်ပိုင်းရှိ ဆေးရုံများသို့ရောက်သည်။ စစ်သားများကိုတွေ့လျှင် သူတို့၏ ရွက်ထည်တဲတို့မှ ထွက်၍အပြေးအလွှား ကြိုဆိုကြသည်။ လက်ကမ်းနှုတ်ဆက်ကြသည်။ ပန်းစည်းများပေးကြသည်။ သြဘာပေး နှုတ်ဆက်ကြသည်။

လူများက အားပေးနှုတ်ဆက်ကြရာ၌ လူတစ်ယောက်က သူ့လက်ကို မလွှတ်ဘဲအတင်းဆုပ်ကိုင်ထား၍ အခက်ကြုံခဲ့သေးသည်။ ဒေါက်တာဂျွန်ဟောမှာ ခရိုင်းမီးယားဒေသ၏ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးအကြီးအကဲဖြစ်သည်။ ဟောသည်

စည်းကမ်း အုပ်ချုပ်မှုကောင်းသူ့ကြံ့သလို ခွဲစိတ်ရာ၌မေ့ဆေးပေးခြင်းကိုလည်း မယုံကြည်သူဖြစ်သည်။ တိတ်ဆိတ်စွာ သေဆုံးသွားရသည်ထက် နာကျင်စွာ စူးစူးဝါးဝါး အော်ဟစ်သံကို ကြားရသည်ကမှ ပိုကောင်းသေးသည်ဟု သူကဆိုသည်။ အစောပိုင်းတွင် သူက နိုက်တင်ဂေး၏ ရာထူးကို ရန်လိုခဲ့ပြီး သူ၏ ထိန်းချုပ်မှုအပေါ် စိန်ခေါ်သည့်ကိစ္စဟု ရှုမြင်ခဲ့သည်။ ထို့ကြောင့် နိုက်တင်ဂေးခရိုင်းမီးယားသို့လာခြင်းသည် မည်သည့် အတွက်မှ မဟုတ်ကြောင်း ပွင့်လင်းစွာကြေညာခဲ့သည်။ တကယ်တမ်းလည်း နိုက်တင်ဂေးရာထူးသည် တူရကီရှိ ဆေးရုံများနှင့် ပတ်သက်၍ အကန့်အသတ်ရှိသည်။

သို့သော် နိုက်တင်ဂေးက ဒေါက်တာဟောနှင့် ကြုံရမည့်အရေးအတွက် သေချာကြိုတင်ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ ဗြိတိသျှစစ်ရုံး၏ သဘောတူချက်ရအောင် ဆောင်ရွက်သည်။ ကြည်းတပ်အကြီးအကဲ လော့ဒ်ရက်လန်ကို အသိပေးသည်။ နောက်ထပ်နည်းပရိယာယ်တစ်ခုလည်း သုံးသည်။ အကြီးအကဲတစ်ယောက်၏ လက်ဆောင်များဖြင့် ခရိုင်းမီးယားရှိဆေးရုံအားလုံးကို လည်ပတ်ခွင့်ရအောင် ပြုသည်။

မိသားစုများက စစ်သားများသို့ ပေးပို့သောလက်ဆောင်ပစ္စည်း ပါဆယ်ထုပ်တို့ကို သူကလွှဲပြောင်းပေးသည်။ ပုံမှန်လမ်းကြောင်းတို့မှ ထောက်ပံ့မှုရအောင် မလုပ်နိုင်သည့်အခါမျိုးတွင် သူ၏ ကိုယ်ပိုင်ရန်ပုံငွေကို သုံးပြီးလှူဒါန်းသည်။

ဆေးရုံများသို့သာ လည်ပတ်သည်မဟုတ်။ စခန်းချနေရာယူထားသော ကတုတ်ကျင်းများကိုလည်း ဝင်ကြည့်သည်။ မြေကြီးအတွင်းလျှိုဖေါက်၍ နေနေကြသော သူတို့၏ ဆိုးရွားသော အခြေအနေကို ကိုယ်တိုင်ကြုံရသည်။ ကျန်းမာရေးနှင့် မညီညွတ်သော စားသောက်နေထိုင်မှုကြောင့် ရှင်သန်မှုအတွက် အခက်အခဲများရှိနေသည်။ ထိုသို့အခက်အခဲဆင်းရဲဒုက္ခများရင်ဆိုင်နေရသည်ကို သည်းခံနိုင်သော စွမ်းရည်နှင့် သာမန်စစ်သားတို့ကအစ ယင်းတို့၏ ရဲစွမ်းသတ္တိကို သူလေးစားခဲ့သည်။

ဆေးရုံများလည်ပတ်ဆောင်ရွက်မှုကျဆင်းပြီး စီမံခန့်ခွဲမှုလည်း ညံ့ဖျင်းသည်ကို သူမှတ်သားခဲ့သည်။ သူနာပြုများကလည်း ယင်းတို့၏ လုပ်ငန်းကို ကောင်းစွာမလုပ်နိုင်ကြ။ သူကဝင်ရောက်မစွက်ဖက်မိအောင် သတိကြီးစွာထားသည်။ အဲလစ်ဆိုင်ယာတို့ပြုလုပ်ပေးသော ဆေးရုံအတွက် မီးဖိုချောင်သစ်ကိစ္စကိုပင် ဘာမှမပြောခဲ့။

သူကိုကြည့်ရသည်မှာ အမြဲပင် မမောမပန်းရှိပြီး သူ့ကျန်းမာရေးကိုပင် သတိပြုမိပုံမရပေ။ ရောဂါကူးစက်ခံနေရသော လူနာများကို ကိုယ်တိုင်သေချာကြည့်ရသည်။ ထိုကာလ၌ ရောဂါကူးစက်ခံမှုမှ လွတ်အောင်သူမရှောင်နိုင်ပေ။ ပင်ပန်း၍ အားနည်းနေခြင်းကြောင့် လဲကျခဲ့သည်။ သူကို ခရိုင်းမီးယားအဖျားမိခဲ့ခြင်းပင်။ ထို့နောက် ဆေးရုံတစ်ခုသို့ သယ်ခဲ့ရသည်။ စစ်သားများက သူအားလူနာတမ်းစင်ဖြင့် စလုပ်မှ ကတ်စတယ်ဆေးရုံသို့ ရေတစ်တန် ကုန်းတစ်တန် ပို့ဆောင်ခဲ့ကြသည်။ သူ၏

အကောင်းဆုံး သူနာပြုဖြစ်သော မစ္စရောဘတ်က ကုသစောင့်ရှောက်မှုပေးသည်။

၁၂ ရက်ကြာစိုးရိမ်ဖွယ် အဖျားရောဂါရခြင်းဖြစ်သည်။ အဖျားကြောင့် ကိုယ်ပူတက်ပြီး ကယောင်ကတမ်းဖြစ်သည်။ တစ်ကြိမ်၌ဆိုလျှင် ဆေးရုံအခန်းထဲ၌ လူနာများပြည့်နေသည်။ ထိုသူများက နေရာပေးဖို့တောင်းကြသည်။ သူက ဘောပင်နှင့်စာရွက်တောင်း၍ မှတ်စုချရေးသည်ဟု ထင်နေသည်။ အဖျားကြောင့် သူ့ဆံပင်ကိုလည်း ဖြတ်လိုက်သည်။

ဘဲလက်လာဗာရှိ တပ်များအတွင်းသူသေဆုံးပြီဆိုသော သတင်းကပျံ့နေသည်။ စကူတာရီမှ စစ်သားများဆိုလျှင် ငိုကြွေးကြသည်။ အားလုံးက သူ့ကိုယုံကြည်မှုရှိကြကြောင်း တပ်ကြပ်ကြီးတစ်ဦးက အိမ်သို့စာရေးပြောခဲ့သည်။ လန်ဒန်တွင် လမ်းများပေါ် လူတို့စုဝေးပြီး နောက်ဆုံး သူ့သတင်း ဘာများထူးခြားပြောင်းလဲမလဲ စောင့်မျှော်နေကြသည်။ အမ်ဘလေရှိ မိသားစုမှာ ကူရာမဲ့ခံစားနေရပြီး ဘုရားကျောင်း၌ အထူးဆု တောင်းနေရသည်။

မေလကုန်မှ ကြည်းတပ်အကြီးအကဲလော့ဒ်ရက်လန်က နိုက်တင်ဂေး အန္တရာယ်မှ လွတ်မြောက်ပြီဖြစ်ကြောင်း တရားဝင်သတင်း ထုတ်ပြန်နိုင်ပေသည်။ ဗိတိုရိယဘုရင်မ ကိုယ်တိုင်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မစ်နိုက်တင်ဂေးလိုတန်ဖိုးရှိသောသူ အန္တရာယ်ကင်း၍ ဝမ်းသာပျော်ရွှင်ရကြောင်း ထုတ်ဖော်ပြောဆိုပေသည်။

နာလန်ထချိန်တွင် အင်္ဂလန်ကို ပြန်ဖို့ အကြံပေးကြသည်တို့ကို သူက လက်မခံပေ။ ဒေါက်တာဟောကလည်း နိုက်တင်ဂေးပြန်သွားလျှင် သူ၏ ဆေးရုံတို့ကို ပုံမှန်ပြန်လည်ပတ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော် သူအလုပ်လမ်းကြောင်းက ပြောင်းလဲပြီး အတိုင်းအတာက ကြီးထွားလာသည်။ စစ်ပွဲဖုန်မှာ သူထွက်ခွာဖို့ လက်ခံနိုင်လောက်သော အကြောင်းမရှိသေးပါ။ သာမန်စစ်သားတို့ အခြေအနေ တိုးတက်ဖို့ သူတောင်းဆိုမည့်အချက်အလက်နှင့် ပုံသဏ္ဌာန်တို့က ရှိပြီးဖြစ်သည်။

ဆူညံသံတို့မှ အေးဆေးငြိမ်သက်မှုရသည်အထိ သူအနားယူသင့်သည်။ ပင်လယ်ကိုလှမ်းမြင်နိုင်သော တိတ်ဆိတ်ငြိမ်သက်သော ကိုယ်ပိုင်အိမ်တစ်လုံး၌ ယာယီအနားယူရန်လည်း သူသဘောတူခဲ့သည်။ အစောင့်လေးဦးက ရှုပ်ပွနေသော နေရာမှ သူ၏ နေရာသစ်သို့ သယ်ဆောင်ခဲ့ကြရာ မျက်နှာဖြူဖပ်ဖြူရော် ပိန်သွားသော နိုက်တင်ဂေးကိုတွေ့ကြရသည်။ သီတင်းပတ်များစွာလွန်ပြီးသောအခါ သူအင်အားပြန်ပြည့်လာသည်။ ကမ်းခြေတွင် လမ်းလျှောက်သည့်အကြောင်း ကွန်စတန်တီနိုပဲမြို့တွင် နေထွက်လာပုံကို မြင်ရသည့်အကြောင်းတို့ကို မိသားစုထံရေးသားခဲ့သည်။ အနီးအနားရှိ သုသာန်အကြောင်းကို ပြောပြရာ၌လည်း ထိုမြေနေရာတွင် သူရဲကောင်းလို သေဆုံးခြင်းဖြင့် သေဆုံးခဲ့သော ထောင်ချီသည့်သူများလဲလျောင်းရာဟု ခံစားနားလည်နိုင်ကြောင်း

လည်းပါဝင်သည်။

ဤသို့နေနေသော်လည်း ပြန်နှာလန်ထူလာသည့်အခါ အာရုံစိုက်နိုင်စွမ်းလည်း ပြန်ရခဲ့သည်။ အမျိုးသားတို့အတွက် သူ၏ အကြင်နာမေတ္တာတို့ဖြင့် စောင့်ရှောက်မှုကို ထိန်းသိမ်းနိုင်ခဲ့ပြီး သူ၏ ရဲစွမ်းသတ္တိနှင့် ခွန်အားတို့သည်လည်း အမြင့်ဆုံးအဆင့်တစ်ခု၌ ရှိနေခဲ့သည်။ သူ၏ အကောင်းဆုံးအရည်အချင်းများထက်မှ လူတစ်ဦး၏ တန်ဖိုးထက် မည်သူကပိုလျော့နည်း သို့မဟုတ် အဆင့်အတန်းနိမ့်ကျသည်ဟု သတ်မှတ်ပြီး ဗြိတိသျှ စစ်သားတစ်ဦးကို ဆက်ဆံခြင်းမျိုးမလုပ်ခဲ့။ ဗြိတိသျှအရာရှိများစွာကမူ စစ်သားများကို မူးယစ်နေသည့် ကြမ်းတမ်းသူများလို မှတ်ယူကြသည်။ ဆင်းရဲဒုက္ခနှင့် ဒဏ်ရာများကို ခံနိုင်ရည်ရှိသည်ဟုလည်း မျှော်လင့်ခဲ့ကြသည်။

သို့သော် နိုက်တင်ဂေးကမူ သူတို့အိမ်အနီးကရွာများမှ အလုပ်သမား လယ်သမားတို့၏ သားများနှင့်အတူ အလုပ်လုပ်လာခဲ့သူဖြစ်သည်။ ဟောင်းနွမ်းညစ်ပတ်နေသော ကျောင်းတို့၌ ထိုသူတို့ကို သူသင်ကြားပေးခဲ့ရသည်။ အစပိုင်းကပင် သူဘဝကို ထိုသို့ မြှုပ်နှံခဲ့ချင်သူဖြစ်သည်။ လူမှုပြုပြင်ပြောင်းလဲရေးကာလကိုလည်း သူနှစ်ခြိုက်ခဲ့သည်။ ထိုသူများသည် သဘာဝအားဖြင့် ကောင်းမွန်သူများဟုလည်း သူယုံကြည်သည်။ ခရိုင်းမီးယားစစ်ပွဲမှ စစ်သားများနှင့် အတွေ့အကြုံက သူတို့၏သူရဲကောင်းဝါဒမှုလကို တိုက်ရိုက်သိလိုက်ခြင်းဖြစ်သည်။ ယင်းတို့၏ ရဲစွမ်းသတ္တိကြောင့် သူလေးစားသည်။ ထိုကဲ့သို့ သူများကို သူသဘောကျသည်။ ယင်းတို့ကို သူ၏ စိုးရိမ်မှုကိုလည်း သိရှိကြ၍ ထိုသူတို့က သူ့ကို ချစ်ခင်ကြခြင်းပင်။

ယင်းတို့၏ကိုယ်စား သူသည်မမောတမ်း မျှော်စင်တန်းလျားထဲမှ သူ၏ သေးငယ်သော ရုံးခန်း၌ အချိန်နာရီများစွာ ကုန်လွန်ရင်း သိုးမွေးထည်အပေါ်ဝတ်ရုံကို ရစ်ပတ်ရင်းစာများလည်း ရေးသားခဲ့ရသည်။ ဘယ်စစ်သား၏ ဆွေမျိုးသားချင်းတို့ထံ စာရေးရမည်နည်း ကြိုစဉ်းစားရသည်။ သို့မဟုတ်သေလုမျောပါးဖြစ်နေစဉ်ကပင် စရေးပြီးဖြစ်နေသည်။ မိသားစုဝင်များကလည်း သူ့ထံသို့ စာပြန်လည်ရေးသားသည်။ ''ကျွန်ုပ်တို့ရဲ့ ကံဆိုးလှတဲ့ချစ်အစ်ကို အတွက် သင့်ရဲ့ကြင်နာမှုများကို ကျွန်ုပ်ကျေးဇူး စကားဖြင့် ပြန်၍တောင်းပန်ပါရစေ၊ ယခုလိုသူသေဆုံးကြောင်း တကူးတကရေးသားပြီး ပြောပြတဲ့အတွက်ပါ' ဟုကွယ်လွန်ခဲ့သူတစ်ဦး၏ ညီမက ပြန်၍ရေးသားခဲ့သည်။ နောက်တစ်ဦးကလည်း စစ်သားတိုင်းအပေါ်သင်ချစ်မြတ်နိုးလိမ့်မယ်ဟု ကျွန်တော် သိနားလည်ယုံကြည်နေသည်ဟု ပြန်ကြားခဲ့သည်။

စစ်သားတို့၏ကိုယ်စား အမြဲ ဤသို့ဖန်တီးပေးခြင်းမှာ သူတို့ကန်တင်း စားသောက်ရာသို့ သွားသည်ကို နားလည်သဘောပေါက်၍ ဖြစ်သည်။ ထိုနေရာသည် ကား သူတို့အတွက် တစ်ခုတည်းသော အနားယူရာဖြစ်သည်။ တစ်လည့်စီသူကလည်း

စကူတာရီ၏ ကော်ဖီဆိုင်ဖြစ်အောင် စည်းရုံးသည်။ Inkerman Cafe ဟု သူတို့အမည် ပေး ကြသည်။ ထိုနေရာတွင် သောက်စားခြင်း လောင်းကစားခြင်းစသောအမှုတို့ပြုရန် စစ်သားများမလုပ်ရဲကြပေ။ ကဖေးဆိုင်အတွင်းမှ စစ်သားအစုအဝေးထဲမှ အနည်းငယ်မျှ သာလုပ်ရဲသည်က အလွန်အမင်း အံ့အားသင့်ဖွယ်ဖြစ်သည်။ နောက်ထပ်သူ၏ ပုဂ္ဂိုလ်ရေးသြဇာလွှမ်းမိုးမှုကို အသုံးပြုသည်က ထိုသူများထံမှ အရက်သောက်ခြင်းအမှုကို လျှော့ချပါမည်ဟု ကတိယူပြီး အရက်သောက်ခြင်းကို ရပ်တန့်စေခြင်းဖြစ်သည်။ များစွာသောသူတို့မှာ ယင်းတို့ကတိစကားကို ထိန်းသိမ်းကြသည်။ စစ်သားတစ်ဦးက 'ကျွန်တော်သူ့ကို နောက်ကိုမသောက်တော့ဘူးလို့ ကတိပေးခဲ့ ပြီ''ဟု ပြောခဲ့သည်။

ထိုသူများ သူတို့လစာကို စစ်ဆေးအသုံးပြုလာကြောင်း သူတွေ့ရှိခဲ့သလို ထိုသူများ လစာထုတ်ပေးသူကို အပ်နှံရန် မယုံကြည်၍ သူတို့ငွေများအိမ်ကို ပြန် ပို့လာနိုင်သည်။ နိုက်တင်ဂေးအလုပ်တာဝန်ယူပြီးမှ ထိုအခြေအနေထိ ကုစားနိုင်ခဲ့ ခြင်းပင်။ အစိုးရကလည်း ထိုသို့လုပ်နိုင်ရန် လမ်းဖွင့်ပေးသည့်အနေဖြင့် စကူတာရီနှင့် အခြားမြို့များတွင် အထူးငွေလွှဲစာတိုက်များ တည်ထောင်ပေးခဲ့သည်။ လူတိုင်းအံ့အား သင့်ဖွယ်လုပ်ဆောင်ခဲ့ကြရာ ခြောက်လအတွင်းစစ်သားများအိမ်သို့ ငွေပေါင် ၇၁၀၀၀



ရုံဖန်ရုံခါတွင် ဖလောရင့်နိုက်တင်ဂေး ဒဏ်ရာရစစ်သားများက သူတို့ရည်ညွှန်းလိုသော ချစ်ခင်သူတစ်ဦးဦးထံ ကိုယ်စား စာရေးသားပေးစဉ်

လွှဲအပ်ခဲ့ကြသည်။

နိုက်တင်ဂေးကပင် အစဦးဆုံးခေါင်းဆောင်၍လည်း အမျိုးသားများအတွက် စာဖတ်ခန်းနှင့် ကျောင်းများပါဖွင့်ပေးသည်။ ထိုအတွက်လိုအပ်သည်တို့ကို ညီအစ်မများနှင့် မိတ်ဆွေများက ထောက်ပံ့ပေးကြသည်။ ထိုအခန်းတို့၌ ရေးရန်စာအုပ်များ ပြဋ္ဌာန်းစာအုပ်များ၊ မြေပုံများကို သပ်ရပ်စွာထားရှိပြီး ဂီတနှင့်ကစားစရာများလည်း စီစဉ်ပေးခဲ့သည်။ ထိုသူများကိုယ်တိုင် ပြဇာတ်များ၊ သီချင်းဆိုရန်အုပ်စုများကို စီစဉ်လာကြသည်။

ညီမတစ်ဦးထံ ရေးသောစာတွင် သူ့စိတ်ကူးများ လက်တွေ့အကောင်အထည် ဖြစ်လာသည့်အကြောင်းကို 'ယေဘုယျကြည်းတပ်ကဲ့သို့ အရာကို သင်ကြားနိုင်သော အကူအညီပေးသော သင်တန်းတစ်ခုအဖြစ် အရင်ကလုံးဝမတွေ့ဖူးခဲ့'ဟု ရေးခဲ့ပြီး သူတို့ကို ပေးအပ်ခဲ့သော အခွင့်အရေးကား ငွေကိုအိမ်ကိုပြန်ပေးနိုင်ခြင်းနှင့် သူတို့အတွက် အသုံးပြုလာ နိုင်ခြင်းပင်။ စာအုပ်များ ကစားစရာများနှင့် ပျော်ရွှင်စရာ ညှော်ခံဖျော်ဖြေမှု တို့ပေးနိုင်၍ အရက်သောက်ခြင်းမှ စွန့်ခွာခဲ့ကြသည်'' ဟုဆိုပေသည်။

စက်တင်ဘာလတွင် မဟာမိတ်တို့ ဆီဘတ်စ်တိုပိုတွင်အောင်ပွဲဆင် နိုင်ခဲ့သည်။ ရှည်လျားသောလက်နက်ကိုင်တပ်ဖွဲ့များဖြင့် မြို့ကို ၁၈၅၅ကုန်၌ ဝန်းရံပိတ်ဆို့ထားသည်။ တိုက်ပွဲကြောင့် ဆေးရုံတွင် လူနာများပြည့်လျှံခဲ့သလို သေကျေကြသည်မှာလည်း အတုံးအရုန်းဖြစ်သည်။ ထိုနှစ် အောက်တိုဘာတိုက်ပွဲဆင်ပြီး တစ်လအကြာတွင် နိုက်တင်ဂေးခရိုင်းမီးယားသို့ နောက်တစ်ကြိမ်သွားခဲ့သည်။ တတိယခရီးကိုလည်း ၁၈၅၆ နွေဦးတွင် ထပ်မံသွားရောက်သည်။ သူ၏ အုပ်ချုပ်မှုကိုလည်း အပြည့်အဝ ထည်ထောင်ခဲ့ပြီး ဖြစ်သည်။ ကြည်းတပ်စစ်ဆေးရုံ၏ အမျိုးသမီးသူနာပြုတပ်ဖွဲ့ အုပ်ချုပ်ရေးမှူးအဖြစ် စစ်ရုံးက ညွှန်ကြားချက် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။ ထိုအစီပွါယ်က မည်သည့်ဆေးရုံနှင့်မဆို သူ့အလုပ်သက်ဆိုင်နေပေသည်။ သို့သော် ဆေးဘက်ဆိုင်ရာ ကြီးကြပ်မှုအောက်၌ အမြဲရှိနေသည်။ အလားတူ ယခုနေရာတွင် ဒေါက်တာဟောလ်၏ ဆုံးဖြတ်မှုအောက်၌ ဆက်ရှိဆဲဖြစ်သည်။

သို့သော် ဒေါက်တာဟောကား နိုက်တင်ဂေးနှင့် ကြာကြာလက်တွဲလိုစိတ် လျော့နည်းလျက်ရှိသည်။ နောက်ပိုင်း ခရိုင်းမီးယားသို့ ရောက်ရှိစဉ် သူမ အင်အားတို့ကို အသုံးချလျက် ဆေးရုံများအဆင့်တိုးတက်စေခြင်း ကျန်းမာရေးနှင့်ကိုက်ညီမှု တိုးတက်အောင် အာဟာရအဆင့်လည်း တိုးလာအောင် ပြုလုပ်ခဲ့သည်။

သူ့လက်ထောက်များထဲက တစ်ဦးဖြစ်သူ ဘရေ့စ်ဘရစ်ချ်သည် ၁၈၅၅ ဇူလိုင်တွင် လန်ဒန်သို့ပြန်သွားသည်။ သူ့ကိုကူညီရန် အန်တီမိုင်နှင့် မစ္စစမစ်တို့ စက်တင်ဘာလတွင် ရောက်လာခဲ့သည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသော နိုက်တင်ဂေးကို တွေ့ရ၍ ယင်းတို့နှစ်ဦး တုန်လှုပ်သွားခဲ့ပြီး နိုက်တင်ဂေးလည်း တဖြည်းဖြည်း ပြန်လန်း


ဆန်းမှုရလာခဲ့သည်။ ဆယ်လီနာဘာရေ့စ် ဘရစ်ချ်လိုပင် အန်တီမိုင်က အတွင်းရေးမှူး ဖြစ်လောက်သည်။ အစီရင်ခံစာများ၊ စာများ၊ မှတ်တမ်းများကို ကိုင်တွယ်ခဲ့သည်။ သူ၏ ကူညီမှုကို နိုက်တင်ဂေးက အလွန်ကျေးဇူးတင်ပေသည်။ ဘယ်သူမှသူ့လို ပင့်တင်သကဲ့သို့ ကူညီမပေးနိုင်ပါဟု အန်တီမိုင်၏ ဆောင်ရွက်ပေးမှုကို နိုက်တင်ဂေးက ပြောခဲ့သည်။

နိုက်တင်ဂေးသည် ဆက်လက်၍ နာရီရှည်လျားစွာ အလုပ်လုပ်သည်။ ဆေးကုသမှုဆိုင်ရာ အဆင့်အတန်းကို ပြုပြင်ရန် ကြိုးစားခဲ့သည်။ နိုက်တင်ဂေးသည် ထိုအချိန် ဇာတိမြေ၌ အလွန်ထင်ရှားကျော်ကြားသူ ဖြစ်နေပေပြီ။ သူနေမကောင်းဖြစ်နေသောကာလ၌ လူအများ အလွန်စိုးရိမ်မကင်းရှိကြသည်။ သူပြန်နာလန်ထလာသည်ကို ကြားမှ အလွန်ပျော်ရွှင်ကြရသည်။ သူ၏ ကျန်းမာရေးအခြေအနေသတင်းတို့ကို နေ့စဉ်စောင့်မျှော်ကြသည်။ ကြည့်ရှုကြသည်။ အဓိကတိုက်ပွဲကြီးများလို သူတို့၏ စိုးရိမ်ပူပန်မှုကို ပြည်သူများက ပြသကြသည်။ ပြည်သူတို့နှင့် အလားတူ ဘုရင်မကြီးကလည်း တရားဝင်သတင်းတိုများကို တောင်းယူကြည့်ရှုသည်အထိ ဖြစ်လေသည်။

စစ်သားများက အိမ်ရှိမိသားစုထံရေးသောစာက နိုက်တင်ဂေးကို ချီးကျူးသောတေးသံပင်။ ယခုသူတို့၏ မြို့ရွာများသို့ ပြန်ရောက်သောအခါ သူတို့ချစ်ခင်သော နိုက်တင်ဂေးနှင့် ပတ်သက်ရာ ပုံတိုပတ်စတို့က ပျံ့နှံ့သွားပေသည်။ အတ္ထုပ္ပတ္တိများ ရေးသားသည့်အခါ ကဗျာလင်္ကာများ သီကုံးသည့်အခါ နိုက်တင်ဂေးအကြောင်း ပါဝင်လာပြီး ထိုထဲတွင် H. W လောင်းဖဲလိုး၏ Santa Filomena ကဗျာကထင်ရှားခဲ့သည်။ သူ့ကို ဂုဏ်ပြုသောသီချင်းဂီတ၊ ပန်းချီပုံတူတို့ ပေါ်ပေါက်လာကြသည်။ သူ့အပေါ် ချစ်မြတ်နိုးမှုဖြင့် ကလေးများ မွေးလာသည့်အခါ ဖလောရင့်ဟု အမည်ပေးကြသည်။ အလားတူ သင်္ဘောများ၊ လမ်းများ ယုတ်စွအဆုံး ပြိုင်မြင်းတစ်ကောင်တလေအထိပင် ဖလောရင့်ဟု လေးစားမြတ်နိုးစွာ အမည်ပေးခဲ့လေသည်။

ဖလောရင့်နိုက်တင်ဂေးသည် အင်္ဂလန်၏ ကြီးမားသော သူရဲကောင်းဖြစ်ခဲ့သည်။ ပြည်သူလူထုမှာ သူတို့ခံစားမှုကို ထုတ်ပေါ်ရန် အခွင့်အရေးတစ်ရပ်ရရှိသည်။ လန်ဒန်၌ လူထုစည်းဝေးတစ်ရပ်ခေါ်ယူသည်။ တာဝန်ရှိသူများ၏ မိန့်ခွန်းစကားကို လူအုပ်ကြီးက စိတ်အားထက်သန်စွာ နားထောင်ပြီးနောက် မကြာမီက စစ်မြေပြင်မှ ပြန်လာသူ စစ်သားတစ်ဦးက သူ့အတွေ့အကြုံဖြစ်ရပ်ကို ပြောပြသည်။ အလားတူ လူထုအစည်းအဝေးတွေ့ဆုံပွဲများ တစ်နိုင်ငံလုံး ပျံ့နှံ့သွားသည်။ ထိုတွေ့ဆုံခြင်းမှ ပြည်သူလူထု၏ စုဆောင်းငွေပေါင် ၄၅၀၀၀ရရှိပြီး နိုက်တင်ဂေးရန်ပုံငွေကို တည်ထောင်ပေးလိုက်သည်။ ထိုငွေကြေးတို့မှာ နိုက်တင်ဂေးအသုံးပြုဖို့ လျာထားခြင်း ဖြစ်သည်။

ဘုရင်မကြီးကလည်း သူ၏ ကြည်ညိုလေးစားမှုကို ဖော်ပြသည့်အနေဖြင့်




ကြင်ရာတော်မင်းသား အဲလ်ဘတ် ဒီဇိုင်းပြုလုပ်ပေးသော
ဗိတိုရိယ ဘုရင်မကြီးက ဖလောရင့်နိုက်တင်ဂေးကို
ဂုဏ်ပြုပေးအပ်ခဲ့သော ရင်ထိုးတံဆိပ်

ခင်ပွန်းဖြစ်သူမင်းသားအဲလ်ဘတ်ဒီဇိုင်းပြုလုပ်ပေးသည့် ရတနာရင်ထိုးကို ပို့ပေးခဲ့သည်။ စိန့်ဂျော့အမှတ်အသား အနီရောင်ကြွေရည်သုတ်ထား၍ စိန်ပွင့်များပါဝင်ဖုံးလွှမ်းပြီး ဘုရင်မကြီး၏ အတိုကောက်စာလုံးလည်းပါဝင်သည်။ ခရိုင်းမီးယားမှ မြင့်မြတ်သော သနားကြင်နာသူတို့အတွက်ဟု စာလုံးပါရှိသည်။

၁၈၅၅ ခြတ်သျှ သံရုံးမှတည်ခင်းသော ခရစ္စမတ်ညစာစားပွဲ၌ ဖလောရင့်နိုက်တင်ဂေး ထိုရင်ထိုးဝတ်ဆင်၍ တက်ရောက်ခဲ့သည်။ နောက်တစ်ဦးက လေဒီဟွန်ဘီ ဖြစ်သည်။ အခန်းအတွင်းသို့ပထမဆုံး ဝင်ရောက်လာသူ အမျိုးသမီးဖြစ်သော လေဒီဟွန်ဘီသည် ဒီလရှင်ကဲ့သို့ အနက်ရောင်ဝတ်စုံ၊ ပိတ်ဖုံးသော ဦးထုပ်တို့ကို ဝတ်ဆင်လာသော နိုက်တင်ဂေးကို တွေ့လိုက်ရသောအခါ ဖလောရင့်နိုက်တင်ဂေး ဆိုသည်မှာ အမျိုးသမီးတို့အကြား ဂုဏ်ပြုထိုက်သော ယခုအခါ၌ အားလုံးထက် အကြီးကျယ်ဆုံးသူဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။ လေဒီဟွန်ဘီက မေတ္တာကရုဏာဖြင့် လွှမ်းခြုံနိုင်သူ နိုက်တင်ဂေးကို ''ကလေးတစ်ဦးလို နဖူးကိုကျော်ပြီး အညိုရောင်ဆံပင်တို့ကို ဖြီးသင်ထားပြီး စွန့်ပစ်ခံထားရပုံမျိုး'' ဟု ရေးဖွဲ့သည်။ ထိုအနက်

ရောင်ဝတ်စုံပေါ်မှ တစ်ခုတည်းသော အဆင်တန်ဆာက ဘုရင်မကြီး၏ ရင်ထိုးသာ ဖြစ်ချေ၏'' သူသည်အလွန်သေးသွယ်နေပြီး အရပ်က အလယ်အလတ်ထက် အနည်း ငယ်ပိုရုံ မျက်နှာရှည်၍ ပိန်ပိန်ပါးပါး၊ သို့တိုင်ထိုပုံသဏ္ဌာန်က မကြာမီက အဖျားရောဂါမှ အများကြီး အားပြန်ပြည့်လာခြင်းဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ တည်ငြိမ်ခြင်း ဖွဲ့ရှိခြင်းတို့ဖြင့် အစီအစဉ်တကျ လုပ်ကိုင်တတ်သော အမျိုးသမီးတစ်ဦးကဲ့သို့ ဖြစ်သည်ဟု လေဒီဟွန်ဘီက ဖေါ်ပြပေသည်။ နိုက်တင်ဂေးကို အသေးစိတ်ရေးဖွဲ့ခဲ့သော လေဒီဟွန်ဘီကြောင့် ချီးကျူးဂုဏ်ပြုထိုက်သော အမျိုးသမီးအဖြစ် ထိုအမည်ကို တစ်ကမ္ဘာလုံးက ယဉ်ပါးခဲ့ခြင်းပင်။ လေဒီဟွန်ဘီသည် သူ၏ ခရိုင်းမီးယားစစ်ပွဲ ကိုယ် တွေ့မှတ်တမ်းအဖြစ်အပျက်တို့ကို ဖေါ်ပြခဲ့သူလည်း ဖြစ်သည်။

သူ့ကို ဂုဏ်ပြုလျက်ရှိကြသော တစ်ချိန်တည်းမှာ နိုက်တင်ဂေးက သူ့အ လုပ်ကို ဆက်လုပ်လျက်ရှိသည်။ သူစိတ်ဓာတ်ကားဖျက်သိမ်း၍မရနိုင်ပေ။ ဆေးရုံပေါ်မှ ကတုတ်ကျင်းထဲမှ စစ်သားများအကြောင်းကို သူ့ပိုင်နက်အတွင်းမှ လေ့လာပြီး လိုသလိုပုံသွင်းသည်။ ယင်းတို့၏ ကိုယ်ပိုင်အားလပ်ချိန်ကို မည်သို့အသုံး ပြုသည်။ ငွေကြေးတို့ကို မည်သို့သုံးစွဲသည်ကို သူကောင်းကောင်းသိလာသည်။ သူ၏ အလုပ်ထဲသို့ ပြင်းထန်သော စိတ်ခံစားမှုဖြင့် ခိုင်မြဲစွာ လုပ်ဆောင်သည်။ ၁၈၅၆ ငြိမ်းချမ်းရေးစာ ချုပ်လက်မှတ်ထိုးသည်အထိ ထိုနေရာတွင်ရှိနေခဲ့သည်။ သို့သော် တပ်များမဆုတ်ခွာခင် ဧပြီလအကုန်တွင် အိမ်ပြန်ခဲ့သည်။ ဘဲလက်လာဗာရှိ နောက်ဆုံး ကျန်သော ဆေးရုံများ ပိတ်ကုန်သောအခါ သူလည်း ထွက်ခွာဖို့အသင့် ဖြစ်ခဲ့ခြင်းပင်။

ထိုနေရာသည် ဗြိတိသျှစစ်သား ၈၀၀၀ မြုပ်နှံလဲလျောင်းရာ ကြီးမားလှသော စစ်သင်္ချိုင်းကြီးဖြစ်ခဲ့ပေသည်။ များစွာသော သူတို့မှာ သူတို့ရခဲ့သော ဒဏ်ရာထက် ဥပေက္ခာပြုခံရမှု၊ ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများ၊ မလိုအပ်သော စည်းမျဉ်းများကြောင့် နှောင့်နှေးကြန့်ကြာမှုများ။ ထိရောက်စွာမကုသနိုင်ခြင်းများ တို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ နိုက်တင်ဂေးတို့ကဲ့သို့ ဘေးဒုက္ခအန္တရာယ်တစ်ခု နောက်တစ်ကြိမ်ပြန်မဖြစ်အောင် သေချာပေါက် လုပ်ဆောင်သွားနိုင်ခဲ့သည်။

အိမ်ပြန်လာသောအခါ ပျော်ရွှင်နေသော လူထုပရိသတ်တို့က သူ၏ အိမ်ပြန် ခရီးကို ခမ်းနားစွာ ကြိုဆိုနှုတ်ဆက်ဂုဏ်ပြုရန် စီစဉ်ထားကြသည်။ သို့သော် သူ့မျက်နှာ ပေါ်၌ ဤသို့ခမ်းနားစွာ ခင်းကျင်းထားမှုကို နှစ်သက်သည့် အရိပ်လက္ခဏာမပြခဲ့ပါချေ။

■

## (၁၁)

## သူတို့အတွက် တိုက်ခဲ့ရသည်

စစ်သင်္ဘောတစ်စီးဖြင့် သူ့ကို အိမ်ပြန်ပို့ရန် အမိန့်ကျလာသည်။ သူကို စောင့်ဆိုင်းနေသော အခမ်းအနားများကို ရှောင်ရှားရန်ဆုံးဖြတ်လိုက်သည်။ မစ္စစမစ် နာမည်အောက်မှပင် ခရီးကိုလိုက်ပါသည်။ အန်တီမိုင် သူနှင့်မစ္စစမစ်တို့ သုံးယောက် ဖြစ်သည်။ အတူတကွသွားကြသော သူတို့အပေါ်ဘုရင်မကြီး၏ ကိုယ်စားလှယ်သဖွယ် သူတို့၏ ဝန်စည်စလယ်၊ ပတ်စပို့စသည်တို့အပေါ် အထူးဂရုစိုက်ခဲ့သည်။

၁၈၅၆ဖေဖော်ဝါရီလကုန်တွင် ကွန်စတင်တီနိုပဲမှ မာဆေး ထို့နောက်ပဲရစ်သို့ ခရီးထွက်ခဲ့သည်။ အန်တီမိုင်က အင်္ဂလန်သို့ ဆက်သွားပြီး ဖလောရင့်နိုက်တင်ဂေးက သူငယ်ချင်းများနှင့် ပြင်သစ်တွင် ဆက်နေခဲ့သည်။ ရက်အနည်းငယ်ကြာပြီးမှ အင်္ဂလန်သို့ တစ်ယောက်တည်းပြန်သည်။ လန်ဒန်မှ လီဗျာသို့မြင်းရထားတစ်စီးဖြင့် သွားခဲ့လေသည်။ ထို့နောက် အိမ်ရှိရာ တောင်စောင်းပေါ်သို့ တက်သွားသည်။ မိသားစုနှင့် ပြန်လည် ဆုံ တွေ့သော ထိုနေ့မှာ ၁၈၅၆ ဩဂုတ်လ ၁ရက်ဖြစ်သည်။ သူ့အသက်က ၃၆နှစ် ရှိပေပြီ။

နိုက်တင်ဂေးသည် ခရိုင်းမီးယားကို မိဘများ၏ ခွင့်ပြုချက်နှင့် သွားခဲ့ခြင်း ဖြစ်သည်။ နိုင်ငံ့အထူးတာဝန်ကို ထမ်းဆောင်ရန်ခေါ်ယူခြင်းခံရသော သမီးအတွက် မိဘများက ဂုဏ်ယူခဲ့ကြသည်။ ထိုအဖြစ်က ခေါင်းဆောင်အမျိုးသမီးတစ်ဦး အဖြစ် ပထမဆုံးခန့်ထားခံရခြင်းလည်း ဖြစ်သည်။ ထိုခရီးကား သူ့အတွက် အလွန်ပင်

အန္တရာယ်များစွန့်စားရသော အသက်ဆုံးရှုံးနိုင်သော အရာဖြစ်ကြောင်း Examiner သတင်းစာက လူထုကို အသိပေးသည်။ နိုက်တင်ဂေးအိမ်ကိုပြန်ရောက်ပြီးနောက် သူ့ကိုကြည်ညိုလေးစားသူတို့၏ အနယ်နယ်အရပ်ရပ်မှ စာများရာချီပြီး ရောက်လာသည်။ ပါသီက ထိုစာများကို ဂရုတစိုက်ပြန်ကြားသည်။ နေရာအနှံ့မှ လူအများကကြီးမားသော သူရဲကောင်းအဖြစ် နိုက်တင်ဂေးကို ချီးကျူးဂုဏ်ပြုလျက်ရှိသည်။

အိမ်သို့ မိသားစုထံပြန်ရောက်လာသော နိုက်တင်ဂေးကို မိသားစုကလည်း ဤသို့မြင်သည်။ နိုက်တင်ဂေးအသက်ရလာပြီ။ အရင်လိုပိန်ပိန်ပါးပါး ပြီးတော့ ဖြူဖပ်ဖြူရော်နှင့် ဟောင်းနွမ်းစုတ်ပြတ်နေပုံပေါ်သည်ဟုပင်။ သူ၏ မျက်နှာပေါ်မှ မေတ္တာကရုဏာတို့က သူတို့၏ စိတ်လှုပ်ရှားမှုကို ဖယ်ရှားပေးလိုက်သည်။ နှစ်များစွာ အလုပ်လုပ်လာသော ဝမ်းနည်းကြေကွဲဖြစ်ရပ်တို့၏ အမှတ်လက္ခဏာပင် သူက ဖြစ်နေတော့သည်။

မိသားစုက သူ့ကို ဒီမှာပဲအခြေချဖို့ အနားယူဖို့ စားသောက်ဖို့ သူ့ခွန်အားတို့ ပြန်ရလာအောင် တိုက်တွန်းကြသည်။ သူ့အပေါ် ဩဇာလွှမ်းသော သူငယ်ချင်းများကပင် သူ၏ အားနည်း၍ ဖြူဖပ်ဖြူရော် အားကုန်ခန်းနေသောပုံကို ကြည့်ပြီး အနားယူရန် တိုက်တွန်းကြသည်။ သို့သော် သူ့ကို တစ်ခုတည်းသော ဦးတည်ရာ တစ်ခုက စေ့ဆော်လျက်ရှိသည်။ တစ်ညအိပ်ရာကနိုးလာချိန်တွင် စိတ်ကူးအကြံအစည် တို့ပေါ်လာ သည်။ သူခေါင်းထဲ၌ ကိန်းဂဏန်းများကို အပြေးအလွှားစဉ်းစားကြည့်ရာ ခရိုင်းမီးယား စစ်ပွဲ၏ ပထမလများတွင် သေဆုံးမှုနှုန်း ဖဝရာရိုင်နှုန်းထိရှိကြောင်းတွေ့ ရသည်။ မလိုလားအပ်မဖြစ်အပ်ပဲ ထောင်ပေါင်းများစွာ သေဆုံးခဲ့ခြင်းပင်။ သူသည် ထိုကိန်းဂဏန်း များကို ပြောင်းလဲလိုသည်။ ထိုသင်ခန်းစာတို့က အစိုးရအား ဤသို့ ဘေးအန္တရာယ်မျိုး နောက်တစ်ကြိမ်ပြန်မဖြစ်အောင် တိုက်တွန်းနေသည်။ ၁၈၅၆ ဩဂုတ်လအတွင်း သူ၏ ကိုယ်ရေးမှတ်တမ်းတွင် "လူအများသေဆုံးခဲ့ချိန်တွင် ရှင် သန်နေသော ကျွန်ုပ်မှာ အတုံ့အလှယ်အားဖြင့် ယင်းသို့ဖြစ်ခဲ့သော အကြောင်းကို နိုင်မာစွာ တိုက်ဖျက်သွားမည်' ဟု အချက်ကျစွာရေးသားခဲ့သည်။

ဤတွင် သူ၏ အလုပ်ကို တိုးတက်စေမည့် မမျှော်လင့်သော အခွင့် အရေး တစ်ခုရလာသည်။ ဘုရင်မကြီး၏ သမားတော်ဆာဂျိမ်းကလော့ဒ်က သူ့အိမ်ရှိ စကော့ကုန်းမြေက ဘိုက်ဟောကို လှမ်းဖိတ်ကြားသည်။ ဘုရင်မကြီး မေတ္တာချပ်ခံ ချက်ကိုလည်း ရေးသား၍ ရှင်းပြသည်။

သို့ဖြင့် နိုက်တင်ဂေးသည် ဖခင်နှင့်အတူ ဘိုက်ဟောသို့ စက်တင်ဘာ ၂၁ ရက်တွင် ရောက်ရှိခဲ့သည်။ ထိုနေရာတွင် ဗိတိုရိယာဘုရင်မကြီးနှင့် ကြင်ယာတော် မင်းသားတို့ကို ပထမဆုံး တွေ့ဆုံစကားပြောဆွေးနွေးခွင့် ရခြင်းလည်း ဖြစ်ပေသည်။

နှစ်နာရီကြာစကားပြောကြပြီးနောက် ကြည်းတပ်အတွင်းရှိ ဆေးကုသမှုဆိုင်ရာ ပြဿနာများကို သူကရှင်းပြပြီး ပြောင်းလဲသင့်သော မှတ်ချက်တို့ကိုလည်း ပေးခဲ့သည်။ ဖလောရင့်နိုက်တင်ဂေးက အခြေအနေကို ထိန်းချုပ်နိုင်ခဲ့သည်ကို ဘုရင်မကြီးက အသိအမှတ်ပြုသည့်အနေဖြင့် ''ကျွန်ုပ်တို့အနေနဲ့ သင့်ကို စစ်ရုံးမှာ ရှိစေလိုပါတယ်'' ဟုပြောခဲ့သလို မင်းသားကလည်း သူ၏ ဒိုင်ယာရီတွင် ရေးမှတ်ခဲ့သည်။ ''ယခင်က မသိခဲ့သော ကျွန်တော်တို့၏ လက်ရှိစစ်ဘက်ဆေးရုံစနစ်မှ အပြစ်အနာအဆာတို့ကို သူကအားလုံးထုတ်ဖေါ်ခဲ့သည်။ ပြုပြင်ပြောင်းလဲဖို့ကားလိုအပ်သည်။ ကျွန်ုပ်တို့သူ့ကို အလွန်ကျေးဇူးတင်သည်။ သူသည် အလွန်တက္ကြွစောင့်စည်းမှုရှိသူဖြစ်သည်''ဟု ကြင်ယာတော်မင်းသားက သူ၏ ဒိုင်ယာရီတွင် မှတ်တမ်းတင်ခဲ့သည်။

နန်းတော်နှင့် ချစ်ကြည်မှုက အလွန်အရေးပါသည်။ ဘုရင်မ၏ အထွတ်အထိပ် သရုပ္ပ ပါဝါက အစိုးရရုံးကို ဩဇာလွှမ်းမိုးနိုင်ပြီး နိုက်တင်ဂေး၏ မှတ်ချက်တို့အတွက် လည်း သဘောတူချက်ရအောင် ကူညီပေးနိုင်သည်။ တော်ဝင်ကော်မရှင်၏ ထောက် ခံချက်ဖြင့် အခွင့်အာဏာအသုံးပြု၍ ကြည်းတပ်ဆေးဘက်ဌာနနှင့် ကြည်းတပ်၏ ကျန်းမာရေးဆိုင်ရာ ပြည်တွင်းပြည်ပကိစ္စအဝဝကို လုံးဝ သူက ပြန်လည်စစ်ဆေး ချင်သည်။

သူ၏ အလုပ်ကို စတင်ပြီး အိမ်၌သဘောကွဲလွဲမှုများ မဖြစ်အောင်လည်း ရှောင်ရန်ဆန္ဒရှိခဲ့သည်။ ထို့နောက်လန်ဒန်ရှိ ဘာလင်တန်ဟိုတယ်တွင် အခန်းများ ယူလိုက်သည်။ သူ၏ မိတ်ဆွေဟောင်းလည်းဖြစ် သူ့ကို အားပေးထောက်ခံသူလည်း ဖြစ်သော ဆစ်ဒနေဟားဘတ်က သူရောက်ရှိပြီးနောက် နိုင်ငံခြားရေးရုံးမှ အခြားသူများ နှင့် ပထမဆုံး ကြားဝင်ဖြန်ဖြေဆောင်ရွက်ပေးခဲ့သည်။ တော်ဝင်ကော်မရှင်သို့ တင်ရန် အသေးစိတ်အချက်များကို ဂရုပြုဖော်ထုတ်သည်။ ဖွဲ့စည်းတည်ထောင်ပုံအမှန် ဖြစ်လာရန်ကမူ တစ်ပတ်ပြီး တစ်ပတ်နှောင့်နှေးဆဲဖြစ်သည်။

ထိုသို့ကြန့်ကြာလေ သူ၏ စိတ်လှုပ်ရှားမှု စိတ်တင်းကျပ်မှုတို့ကလည်း တိုးလာသည်။ စိုးရိမ်ပူပန်မှုတို့က သူ့ကို သနားကြင်နာကင်းစွာလုပ်ဆောင်သည်။ ညဘက်၌ အခန်းတွင်းတစ်လှမ်း လမ်းလျှောက်နေသည်။ အစာလည်းမစား ။ ထို အချိန်၌ သူ၏ ကျော်ကြားမှုကားအထွတ်အထိပ် သို့သော် သူ့ဘက်မှာရှိသော လူထု အတွက် တိုက်ပွဲဆင်တုန်းဖြစ်သည်။ ပြီးခဲ့သောအထိမ်းအမှတ်အဖြစ်အပျက်တို့က သူ့ကို အဆက်မပြတ် မြည်တွန်တောက်တီးနေသလိုဖြစ်သည်။ ၁၈၅၇ ဖေဖော်ဝါရီလက ရေးသားခဲ့သော သူ၏ ကိုယ်ရေးမှတ်တမ်းစု၌ သူ၏ စိတ်ဆင်းရဲမှုကို ဖော်ပြခဲ့ရာ '' သူ့ကဲ့သို့ တပ်မတော်အတွက် မည်သူမှခံစားပါခြင်းမရှိပါ''ဟုရေးသားခဲ့သည်။ သူနှင့် စကားပြောနေသော ထိုသူများ အားလုံးသည် သူတို့ကလေးများအားလုံးဝဖြိုးလာသည်



ဗိတိုရိယဘုရင်မကြီးက တွေ့ဆုံရန် ခေါ်ယူခဲ့သော
၁၈၆၆ ခုနှစ်က ဓာတ်ပုံ

အထိ ကျွေးမွေးရန် ပိုးဖဲကတ္တီပါတို့ ဝတ်ဆင်ရန် စဉ်းစားနေချိန်တွင် အဝေးကိုလည်း ကြည့်ရမည်။ ညစ်ပတ်သော အဝတ်အစားနှင့် ကျွန်ုပ်တို့ကလေးများ ဟောင်းနွမ်းသော ဘောင်းဘီ စားသောက်ရာ၌လည်း ဆားနယ်ထားသောအသား ကြမ်းကို စားရင်းဖြင့် ဥဝဝဝမျှသော ကျွန်ုပ်တို့ကလေးများ ထားရစ်ခဲ့ရသောအကြောင်းတို့ နောက်မဖြစ်အောင် ကာကွယ်ရမည်။ သူတို့၏ အုတ်ဂူတို့မှာလည်း အချည်းနှီး မေ့လျော့ခံရမည်။ ကျွန်ုပ်ကား ဘယ်တော့မှမမေ့နိုင်ပါ။ လူအများထိုအရာကို နားလည်သင့်သည်။ ကြောက်လန့်ဖွယ်ရှည်လျားလှသော ဆောင်းရာသီဆိုသည်မှာ မည်သို့ဖြစ်ကြောင်းသိစေချင်သည်ဟု ဖြစ်သည်။

သူ၏ အလုပ်ကိုကား သူမရပ်တန့်ပါချေ။ ပျက်လည်းမပျက်စီးသေးပါပေ။ မြူဆိုင်းနေခြင်းသို့မဟုတ် အေးခဲနေခြင်းသာဖြစ်သည်။ သူကားအစိုးရရုံးတစ်ခုမှ နောက်တစ်ခုသို့ အများပိုင်မြင်းရထားဖြင့် အလျင်စလို ကူးချည်သန်းချည်ပြုရသည်။

နောက်ဆုံး သူအောင်ပွဲရရှိသည်။ တော်ဝင်ကော်မရှင်က တပ်မတော်ကျန်းမာရေးစစ် ဆေးအဖွဲ့ခွဲလေးခုတည်ဆောက်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ သို့သော် ထိုကော်မတီလေးခုတွင် နိုက်တင်ဂေး၏ နာမည်မပါပါ။ ဆစ်ဒနေဟားဘတ် အပေါ် သူ၏ ကြိုးပမ်းအားစိုက်မှုများက သိရှိပြီးသားဖြစ်၍ ထိုကော်မရှင်၏ အကြီးအကဲက နိုက်တင်ဂေးဖြစ်လာပေသည်။ ဘာလင်တန်ဟိုတယ်ရှိ သူ့ရုံးခန်းမှာ အစည်းအဝေးများ ငြိမ်းသည်များကြောင့် ရှုပ်ထွေးနေပြီး ''ဘာမှမဟုတ်သော စစ်ရုံး''ဟုပင် ခေါ်ခဲ့ကြသည်။ Notes on Matters Affecting the Health , Efficiency and Hospital Administration of the British Army ဆိုသော စာအုပ်ထုများထွက်ပေါ်လာပေသည်။ ယနေ့ကာလ အသုံးပြုနေသော ကိန်းဂဏန်းစာရင်းတို့ကို သူက ထိုကာလ၌ အသစ်အသုံးချသော အရာတို့အနေဖြင့် အသုံးချကာ လူမှုအခြေအနေတို့ကို ရှာဖွေစုံစမ်းခဲ့ပေသည်။ လေ့လာသောအတိုင်းအတာအကြောင်းအရာတို့က ကျယ်ပြန့်ပြီး သိပ္ပံနည်းကျကျန်းမာရေးနှင့် လိုအပ်သည်များ။ အာဟာရဓာတ်ပြည့်ဝစေမည့် စားဖိုဆောင်များ။ အုပ်ချုပ်မှုဆိုင်ရာလိုအပ်သော အပြောင်းအလဲများနှင့် အနာဂတ်ဆေးရုံသစ် ဆောက်လုပ်ရေး၌ လိုအပ်ချက်များပါဝင်ခဲ့သည်။ ကျန်းမာရေး ပြုပြင်ပြောင်းလဲမှုအတွက် တစ်ဦးတည်း လေ့လာခဲ့ လုပ်ကိုင်ခဲ့၍ ရရှိခဲ့သော အခွင့်အရေးဖြစ်ပြီး လူတိုင်းအားထုတ်ရမည့် ပြောင်းလဲမှုကို အကြံပေးခဲ့သူတစ်ဦးအဖြစ် လုပ်ခဲ့ခြင်းပင်။

သို့သော် ထိုပြောင်းလဲမှုအတွက် အားထုတ်ခဲ့ရသော သူ့မှာမူ စိတ်သွားတိုင်း ကိုယ်မပါနိုင်သောကျန်းမာရေး အကန့်အသတ်အားနည်းမှုများ ရှိနေသည်။ သူငယ်ချင်းများကတော့ အနားယူဖို့ တိုက်တွန်းအပြစ်တင်လျက်ရှိကြသည်။ သို့သော် သူက လာမည့်အနာဂတ်အတွက် အရေးပါသောနေရာ၌ ရပ်တည်နေပြီး ဆက်လုပ်ရန်လည်း

ဆုံးဖြတ်ချက်ချခဲ့ပြီးဖြစ်သည်။ သူ၏ ဖွဲ့ရှိမှုသည်သာ အနာဂတ်တွင် ကြုံရမည့်အနိဋ္ဌာရုံတို့ကို ရှောင်လွှဲနိုင်မည်ဟု သိနေ၍ဖြစ်သည်။

ထိုသို့လုပ်ကိုင်နေရင်း သူ့အသက်အန္တရာယ်စိုးရိမ်ရလောက်ဖွယ်တို့လည်း ဖြစ်ခဲ့သေးသည်။ တပ်အတွက်လိုအပ်သည်တို့က များလှသည်။ သူ၏ ရန်ပုံငွေတို့ကို စံနမူနာစစ်တန်းလျားနှင့် အိမ်ထောင်သည်လိုင်းတို့ ဆောက်လုပ်ရန်အသုံးပြုသည်။ ခရိုင်းမီးယားမှ ပြန်ရောက်အပြီးတစ်နှစ်အကြာ ၁၈၅၇ ဩဂုတ်လ၌သူ၏ ကျန်းမာရေးအခြေအနေက ဆိုးရွားပြီး လဲကျသည်အထိဖြစ်ခဲ့သည်။ မိခင်နှင့် ညီမပါသီတို့က သူ့ကို ဂရုစိုက်စောင့်ရှောက်ပေးလိုသော်လည်း သူလက်မခံခဲ့။ မဲလ်ဗန်းရွာသို့သွားပြီး အနားယူကုသခဲ့သည်။ ထိုအချိန်မှာ သူ့ထံသို့လာသောဖခင် နီးကပ်စွာရှိနေ၍ သူကျေနပ်သည်။ အားအင်ချည့်နဲ့နေသော သူ့ကို ဖခင်ဖြစ်သူက တွေ့ပြီးနောက် အန်တီမိုင်ကို သူ့အားပြုစုဖို့ခေါ်ပေးလိုက်သည်။

ထို့နောက် ဘာလင်တန်ဟိုတယ်ရှိ သူ့အခန်းသို့ ပြန်လာသည်။ မပြီးပြတ်သေး သောသူ့ဘဝကို စတင်ရန်ဖြစ်သည်။ လာမည့်အနှစ် ၄၀အတွက် သူ့ခွန်အားတွေ ပြန်ရလာသောအချိန်ဖြစ်သည်။ အန်တီမိုင်နှင့် ဝမ်းကွဲညီမ ဟီလာရီတို့က သူ့အနား၌ တစ်ဦးမဟုတ်တစ်ဦးရှိပြီး အိမ်မှုကိစ္စများနှင့် သူ၏ အတွင်းရေးမှူးလို လုပ်စရာများကို လုပ်ဆောင်ကြသည်။ သူတို့မရှိလျှင်လည်း နောက်ထပ်အမျိုးတွေက ထိုတာဝန်ကို ယူကြမည့်ဖြစ်သည်။

လုပ်စရာတွေရှိနေသော်လည်း သူ့အသက်ကို ခြိမ်းခြောက်သော ရောဂါတို့ ထက်ပင် ပြင်းထန်သော အားအင်ဆုတ်ယုတ်မှုကို ခံစားနေရသည်။ ခန္ဓာကိုယ်အာရုံကြောတို့အားလုံး အလုပ်၌အားစိုက်ခဲ့ရ၍ ဖြစ်သည်။ တစ်ခါတစ်ရံတွေ့ဆုံမှုတစ်ခုအပြီး သတိလစ်သွားတတ်၍ နိုင်ငံရေးအရအရေးပါသော ဧည့်သည်များမှလွဲ၍ တွေ့ဖို့ကန့်သတ်ထားရသည်။ သူ့အလုပ်ကို ပြန်မလုပ်နိုင်ပါသေးပေ။ အားလုံးအတွက် အလုပ်လုပ်ရန် သူရှင်သန်နေမည်ဟုယုံကြည်ကြောင်း သူ့ငယ်ချင်းဖြစ်သူ ပားရစ်မာတင်းနျူးက ပြောခဲ့သည်။

တကယ်တော့ မာလ်ဗင်ရွာက သူ့အတွက် အနားမရပါ။ သူ့ကျန်းမာရေးက စိုးရိမ်ရလောက်အောင် ကျဆင်းခဲ့သည်။ အခန်းထဲမှာလဲလျောင်းရင်း စာရေးရင်း တွေးရင်း သူ့အတွေးတို့ကို ချလုပ်မည့်အစီအစဉ်တို့အတွက် လူကအနားမရခဲ့ဟု ပြောရမည်။

ထိုနှင့် မရေးမနှောင်းပင် သူစိုးရိမ်ကြောင့်ကြနေခဲ့သော ဗြိတိသျှတပ်မတော် အတွက် ဆေးဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာသည်။ သူက နောက်ထပ် အလွန်ကြီးမားသော ပရိုဂျက်တစ်ခုကို တာဝန်ယူရသည်။ အိန္ဒိယရှိ ဗြိတိသျှတပ်များ

ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးအတွက် ဖြစ်သည်။ ဒီတစ်ချီသူကို အားပေးခဲ့သူက ဆစ်ဒနေဟားဘင့် မဟုတ်တော့ပဲ အိန္ဒိယဆိုင်ရာ ဝန်ကြီးလော့ဒ် စတန်လေဖြစ်သည်။

အိန္ဒိယကျန်းမာရေးကော်မရှင်ထံသို့ သူ၏ အတုမရှိသော စာအုပ်ပြာဟုခေါ်သည့် စာတမ်းကို တင်သွင်းသည်။ ထိုစာအုပ်က ဗြိတိသျှတပ်များ အိန္ဒိယကို သိမ်းပိုက်ပြီးနောက် အကျိုးဆက်များနှင့် ဒေသခံတို့၏ ဘဝကို ပြည့်စုံအောင်ဖော်ပြသည်။ လူအနည်းငယ်သာ ထိုစာအုပ်ထူကြီးကို ဖတ်ကြသည်။ သို့သော် ''မစ်နိုက်တင်ဂေး၏ လေ့လာချက်''ခေါ် စာမျက်နှာ ၂၃ အကြောင်းအရာကို အတော်များများသိကြသည်။ ထိုလေ့လာချက်က သီးခြားလည်းပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုသို့ နီးကပ်စွာလေ့လာမှုက အိန္ဒိယစစ်မြေပြင်ကို အထောက်အကူပြုခဲ့သည်။ စစ်တန်းလျားများ၌ နေရသောဘဝ၊ ညစ်ပတ်ပေရေသောရေများ။ ညစ်ညမ်းသောရေ၊ လေကောင်းလေသန့်မရမှု၊ အာဟာရ ခာတ်ချို့တဲ့မှု၊ ဆေးရုံများတွင် လူနာပြည့်လျှံမှုတို့လို ရောဂါထိန်းမနိုင်သိမ်းမရ ပျံ့နှံ့မှုများ အိန္ဒိယစစ်တပ်အတွင်း၊ အချိန်မတိုင်မီ သေဆုံးရမှုများပါဝင်သည်။

၁၈၅၈တွင် သူ၏ ဆေးရုံမှတ်တမ်းများ 'Nates on Hospitals' စာအုပ်ထွက် ပေါ်ပြီးနောက် သူ၏ ဩဇာကြီးမားမှုကား အထွတ်အထိပ်သို့ တက်သွားခဲ့သည်။ ဆေးရုံများတွင် လူနာပြည့်လျှံမှု၊ အလင်းရောင်နှင့် လေဝင်လေထွက် မကောင်းမှု၊ ပြုစုကုသရေးအားနည်းမှု စားဖိုဆောင်ချို့ယွင်းမှုနှင့် လျှော်ဖွတ်မှုအထောက်အကူကိစ္စတို့ကပါ သေဆုံးမှုနှုန်းမြင့်တက်ရခြင်းကို ခြေရာခံလိုက်ဖော်ပြခဲ့သော စာအုပ်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ။ အစိုးရအကြီးအကဲများတို့က သူ၏ အကြံဉာဏ်ကို မေးမြန်းကြသည်။ ပေါ်တူဂီဘုရင်က ကလေးဆေးရုံဆောက်လုပ်ပေးရန် သူ၏ စီမံကိန်းကို လက်ခံလိုက်သည်။ ၁၈၆၁ အမေရိကန်၌ စစ်ဖြစ်ပွားသောအခါ စစ်သားများအတွက် ဆေးရုံတည်ထောင်ရန် ကိစ္စကို အစိုးရက သူ့ထံအကြံတောင်းသည်။ ထိုရလဒ်က နိုက်တင်ဂေးလုပ်ခဲ့သလို ဆေးရုံများတွင် အမျိုးသမီးသူနာပြုများ လေ့ကျင့်မွေးမြူဖို့ ကျန်းမာရေးကော်မရှင်က အစပြုတည်ထောင်လိုက်ခြင်း ဖြစ်ပေသည်။

ထို့နောက်ပိုင်း ၁၈၅၀ နှောင်းပိုင်းနှင့် ၆၀ ကာလများ၌ နိုက်တင်ဂေးမှာ သတင်းထဲမှ အမျိုးသမီးတစ်ဦးဘဝရောက်နေပေပြီ။ ၁၈၅၉တွင် ထုတ်ဝေခဲ့သော Nates on Nursing What it is and What it is not ဆိုသော သူနာပြုလက်စွဲစာအုပ်က ဘက်ဆဲလာစာရင်းတွင်ရှိခဲ့သည်။ သူက အမျိုးသမီးတိုင်းအတွက် ရည်ညွှန်းခြင်းဖြစ်ပြီး တစ်စုံတစ်ဦးက အခြားသူများကို စောင့်ရှောက်နိုင်ရန်လည်း ဖြစ်သည်။ ''သူနာပြု-အတတ် ဟူသည် အနုပညာတစ်ရပ်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းပညာတစ်ရပ်လည်း



အင်္ဂလန်ရှိ ဆင်းရဲသားရပ်ကွက်များတွင် မိခင်နှင့်ကလေးများ
ဆင်းရဲစွာဖြင့် နေထိုင်နေကြရပုံ

ဖြစ်သည်ဟု သူကဖော်ပြသည်။ ဆက်လက်၍လည်း သန့်ရှင်းသောရေ၊ တိတ်ဆိတ်ငြိမ်သက်မှု၊ လေအဝင်အထွက်ကောင်းမှု၊ သာယာသောပတ်ဝန်းကျင်တို့နှင့်တစ်ကွ သူနာပြုတစ်ဦးသည် အခြားသူတစ်ဦး မနိုင်သန့်ရှင်းရေးလုပ်နိုင်သည်ထက် သာလွန်စွာလုပ်နိုင်ရမည်ဖြစ်ကြောင်း ရေးသားသည်။ အနေအထားအလင်းရောင် အရောင်အသွေးစသည်တို့သည် စိတ်ဓာတ်ကို မြှင့်တင်နိုင်သည်သာမဟုတ် ခန္ဓာကိုယ်နှင့် ပြန်လည်နာလန်ထမှုတို့အတွက်ပါ အကျိုးသက်ရောက်နိုင်ကြောင်း သူကအကြံပေးသည်။

တန်ဖိုးနည်းစွာဖြင့် ထိုစာအုပ်ကို စက်ရုံအလုပ်သမား၊ လယ်သမားများကျေးရွာနေ လူများအတွက်ပါ ရည်ရွယ်ခဲ့သည်။ ကလေးငယ်စိတ်၊ ဖျားနာမလာမီကောင်းစွာ စောင့်ရှောက်ခြင်း စသော အခန်းတို့မှာ အိမ်ရှင်မတို့အတွက် ဖြစ်သည်။

ကလေးအိပ်မောကျနေခဲ့လျှင် ရုတ်တရက်ကျယ်လောင်စွာ ဆူညံသောအသံ တို့ဖြင့် ကလေးကိုပြုစုထိန်းသိမ်းခြင်းမျိုး မပြုလုပ်ရပါဟု မှတ်ချက်ပေးခဲ့သည်။ သူ့စာအုပ်ကို ဂျာမန်၊ ပြင်သစ်အပါအဝင် အခြားနိုင်ငံဘာသာများစွာ ပြန်ဆိုခဲ့ပြီးအမေရိကန်လည်း ပါဝင်ခဲ့သည်။ ကမ္ဘာတစ်ဝန်းကျော်ကြားလာသော နိုက်တင်ဂေးပေပင်။

သူသည် သူ့အလုပ်ကို စိတ်ထဲနှစ်၍ လုပ်သည်။ သူ့ပတ်ဝန်းကျင်၌ လူအများ ဘာဖြစ်နေကြသည်ကိုလည်း စူးစိုက်ပြီး ကြည့်သည်။ ထိုအချက်က သူမိတ်ဆွေ ဆစ်ဒနေဟားဘတ်လိုဖြစ်သည်။ သူနေမကောင်းဖြစ်နေချိန်က သူ့ကိုလာတွေ့ရန်တောင်းဆိုသည်ကို ငြင်းပယ်ပြီး ကိုယ့်အလုပ်ကို ပြန်လုပ်ရန် တိုက်တွန်းခဲ့သည်။ ဘစ်ဒနေဟားဘတ် ၁၈၆၁တွင် ကွယ်လွန်ခဲ့သည်။ ထိုအခါ ဆစ်ဒနေဟားဘတ်အပေါ်ဆက်ဆံပုံ တင်းမာခဲ့လေသလားဟု သူပြန်တွေးမိသည်။ ပြုပြင်ပြောင်းလဲရေးတိုက်ပွဲအတွက် အစိုးရကို အနိုင်ရဖို့ ဆစ်ဒနေဟားဘတ်ကို လိုအပ်သည်က သူ့အတွက် အမှန်ဖြစ်သလို နှစ်ဦးစလုံးအရေးပါခဲ့သောသူများပင်။ ဆစ်ဒနေဟားဘတ်ကွယ်လွန်ခြင်းသည် အစားထိုးမရနိုင်သော ဆုံးရှုံးမှုလည်းဖြစ်သည်။ ငါးနှစ်ကြာ သူတို့အလုပ်အတူ လုပ်ခဲ့ကြသည်။ ဆစ်ဒနေဟားဘတ်သည် အစိုးရအဖွဲ့အတွင်း နိုင်ငံရေးအရအရေးပါသောသူဖြစ်သည်။ ထိုကာလမြင်ကွင်း၏ နောက်မှ တွန်းအားပေးခဲ့သောနိုက်တင်ဂေး ရှိသည်။ သူတို့သည် တပ်မတော်၏ နေထိုင်မှုဘဝကို နောက်ဆုံးပြောင်းလဲမှုတို့ ယူဆောင်ပေးခဲ့ကြသည်။

■

(၁၂)

## နိုက်တင်ဂေး သူနာပြုကျောင်း

လုပ်စရာများမပြီးပြတ်သေးသော နိုက်တင်ဂေး အိပ်ရာမှ ပြန်ထနိုင်ပြီးနောက် ခရိုင်းမီးယားစစ်ပွဲအပြန်မှ လှူဒါန်းသောပေါင် ၄၅၀၀၀ စတင်အသုံးပြုသည်။ သူ့စိတ်တွင် အမြဲတမ်းထိပ်ဆုံးကရှိနေခဲ့သော သူနာပြုများအတွက် သင်တန်းကျောင်းတည်ထောင်ရန် အတွက်ပင်။

သူနာပြုကို့အတွက် အဘယ်သို့သော သင်တန်းကျောင်းပါနည်း။ ရှင်းစွာဆိုရလျှင် ဖလော့ရင့်နိုက်တင်ဂေးသည် သူနာပြုစုမှုအတတ်ကို အသစ်ဖန်တီးနိုင်သူလည်းမဟုတ်။ သို့သော် ဘာကြောင့် ဘာဖြစ်သင့်သည်ဟုသော ကွဲပြားသော အမြင်ကသူ့တွင် ရှိပြီးဖြစ်သည်။ သူက အခြေခံအလုပ်သမားတို့၏ နယ်ပယ်ထဲသို့ ထိုအသိပညာများရ စေချင်သည်။ ထိုသို့လုပ်ကိုင်ရင်းနှင့်ပင် သူအသက်ရလာပြီဖြစ်သလိုလူ မှုပြုပြင်ပြောင်း လဲရေးနှင့် ဆေးပညာတိုးတက်မှုတို့ကလည်း နှစ်သက်တမ်းခိုင်မာလာ ပြီဖြစ်သည်။ ခေတ်သစ်ရောဂါပိုးမွှားသေစေနိုင်သော ခွဲစိတ်မှုကို ဂျိုးဇက်လစ်စတာက တွေ့ရှိခဲ့ပြီးနောက် ခွဲစိတ်အပြီး သေဆုံးမှုနှုန်းလျှော့ချနိုင်ခဲ့သည်။ တခြားဆေးသိပ္ပံ ပညာရှင်တို့ကလည်း ဖျားနာရာတွင် ကုသမှုနှင့် ရောဂါစစ်ဆေးမှုနည်းလမ်းအသစ်များကို တွေ့ရှိခဲ့သည်။

နိုက်တင်ဂေးသည် သိပ္ပံပညာရှင် တစ်ဦးလို လေ့လာမှုမရှိခဲ့သူဟု စဉ်းစားစရာလည်းဖြစ်သည်။ ထိုသို့အထူးပြုဘာသာရပ်မျိုး သူ့တွင် တတ်ကျွမ်းခြင်းမရှိသော်လည်း

ကျန်းမာရေးနှင့် ညီညွတ်သော သိပ္ပံပညာရပ်အပေါ် သူက နက်ရှိုင်းစွာ လေ့လာခဲ့ပြီး ဖြစ်သည်။


သိပ္ပံပညာရပ်ကလည်း သူ့အပေါ်တိုက်တွန်းလျက်ရှိသည်။ အမျိုးသမီးတို့အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်သော သူ၏ စိတ်ဝင်စားမြုပ်နှံမှုတို့အတွက် ဖြစ်သည်။ အမျိုးသမီးများ အမှန်တကယ် အလုပ်လုပ်နိုင်သော ခေတ်သို့ရောက်ရှိလာပေပြီ။ ထိုနောက် သူက ယင်းတို့ကိုလေ့ကျင့်ပေး အလုပ်အကိုင်တစ်ခုရှိစေပြီးနောက် လစာတစ်ခုရလာ၍ သူတို့၏ ဘဝကို လွတ်လပ်စွာ ထူထောင်လာနိုင်မည်ဖြစ်သည်။ ယခင်ကသူတို့ကို မည်သူမျှမပြောခဲ့သော တစ်စုံတစ်ရာအတွက် မည်သို့လုပ်ရမည်ကို မသိသော အရာတစ်ခု အကောင်အထည်ဖေါ်ရန်ဖြစ်သည်။

သူ၏ ဘာသာရေးအသိတို့ကလည်း နောက်ထပ်အင်အားဖြစ်သည်။ ယေရှုဘုရားသခင်ဟူ၍စဖြစ်လာကလည်းက လူအများအတွက် လုပ်ကိုင်ပေးခဲ့သည်ဟု သူက ကောက်ချက်ချပြီး လူအများကို ပြုစုစောင့်ရှောက်ခြင်းသည်လည်း ဘုရားသခင်လုပ်ကိုင်ခဲ့သော လမ်းကိုလျှောက်လှမ်းခြင်းဖြစ်သည်ဟု ခံယူခဲ့သည်။ ဘာသာရေးယုံကြည်မှုက ဝမ်းနည်းဖွယ်ဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်နေရသော သူနာပြုတို့အတွက် ခွန်အားကိုပေးပြီး နာကျင်မှုမြင်ကွင်းတို့ သူတို့အလုပ်ကိုမထိခိုက်အောင် ဖယ်ရှားပေးနိုင်သည်ဟု ယူဆခြင်းပင်။

သို့ဖြင့် သိပ္ပံနည်းကျ စမ်းသပ်မှုတို့ဖြင့် တည်ထောင်သော ပထမဆုံး သူနာပြုသင်တန်းကျောင်းတစ်ခု ဖြစ်လာခဲ့သည်။ လိုအပ်သော စမ်းသပ်မှုတို့ပြုလုပ်နိုင်ရန် အစီအစဉ်ချပြီး ဘာလိုအပ်သည်ကို သူကတိကျစွာသိနေသည်။

လန်ဒန်တ်တားအနီး စိန့်သောမတ်ဆေးရုံနှင့် ကပ်လျက်သူ၏ သူနာပြုသင်တန်းကျောင်းကို ဆောက်ရန်ရွေးချယ်သည်။ နေရာကြီးမားသလိုကောင်းစွာ စီမံခန့်ခွဲနိုင်သော အထောက်အကူများ နေရာလွတ်များဖြင့် အဆောက်အအုံသစ်ကို ဆောက်လုပ်သည်။ ထိုစိန့်သောမတ်တွင် သူသည် မစ္စဝါဒရော့ပါကို တွေ့ရှိခဲ့သည်။ ဝါဒရော့ပါမှာ ကလေးလေးဦးမိခင် မုဆိုးမဖြစ်ပြီး လွတ်လပ်မှုနှင့် စည်းကမ်းဟန်ဖိုးတို့ကို ကောင်းစွာသိသူ၊ သူ၏ အလုပ်တွင် ကောင်းစွာ မြှုပ်နှံထားသူလည်းဖြစ်သည်။ ဝါဒရော့ပါမှာ စည်းကမ်းတင်းကျပ်သူဖြစ်သော်လည်း ဆွဲဆောင်မှုရှိပြီး လိုက်လျောညီထွေ လုပ်တတ်သူ ဖြစ်သည်။ နိုက်တင်ဂေးဖြစ်ချင်သည်တို့ကို တိကျစွာ လုပ်နိုင်သူလည်းဖြစ်၍ သူနာပြု များကို ကြီးကြပ်အုပ်ချုပ်ရသူဖြစ်လာခဲ့သည်။

သူနာပြုမျိုးဆက်ပုံစံသစ်များကို မွေးထုတ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် နိုက်တင်ဂေးသည် အမျိုးသမီးအဆင့်တိုင်း ဘာသာတိုင်းအတွက် သူသင်တန်းကျောင်း တံခါးကို ဖွင့်လှစ်လိုက်သည်။ ဉာဏ်ထက်မြက်သော ၊စံနမူနာပြုနိုင်သော လေ့ကျင့်ပေးနိုင်




အမေရိကန် ဒီဇိုင်းပြည်နယ်၊ ဒက်ထရွိုက်၌ ပထမဆုံး အသုံးပြုခဲ့သော ထိုကတိသစ္စာမှာ ဖလောရင့်နိုက်တင်ဂေးကို ဂုဏ်ပြု၍ ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

ယဉ်မျိုးစာပေ

သော သူများကို သူကကြည့်ရှုရွေးချယ်သည်။ လျှောက်လာသူကို လူတွေ့စစ်ဆေးသည့်အကြောင်းနှင့်ပတ်သက်၍ ယင်းတို့၏ တိကျပုံ ရှင်းလင်းပြတ်သားပုံ တို့အပေါ် သူ၏ ပညာအခြေခံဖြင့် ကြည့်ရှုသည်။ တစ်ဦးသော လျှောက်လွှာရှင် အကြောင်းကို 'ဟန်ဆောင်လိမ်ညာဖုံးကွယ်တတ်သူ ရည်မှန်းချက်ရှိပြီး ဉာဏ်ထက် မြက်သူ'ဟု မှတ်ချက်ပေးပြီး နောက်တစ်ဦးကို' အသိနည်းသော်လည်း စိတ်ဓာတ်ကောင်းသူ' ကျန်တစ်ယောက်ကိုလည်း အမျိုးသမီးတစ်ယောက်လို ကောင်းသောဆိုးသော ခံစားမှုအာရုံတို့ရှိသူအဖြစ် ကောက်ချက်ချခဲ့လေသည်။

အမျိုးသမီး ၁၅ ဦးကို အစမ်းခန့်ရန် ခေါ်ယူပြီးနောက် ၁၈၆၀ဇွန်လတွင် ယင်းတို့သင်တန်း စတင်သည်။ နိုက်တင်ဂေး သူနာပြုသင်တန်းကျောင်း စတင်ဖွင့်လှစ်နိုင်သောအချိန်ပေပင်။ သူတို့သည် နိုက်တင်ဂေးကိုယ်တိုင်တာဝန်ယူလိုက်သော သူများလည်း ဖြစ်သည်။ ထိုမျိုးဆက်သစ်များအား သူ၏ အမြင်ကို ပုံသွင်းပေးသည်။ ယင်းတို့၏ နေထိုင်မှု သင်ကြားမှု ထောင့်အသီးသီးကို ကြည့်ရှုစီမံပေးသည်။ ထိုရန်ပုံငွေမှ သူတို့သုံးစွဲမှုနေမှုအတွက်လည်း ထောက်ပေးသည်။ သူတို့အတွက် ဝတ်ဆင်ရန် ယူနီဖောင်းကိုလည်း ရွေးချယ်ပေးသည်။ အညိုရောင်ဝတ်စုံအပေါ်မှ တောက်ပသော ကော်လာအဖြူ၊ ခါးစည်းအဝတ်၊ ဦးထုပ်တို့ပါဝင်သည်။ ယင်းတို့နေထိုင်ရန် အဆောင်ကိုလည်း စီစဉ်ပေးပြီး တစ်ဦးစီနေထိုင်ရန် အိပ်ခန်း၊ အများနှင့်ဆိုင်သော စာဖတ်ခန်းတို့ကို စာအုပ်များ၊ ပန်းများ၊ ရုပ်ပုံကားချပ်များတို့ဖြင့် မွမ်းမံပေးသည်။ သို့တိုင် နိုက်တင်ဂေးလုပ်ချင်သော အလုပ်အားလုံး မပြီးပြတ်သေးပါ။ သူငယ်ချင်းများ ကလည်း အလုပ်နှင့် သူ့အိမ်အကြား ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ပေးကြရ သည်။

သူနာပြုများ တစ်နေ့တာအလုပ်များ ပြီးဆုံးချိန်တွင် သင်ခန်းစာလေ့ကျင့်မှုတို့ဖြင့် ပင်ပန်းပြီးနောက် အိပ်ရာသို့ ကမန်းကတန်းဝင်ကြရသည်။ နေ့စဉ်လုပ်နေကျ အလုပ်တစ်ခုကိုတော့ ဆက်လုပ်ကြရသည်။ နေ့စဉ်အလုပ်တို့ကို ရေးသားရသည်။ ထိုအစီရင်ခံမှုနှင့် မစ္စဝါဒရော့ပါ၏ အထူးမှတ်ချက်တို့ကို နိုက်တင်ဂေးက ထိန်းသိမ်းပြီး သူကစေ့စေ့စပ်စပ် ကြီးကြပ်ထိန်းချုပ်ခဲ့သည်။

ထိုသို့တင်းကျပ်သော စည်းကမ်းများကား ထိုကြီးကြပ်မှုအောက်၌ နေရသော သူတို့၏ ကာလများအတွက် စိတ်ဆိုးစရာများပင်။ သို့သော်နိုက်တင်ဂေးက သူဘာလုပ်နေသည်ကို သူတိကျစွာ သိနေသည်။ ယခုအလုပ်က သူနာပြုအသက်မွေးဝမ်းကျောင်း ပညာကို အလုပ်တစ်ခုအဖြစ် လုပ်နိုင်ရန် တည်ထောင်နေခြင်းဖြစ်သည်။ လုပ်ငန်းသစ်ကို ကောင်းစွာ ဆောင်ရွက်နိုင်သော ပုံစံသစ်ခေတ်မီအမျိုးသမီးများမွေးထုတ်ပေးနိုင်ရန် စည်းမျဉ်းများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် သူ၏ ပထမဆုံးရှေ့ဆောင်လမ်းပြ သူနာပြုကျောင်းဆင်းတို့ ထွက်ပေါ်လာခြင်းကို ကမ္ဘာကသိအောင် လုပ်ပေးနိုင်ခဲ့သည်။

ထိုသတင်းသည်ကား လူတန်းစားအလွှာအမျိုးမျိုး ဘာသာဝင်အမျိုးမျိုးတို့မှ လူအများအတွက် အဆင့်မြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုတို့ရရှိမည့် အဓိပ္ပါယ်ပင်။

ကျောင်းစတင်ဖွင့်လှစ်သော ၁၈၆၀ မှ ၁၉၀၃ခုနှစ်အတွင်း နိုက်တင်ဂေးသူနာပြုကျောင်းမှ အောင်လက်မှတ်ရခဲ့သော သူနာပြုပေါင်း ၂၀၀၀ခန့် ရှိသည်။ ထိုအရေအတွက်က မပြောပလောက်ထင်ရသော်လည်း ယင်းတို့၏ ဩဇာလွှမ်းမိုးမှုက ကြီးမားလှပါသည်။ ထိုထဲမှ များစွာသော သူတို့သည် ဆေးရုံများမှ ကြီးကြပ်ရေးမှူးများ ဥရောပတစ်လွှားမှ ကြီးမားသော သိပ္ပံကျောင်းများ၊ ဩတြေလျကိုလိုနီနှင့် အမေရိကားတို့၌လည်းကောင်း တာဝန်ထမ်းဆောင်ကြသည်။ မည်သည့်နေရာသို့ သူတို့ရောက်ရှိသည်ဖြစ်စေ နိုက်တင်ဂေးသူနာပြုကျောင်းမှ သူနာပြုစည်းမျဉ်းတို့ဖြင့် သူတို့ကို



သူ၏ကျောင်းတွင် ၁၈၈၇ ခုနှစ်က သူနာပြုများနှင့်
ပြတင်းပေါက်ထဲမှ ကြည့်နေသော နိုက်တင်ဂေး

မွေးထုတ်ပေးလိုက်ခြင်းဖြစ်သည်။

သူလုပ်ဆောင်ခဲ့သော အလုပ်တို့သည် အမျိုးသမီးများ သူတို့၏ ပါဝါကို ရရှိနိုင်တော့မည့်အဆင့်သစ်တစ်ခုလည်း ဖြစ်သည်။ သူနာပြုစုခြင်းကို အမျိုးသားတစ်ဦး၏ လက်မှ အမျိုးသမီးတစ်ဦးလက်သို့ လွှဲပြောင်းပေးသော အမြင်ဖြင့် စတင်တာဝန်ယူ လုပ်ကိုင်ခြင်းဖြစ်သည်။ အမျိုးသမီးများ၏ ထိုဆောင်ရွက်မှုအတွက် ထိုက်တန်သော လစာပေးရမည်ကိုလည်း သူစဉ်းစားသည်။ သူနာပြုစုခြင်းကား စေတနာ့ဝန်ထမ်းဘဝဖြင့် ရေရှည်မရပ်တည်နိုင်ကြောင်းလည်းသိသည်။ သူ၏ သူနာပြုတို့ကိုလည်း အိမ်ထောင် သည်မဖြစ်ရ၊ တစ်ခုလပ်မဖြစ်ရဟု ကန့်သတ်ထားသည်။ သူနာပြုအကြီးအကဲ အိမ်ထောင်ပြုလျှင် အလုပ်မှ နုတ်ထွက်ရမည်ဖြစ်သည်။ ဖလောရင့်နိုက်တင်ဂေး၏ အလုပ်နှင့် အိမ်ထောင်ပြုရေးကို လဲရခြင်းဖြစ်သည်။

ထို့မှ နှစ်တွေကုန်လွန်သောအခါ လက်ရှိနေသောအိမ်မှ နောက်တစ်အိမ်သို့ ပြောင်းခဲ့သည်။ ၁၈၆၅ အောက်တိုဘာလတွင် လန်ဒန်မေဖဲယားရပ်ကွက် အမှတ် ၁၀လမ်း နေအိမ်သို့ပြောင်းရွှေ့ခဲ့သည်။ ထိုအိမ်ကို ဖခင်ဖြစ်သူက လက်ဆောင်အဖြစ် ပေးခြင်းဖြစ်သည်။

အိမ်လေးကသေးသည်ဟု ထင်ရသော်လည်း အခန်းလေးခု ထပ်ခိုးနှင့် မြေအောက်ခန်းတို့ပါရှိသည်။ ထိုအိမ်ရှိ စာအုပ်စင်ကား Blue Book ခေါ် သူနှင့်ပတ် သက်သော စာအုပ်ပြာတို့အပါအဝင် သူ၏ စက္ကူဘူးများ၊ သင်ခန်းစာပို့ချချက်များဖြင့် ရှုပ်ပွနေခဲ့သည်။ သူ၏ အိပ်ခန်းတံခါးတို့မှာလည်း၊ အလင်းရောင်နှင့် နေရောင်ခြည်ရနိုင်ရန် ဖွင့်လှစ်ထားသည်။ ရောင်စုံပွင့်သော ပန်းတို့ကလည်း အိမ်ဝန်းကျင်၌ ဖူးပွင့်နေသည်။ ဧည့်ခန်းမှာ တိုင်ရန်ဆိုဖါ သူလှွမ်းခြုံရန် ပဝါတို့ရှိနေသည်။ ဧည့်သည်တို့က တွေ့ဆုံလို လျှင် ခွင့်တောင်းရသည်။

သူ၏ အဖျားရောဂါက ရံဖန်ရံခါတွင် နာကျင်သော ဝေဒနာခံစားရသည်။ သူ၏ ကျန်းမာရေးအခြေအနေကို ပြင်းထန်စွာ ထိခိုက်သလို အရိုးအဆစ်များ ကိုက် ခဲမှုကိုလည်း ပြင်းထန်စွာ ခံစားရသည်။ တစ်ခါတစ်ရံတွင် ထိုသို့နာကျင်မှုသည် သူ့ကို ပြင်းထန်စွာ ခံစားရသည်။ ထိုသို့သောအခါမျိုး၌ သူ၏ အနေအထားကို ၄၈နာရီ ကြာ သည့်တိုင်အောင် မပြောင်းရွှေ့နိုင်ခဲ့၊ ဝေဒနာသက်သာရန် ဆေးကုသမှုခံယူနေ ရသော အချိန်များဖြစ်သည်။

အပေါ်ယံအားဖြင့် သူ့ကိုကြည့်လိုက်လျှင် စကားတို့ညင်သာတိတ်ဆိတ် စွာ ပြောနေဆဲဖြစ်သော်လည်း၊ သူအတွေးတို့က အနားမရ။ မပြီးပြတ်သေးသော သူ့ တာဝန်ကို ဆက်လက်ထမ်းဆောင်ရဆဲဖြစ်သည်။ သူတွင်ရှိနေသော အချိန်တို့ကို သူ အလျှင် အမြန်စဉ်းစားနိုင်ရန် အသုံးချသည်။ ထိုနည်းလမ်းသည်ကား သူ၏ ကျန်းမာရေး

အခြေအနေအရ ကိုယ်ပိုင်ကမ္ဘာထဲတွင် ကိုယ်ပိုင်အမြင်တို့ကို တည်ဆောက်နိုင်သော နည်းလမ်းဖြစ်သည်။ ဤသို့ဖြင့် ထိန်းချုပ်ထားသော သူ့ကမ္ဘာကား သူ၏ ထက်မြက်သော ဉာဏ်တို့ဖြင့် ဆရာတစ်ဆူဖြစ်နေပေသည်။ သူ၏ လက်နက်တို့မှာ သူရေးသားသော စကားလုံးများလည်း ဖြစ်သည်။ သူသည်မရပ်မနားရေးသားသူ၊ စာများ၊ မှတ်တမ်းများ၊ ကောက်ချက်များတို့ဖြင့် သူ၏ စကားကို ကျယ်ပြန့်သော ကမ္ဘာသို့ပေးပို့နိုင်ခဲ့သူပင်။ သူငယ်ချင်းများထံ ရေးသားသောစာမှာ အမျိုးမျိုးကွဲပြားသည့်အလျောက် သူ၏ ဒေါသနှင့် ခံစားမှုတို့ကို ဖွင့်ထုတ်သောအရာလည်းဖြစ်သည်။

သူ့ကို ဆန့်ကျင်ပြောဆိုလေ့ရှိသော အမျိုးသမီးတစ်ဦးအဖြစ် အဖက်ဖက်မှ စဉ်းစားနိုင်သည်။ သာမန်ပြည်သူတို့၏ ကျန်းမာရေးအခြေအနေတိုးတက်ဖို့ စဉ်းစားရာတွင် ကိုယ်ကိုယ်တိုင် သို့မဟုတ် အခြားသူများကို အားမကိုးခဲ့။ အလုပ်သမားတို့၏ ပြောင်းလဲမှုအတွက် လှုပ်ရှားမှုများ သို့မဟုတ် အမျိုးသမီးတို့ အခွင့်အရေးလှုပ်ရှားမှုနှင့်အတူ သူရှိနေခဲ့သည်။ သို့သော်သူ၏ ဇာတိမြေက အထက်တန်းလွှာဖြစ်သည်။ ထိုသို့ လုပ်ကိုင်ရင်း အမျိုးသားတို့ဩဇာကြီးသော အစိုးရအဖွဲ့နှင့်သူပတ်သက်လာရသည်။ ထိုထဲကသူများစွာမှာ သူနှင့်ပုဂ္ဂိုလ်ရေးအရ ရင်းနှီးကြသူများပင်။ တခြားသူများ၏ ဘဝအတွက် သူတို့က ဦးဆောင်နိုင်ခြင်းမရှိလျှင် သူက ထိုသူတို့၏ အချိန်များကို တောင်းယူပြောဆိုနေမည်သာဖြစ်သည်။

သူ့ကို အန္တရာယ်ဖြစ်စေနိုင်သော အချက်ပြမှုတို့ ဖြစ်လာမည်လားဆိုသည်က ထိုအချိန်အခါက စိုးရိမ်စရာပင်။ သူ၏ အတွေ့အကြုံနှင့် အသိပညာတို့က နောက်ဆုံးကမ္ဘာချိန်၍ ပုံနှိပ်အောင်ကိုင်တွယ်နိုင်ခဲ့သည်။ သူ၏ တောင်ဘက်လမ်းအိမ်ထဲသို့ သူ၏ အကြံဉာဏ်ကို တောင်းခံကြသူများကရှိနေခဲ့သည်။ ထို့ကြောင့် သူ၏ အတွေ့အကြုံတို့ဖြင့် ဒေသဆိုင်ရာ ကျန်းမာရေးပြဿနာများမှအစ ဝေးလံသော နိုင်ငံခြားတိုင်းပြည်များအထိ ဖြေရှင်းအကူအညီပေးခဲ့ရသည်။

■

(၁၃)

## တာဝန်ထမ်းဆောင်ဖို့ အချက်ပေးခြင်း

နိုက်တင်ဂေး တည်ထောင်ပေးခဲ့သော အထူးသားဖွားဆရာမ အစီအစဉ်သည် လူ့အဖွဲ့အစည်းများစွာသို့ ရောက်ရှိသည်။ နိုက်တင်ဂေးရန်ပုံငွေမှပင် အသုံးပြု၍ ခြောက်လကြာသင်တန်းကို ကင်း ဆေးကောလိပ်မှ ပို့ချသည်။ ထိုသင်တန်းမှ အမျိုးသမီး တို့သည် သူတို့၏ ရွာများသို့ ပြန်ပြီးနောက် သူတို့သင်ကြားခဲ့ရသော နည်းလမ်းအသစ် တို့ကို လက်တွေ့အသုံးပြု သားဖွားပေးကြသည်။

ဆေးရုံတွင် သားဖွားသောမိခင်များနှင့် ကိစ္စကိုလည်း ဝင်ရောက်ဖြေရှင်းဆောင်ရွက်သည်။ ဆေးရုံတွင် သားဖွားပြီးနောက် သေဆုံးသောမိခင်နှုန်းက အိမ်မှာသားဖွားရင်း သေဆုံးသည့်နှုန်းထက် ပိုများကြောင်း လေ့လာထား၍ ဖြစ်သည်။ စာရင်းအင်းအချက်အလက်များကို သေချာစွာ စုဆောင်းပြီးနောက် ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေတို့အောက်မှ စမ်းသပ်မှုများကို စတင်ပြုလုပ်သည့်ရလဒ်အဖြစ် လိုအပ်သော အဆက်မပြတ် သန့်ရှင်းမှုနှင့် လေဝင်လေထွက် ကောင်းမှုတို့အကြောင်းကို အတည်ပြုနိုင်ခဲ့သည်။

ဆင်းရဲသောသူများကို ကိုယ်စားပြု၍ လုပ်ကိုင်သော အရာတို့တွင် သူ၏ အာရုံစိုက်မှုကြောင့် အမြဲအနိုင်ရခဲ့သည်။ လီဗာပူးမြို့မှ သဘော်ပိုင်ရှင်နှင့် ချမ်းသာသော ကုန်သည် ဝီလျံရက်သွန်းက သူ့ဘာအကူအညီလိုကြောင်းမေးရာ သူကအဆင်သင့်ပင် အဖြေပေးခဲ့သည်။ ရက်သွန်းသည် နိုက်တင်ဂေးကို နှစ်မြိုက်သူဖြစ်သည်။ လီဗာပူးနေ

ဆင်းရဲသားရပ်ကွက်မှ စိတ်ဆင်းရဲဖွယ်အခြေအနေများ တိုးတက်လာပြီးနောက် သူ၏ နက်ရှိုင်းစွာ လူသားချင်းစာနာစွာ အကူအညီပေးမှုတို့ ခိုင်လုံမှန်ကန်ကြောင်း ထိုနေရာတွင် ပေါ်ပေါက်စေသည်။ ရက်သွန်းကို နိုက်တင်ဂေးက ''ဘုရားသခင်၏ အကောင်းဆုံး အမြင့်မြတ်ဆုံးသားတော်များထဲက တစ်ဦး''ဟု ခေါ်တွင်ခဲ့သည်။

ရက်သွန်းက ဖလောရင့်နိုက်တင်ဂေးထံ စာရေးသားရာတွင် သူနာပြုတို့အပေါ် သူအားထားနိုင်သောအကြောင်း ရှာမတွေ့သေးကြောင်း နိုက်တင်ဂေးက အချိန်ယူပြီး သူ့ကို ကူညီပေးစေလိုကြောင်း ပြောပေသည်။ ထိုနောက်နိုက်တင်ဂေး၏ အကြံအတိုင်း သူနာပြုသင်တန်းကျောင်းတစ်ခုနှင့် သူနာပြုတို့အတွက် အိမ်ရာကို တည်ထောင်ပေးသည်။ထိုအဖြစ်သည် ကြီးမားသောအောင်မြင်မှုရရန် အပြောင်းအလဲတစ်ခုပင်။ သူနှင့် အလုပ်တူတွဲလုပ်သော အခြားသူများလို ရက်သွန်းသည်လည်း နိုက်တင်ဂေးအတွက် လုပ်ကိုင်ပေးခဲ့ မြှပ်နှံပေးခဲ့သည်မှာ သူသေဆုံးသည်အထိ ဖြစ်သည်။ နိုက်တင်ဂေး၏ ခြံဝင်း၌လည်း ပန်းမန်များပြည့်လျှံအောင် စိုက်ပျိုးစောင့်ရှောက်ပေးခဲ့သူဖြစ်သည်။

မစ္စတာရက်သွန်း၏ အကူအညီကြောင့် သူနာပြုများလေ့ကျင့်မှု ပြီးဆုံးသည်အထိ သူနှင့် လုပ်ရန်မလိုသောနည်းကို တွေ့ရှိခဲ့သည်။ ရက်သွန်းမှာ ဆင်းရဲသော လူမမာများကို ကုသပေးထားသည်။ ထိုနေရာကျဉ်းကလေး၌ လူနာဦးရေမှာ ၁၂၀၀အထိ ရှိခဲ့သည်။ သူတို့၏ အိပ်ရာက တစ်လလျှင် တစ်ကြိမ်သာပြောင်းလဲပေးသည်။ အဝတ်က (၇)ပတ်တစ်ကြိမ် အစားအသောက်ကချို့တဲ့သည်။ တော်မွတ်၍ များစွာသေကြသည်။ ဖျားနာသူများကို ပြုစုသူများကိုယ်တိုင် အလွန်ဆင်းရဲသူများဖြစ်သလို လေ့ကျင့်မှု လည်းမရှိသည့်အပြင် ရံဖန်ရံခါတွင် အရက်သောက်တတ်သေးသည်။ စကူတာရီလို ထပ်ဖြစ်ပြီဟု နိုက်တင်ဂေးကမှတ်ချက်ချသည်။

လီဗာပူးအလုပ်ရုံကို စမ်းသပ်မှုအဖြစ် သူက အသုံးပြုသည်။ အက်နက်ဂျုန်း ဆိုသူနှင့် သူနာပြု ၁၂ ဦးကို ထိုနေရာသို့ လွှတ်သည်။ အက်နက်ဂျုန်းက သူနာပြုတို့၏ ဆောင်ရွက်မှုကို ရည်ညွှန်းဖော်ပြကြီးကြပ်ရသည်။ ထိုမတိုင်မီသုံးနှစ်က မစ္စဂျုန်းကို အခြားသူများအတွက် စံနမူနာပြုလုပ်နိုင်၍ အထောက်အကူပေးမည့် အဖွဲ့ထဲခေါ် လိုက်ခြင်းဖြစ်သည်။

လီဗာပူးမှရသောအတွေ့အကြုံများသည် မစ္စနိုက်တင်ဂေးအား ဖျားနာသော သူများကို ကုသမှုပေးသည့် ရုပ်ပုံအားလုံးကို ပထမဆုံးစပြီး မြင်စေသည်။ အဆင့်တိုင်းကို ပြောင်းလဲမှုများ ပြုလုပ်ရန်လိုသည်ဟု နိုက်တင်ဂေးက ပြောပြီး ဆင်းရဲသားဥပဒေ ဘုတ်အကြီးအကဲပင် ခေတ်မမီတော့ဟု မှတ်ချက်ပေးခဲ့သည်။

ဖျားနာနေသော ဆင်းရဲသားများမှာ ဆင်းရဲလွန်းလှ၍ သူတို့အနာဂတ်အတွက် ပင် စဉ်းစားစရာမရှိပေ။ သို့သော် ထိုသူများကို ပြုစုကုသပေး၍ သူတို့ပြန်ကျန်းမာလာကြ

သည်ဟု သူကဆိုသည်။ သူတို့လိုအပ်သည်မှာ သူတို့ကိုယ်ပိုင်တည်ထောင်မှုလုပ်ဖို့နှင့် သင့်တော်သော စောင့်ရှောက်မှုတို့သာဖြစ်သည်။ သူ၏တွေးခေါ်ပုံမှာ ဖျားနာနေသော လူပုဂ္ဂိုလ်သည် တစ်ခုခုကို အလွန်တောင်းဆိုတတ်သည်။ ဆေးဝါးကုသခြင်းမှလွဲ၍ ထိုအထက်က မည်သည့်အရာမဆို ခွင့်မပြုရန် ဖြစ်သည်။

စိတ်မနှံ့သူများက လုပ်ကိုင်ပေးမှုအလားတူ သူတို့ကလေးငယ်များ၏ ဘဝသည်လည်း ကြောက်ရွံ့ထိတ်လန့်ဖွယ် အခြေအနေဖြစ်ကြောင်း နိုက်တင်ဂေးက တွေ့ရှိခဲ့သည်။ စိတ်မနှံ့သူ ဖျားနာနေလျှင် ကုသပေးရန်မတတ်နိုင်။ ကလေးများကို



၁၈၇၀ လန်ဒန်မှ လမ်းတစ်ခုပေါ်၌

ထိုအချိန်၌ရောမထားသင့်ပေ။ ၁၈၆၉ မတ်လတွင် A Note on Pauperism ခေါ် ဆင်းရဲမှုဝါဒအပေါ် မှတ်ချက်ဆောင်းပါးကို ထုတ်ဝေခဲ့သည်။ သူသိနားလည်တွေး ခေါ်ခဲ့သည်တို့ကို ဖော်ပြခြင်းဖြစ်သည်။ ဖျားနာနေသူများ အလုပ်မလုပ်နိုင်သူများမှာ အလုပ်ရုံမှ ဖယ်ရှားခံရသည်။ ဆင်းရဲသားကလေးငယ်များ ဘုတ်အဖွဲ့စစ်ဆေးမှုဖြင့် စက်ရုံရှိကျောင်းများ၌ ပညာသင်သင့်သည်။ ဆင်းရဲသားတို့အတွက် အိမ်ရာကိုလည်း နိုင်ငံတော်က တာဝန်ယူသင့်သည်။ ဆာလောင်ငတ်မွတ်ခြင်းနှင့် ပတ်သက်၍ ဆာလောင်ငတ်မွတ်ခြင်းမှာ အပြစ်ပေးခံရခြင်းမဖြစ်သင့်။ သူတို့ကိုယ်တိုင် ရှာဖွေစား သောက်နိုင်ရန် သင်ကြားပေးရမည်။

ပြည်သူ့ကျန်းမာရေးတိုးတက်ရန် ဆင်နွှဲသော တိုက်ပွဲသည် ကြီးမားသော အားပေးမှုကြောင့် သူအနိုင်ရခဲ့သည်။ လန်ဒန်ထုတ် The Time သတင်းစာ၊ ဆေးပညာ မဂ္ဂဇင်း Lancet တို့က သူ့ကို အားပေးထောက်ခံခဲ့သည်။ သူ၏ ကြိုးပမ်းအား ထုတ်မှုတို့က ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု အလုပ်ရုံစတင်ရန် အကူအညီပေးပြီး ဆင်းရဲသားများကိုယ်စား ဥပဒေချမှတ်ရေးကို ဦးတည်နိုင်ခဲ့သည်။

ဖလောရင့်နိုက်တင်ဂေးလုပ်ဆောင်သမျှ အရာရာတိုင်းတွင် သူနာပြုခြင်းနှင့် သူနာပြုအလုပ်အတွက် လေ့ကျင့်သင်ကြားပေးခြင်းက ဗဟိုချက်နေရာတွင် ဆက်ရှိခဲ့ သည်။ သူကတစ်ဆင့်ပြီးတစ်ဆင့် ကျော်စေလျှင် ထိုလေ့ကျင့်မှုကို နောက်ဆုံး သိပ္ပံ နည်း ကျ နည်းလမ်းများပါ ဆွဲယူနိုင်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့် အတန်းကို မြှင့်မားစေခဲ့သည်။

သူ၏ အလုပ်ကို ဆန်းသစ်ဖန်တီးပေးသူတို့ထဲတွင် ဆွစ်ဒေါက်တာ ဟင်နရီဒူးနန့်လည်းပါသည်။ ဟင်နရီဒူးနန့်သည် စေတနာ့ဝန်ထမ်းအကူအညီပေး အဖွဲ့အစည်းတစ်ရပ်ကို ၁၈၆၄ ကတည်ထောင်ခဲ့ပြီး (Red Cross) ကြက်ခြေနီဟု ခေါ်ခဲ့သည်။ ထိုဖန်တီးမှုက နိုက်တင်ဂေးအတွက် အကျိုးကျေးဇူးရှိစေသည်။ အဆိုပါ ကြက်ခြေနီအဖွဲ့သည်လည်း စစ်ပွဲနှစ်ဖက်အကြား မည်သူ့ဘက်မှမပါဘဲ ကြားနေအဖြစ် ဒဏ်ရာရစစ်သားများကို ကြည့်ရန် စဉ်းစားသော အယူအဆမှ ထွက်ပေါ်ခြင်းဖြစ်သည်။ ၁၈၆၇ ပြင်သစ်တွင်ကျင်းပသော ကြက်ခြေနီအဖွဲ့အစည်းများ ညီလာခံက နိုက်တင်ဂေး၏ ဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုသောအားဖြင့် ရွှေတံဆိပ်ဆု ချီးမြှင့်သည်။ ၁၈၇၀ အဂ်လန်တွင် ကြက်ခြေနီအသင်းခွဲထောင် ဖြစ်သောအခါ နိုက်တင်ဂေး ထိုအဖွဲ့၏ အကြံပေးဖြစ်ခဲ့သည်။

အဖွဲ့အစည်းသစ်ထံပေးသောစာတွင် သူနာပြုလုပ်ငန်းအပေါ် သူ၏ သတိ ပြုမှုကို အလေးထားသောအားဖြင့် ထိုအလုပ်သည် ခံစားမှုဦးစားပေးသော စိတ် ထက်သန်သူတို့အတွက် မဟုတ်ဘဲ ခက်ခဲသော အလုပ်ကို ချစ်မြတ်နိုးသူအတွက်

ဖြစ်ကြောင်းဖော်ပြပေသည်။

၁၈၇၂ သင်တန်းကျောင်း နှစ်ပတ်လည်အခမ်းအနားတွင်လည်း အလုပ်သင် များကို မိန့်ခွန်းရေးသားပေးပို့သည်။ သူတို့ အထူးခေါ်ယူခန့်အပ်ခြင်းခံရသည်ကို အမြဲအမှတ်ရနေရန်ဖြစ်သည်။ သို့သော် နောက်ပိုင်း ၁၈၈၂အထိ ထို စိန့်သောမတ်ဆေးရုံသို့ ပုဂ္ဂိုလ်ရေးအလည်အပတ်ခရီးတစ်ကြိမ်သာ ရောက်ရှိခဲ့သည်။ ထိုကျောင်းကို တည်ဆောက်ခဲ့ရာ၌ သူ့ခွင့်ပြုသဘောတူမှုမရှိဘဲ လုပ်၍မရအောင် အစစအသေးစိတ် စီစဉ်ခဲ့သည်။ ပုံစံဒီဇိုင်းကအစ အသေးစိတ်အဆုံး လက်တွေ့ကသူမမြင်ဘဲ လုပ်လို့မရအောင်ကြီးကြပ်ခဲ့သူလည်းဖြစ်သည်။

ထိုအခမ်းအနားတွင်ပြောကြားသော မိန့်ခွန်းက ယင်းတို့ကို တိုးတက်အောင် လုပ်ဖို့တိုက်တွန်းထားပြီး ဆေးဘက်ဆိုင်ရာ တိုးတက်မှုနှင့် အတူလိုက်ပါထိန်းသိမ်းရင်း ယင်းတို့၏ ပညာရေးသည်လည်း ရှေ့ကိုသွားနေရမည်ဟု ဆိုခဲ့သည်။ ''အနည်းဆုံးအနေနှင့် ကျွန်ုပ်တို့ နှစ်တိုင်းတိုးတက်နေအောင် လုပ်ကြရမည်။ လတိုင်းသီတင်းပတ်တိုင်းဖြစ်သည်။ မဟုတ်လျှင် နောက်ကို ပြန်ကျသွားမည်''ဟု ဆိုခဲ့ပြီး သူ၏ ထိုစကားရပ်တို့ကိုလည်း ''တာဝန်ထမ်းဆောင်ရန် အချက်ပေးသံ''ဟု နားလည်ကြပေသည်။

■

(၁၄)

## အလွန်ထင်ရှားကျော်ကြားခဲ့သူ

ထိုမှ ၁၀နှစ်ခန့်ကြာသောအချိန် သူ့မိသားစုရှိရာ အမ်ဘာလေသို့ စွန့်စားပြီး သွားသည်။ သူ့မိခင်မှာ ထိုအချိန်၌ အသက် ၇၈ နှစ်ရှိပေပြီ။ မြင်းရထားစီးရင်း မတော်တဆ ထိခိုက်မှုဖြစ်ထားခဲ့သေးသည်။ မိသားစုက သူ့ကို 'ဖလို'ဟု ခေါ်ကြဆဲဖြစ်သည်။ အမ်ဘာလေကို ရောက်လာသောသူ့ကို အရေးတယူစောင့်ရှောက်ကြသည်။ မိခင်ကြီးပို၍နူးညံ့လာ၊ အေးဆေးငြိမ်သက်လာ ပို၍စဉ်းစားလာဟု သူက ကလာ့ကေထံ စာရေးခဲ့သည်။ သူ၏ အခြားလည်ပတ်စရာတို့က အမ်ဘာလေအိမ် မိခင်နှင့် သမီးဖြစ်သူတို့ဝတ်စားပုံ ဆင်တူသည်မှာ အတိတ်ကိုပြန်အမှတ်ရစရာဖြစ်သည်။ သူနားလည်မှုလွဲခဲ့ခြင်းတို့အပေါ် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပြီး ဝန်ခံသည့်အနေဖြင့် သူ့အပေါ်သာ ထိုသို့နားလည်မှုမရှိခဲ့လျှင် ဘဝ၌ဘာမှကျန်ခဲ့မည်မဟုတ်ကြောင်း ဆိုပေသည်။

၁၈၅၇ တွင် နိုက်တင်ဂေး စိတ်မာတ်ကျဆင်းနေသည်။ နိုင်ငံရေးအခြေအနေကြောင့် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်သောကြောင့်ပင်။ အစိုးရရုံးမှ လူများသည် သူပြုခဲ့သော အကြောင်းရင်းအပေါ် စာနာနားလည်မှုမရှိကြ။ အထီးကျန်နေသလိုခံစားရပြီး ဘာမှပြီးမြောက်အောင် မလုပ်နိုင်သည့်သဖွယ်ဖြစ်သည်။ ဖြစ်ခဲ့သမျှတို့တွင် အဆိုးဆုံးမှာ စစ်ရုံးက သူ၏အကြံဉာဏ်ကို ယူရန် တောင်းမနေတော့ခြင်းဖြစ်သည်။ ထိုကာလသူရေးသော မှတ်စုထဲ၌ အထီးကျန်ခံစားရခြင်းပါဝင်လာသည်။ ကိုယ်တိုင်လည်း စိတ်ရှည်သည်းခံမှုမရှိ ဆူပူကြိမ်းမောင်းတတ်လာသည်ဟု ပါရှိခဲ့သည်။



၁၈၇၃ ခုနှစ် အတီးကျွန်းမှတို့ ပိုမိုခံစားလာရချိန်

သူ၏အထီးကျန်မှု နက်ရှိုင်းလာခြင်းနှင့်အတူ ဖခင်ဖြစ်သူက ၁၈၇၄ တွင် ရုတ်တရက်ကွယ်လွန်ခဲ့သည်။ ထိုကာလမှာပင် ချားလ်နှင့်ဆယ်လီနာဘာရေ့စ်ချ်တို့လည်း ကွယ်လွန်ကြသည်။ ထိုမိတ်ဆွေသူငယ်ချင်းနှစ်ဦးသည် စကူတာရီမှ အတွေ့အကြုံအဖြစ် အပျက်တို့ကို မျှဝေခံစားခဲ့ရသူများလည်းဖြစ်ပြီး သူ့ဘဝကို ဖန်တီးပေးခဲ့သူများလည်း ဖြစ်သည်။

ဖခင်ကွယ်လွန်သွားသောအခါ ဖခင်၏ ခြံမြေကို သူယူခဲ့သည်။ အိမ်နှစ်လုံးနှင့် ကျန်သော ဦးပိုင်မြေတို့က အန်တီမိုင်နှင့် သူ့သားရှိုးတို့ထံ ရောက်သည်။ မိခင်က အမ်ဘလေနှင့် လီဟာတ်အိမ်ပိုင်ရှင်အဖြစ် သိပ်နေရတော့မည်မဟုတ်၍ ရှိုးနှင့်သူ့မိသားစု ရှိရာ လန်ဒန်သို့သွားနေသည်။

ဘာသာတရားသည်သာ သူ့ဘဝတစ်လျှောက်လုံး မကျဆင်းသော အကြောင်းတရားဖြစ်သည်။ ဘုရားသခင်ကသာ သူ့ကို အမြဲတမ်း စိတ်သက်သာရာ ရစေသည်။ တစ်စုံတစ်ဦးက ဘုရားသခင်အတွက် အမှုထမ်းပေးချိန်၌ တစ်စုံတစ်ဦးမှာ ဆောင်ရွက်ခြင်းလည်းဖြစ်သည်ဟု သူယုံကြည်သည်။

စိတ်ပျက်အားလျှော့နေလျှင် သို့မဟုတ် ထိုသို့ မဖြစ်လျှင်လည်း သူစိတ်က တော့ အနားမရ၊ ဆန်းသစ်စိတ်ကူးနေဆဲပင်။ သူ၏ အမြင်တို့ကို အိန္ဒိယအကြောင်း စုစည်းလိုက်ပြီးနောက်တွင် ကြောက်မက်ဖွယ် ငတ်မွတ်ခေါင်းပါးမှုကြောင့် ကလေးများ ထောင်သောင်းချီ သေကြေကြကြောင်း တွေ့ခဲ့သည်။ အဘယ်ကြောင့်နည်း။ အဖြေကို သိချင်သည်။ ယင်းတို့ရှင်သန်ရန် မထိန်းသိမ်းနိုင်၍လား။ ယင်းတို့၏ ကျန်းမာရေးကို ထိန်းသိမ်းနိုင်ရန် ကြိုးစားဖို့လိုသည်။ အိန္ဒိယက ဘာလိုနေသည်ကို သူကောက် ချက်ဆွဲ ကြည့်သောအခါ ကောင်းမွန်သော ဆည်မြောင်းစနစ်တစ်ရပ်၊ ပညာရေးနှင့် လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးတို့လိုအပ်ကြောင်း တွေ့ရသည်။

စိတ်ကိုရိယအင်္ဂလန်အင်ပါယာသည် ဆက်ပြီးရေရှည်ရပ်တည်နိုင်ဦးမည် မဟုတ်ပါ။ ဆယ်စုနှစ်တစ်စုကြာပြီးနောက် အလုပ်သမားနှင့် အမျိုးသမီးတို့၏ အခြေအနေ တို့ တိုးတက်မှုများတစ်သီကြီးရလာသည်။ အရေအတွက်များပြားသော အလုပ်သမား အဆင့်တို့၏ ဆန္ဒပြမှုကြောင့် မဲပေးခွင့်ရသည့် အမျိုးသမီး အခွင့်အရေးအုပ်စုတို့ကလည်း ကွာရှင်းခွင့်ဥပဒေ၊ မြင့်မားသောပညာရေးအခွင့်အလမ်းနှင့် အခြားပြောင်းလဲမှုများ ဖြစ်သည်။

၁၈၈၆ တွင် ဖလောရင့်နိုက်တင်ဂေးသည် အများနှင့်ဆိုင်သော ဘဝထဲမှ လုံးဝဆုတ်ခွာဖို့ အသင့်ပြင်ခဲ့ပြီးဖြစ်သည်။ ထိုနောက် အငြင်းပွားမှုတစ်ရပ်တွင် သူပတ်သက်လာရာ ထိုမှ ခုနစ်နှစ်ကြာခဲ့ပြီး ထိုဖြစ်ရပ်ကို သူနာပြုတိုက်ပွဲ ဟု ခေါ်ခဲ့ကြ သည်။ နိုက်တင်ဂေးကတစ်ဖက် အခြားတစ်ဖက်က ဗြိတိသျှသူနာပြုအစည်းအရုံးကို

ဦးဆောင်သော ဘက်ဖို့ဖန်ဝစ်က တစ်ဖက်ဖြစ်သည်။ ဘက်ဖို့သည် ပြိုင်ဘက်များ ကျော်လွှားရန်ခက်သော ဘုရင်မကြီး၏ သမီးတော်မင်းသမီး ခရစ္စတီယန်၏ ထောက်ခံမှု ရထားသည်။

တိုက်ပွဲ၏ ဗဟိုချက်က သူနာပြုများကို အထွေထွေမှတ်ပုံတင်စာရင်းယူမှု တည်ထောင်ရန် လုပ်မလုပ်ဖြစ်သည်။ ထောက်ခံသူများက အရည်အချင်းပြည့် လက်မှတ်ရ သူနာပြုများအဖြစ် ထိုအထောက်အထား စာရွက်စာတမ်းက အလုပ်ရရှိမှု လွယ်ကူအောင်လည်း ပြုလုပ်ပေးနိုင်မည်ဆိုသည်။ ဗဟိုမှတ်ပုံတင်ရုံးက သူနာပြုတို့ အကြောင်း အချက်အလက်အားလုံးကို ဖိုင်တွဲထားမည်ဖြစ်သည်။ နိုက်တင်ဂေးက အခြားတစ်ဖက်မှနေသည်။ သူကပြင်းဆိုရာတွင် စနစ်တစ်ခုသည် အဆင့်အတန်း နိမ့်ကျမှုကိုသာ ဖြစ်စေမည်။ ပြီးခဲ့သော အဖြစ်အပျက်များကို ရည်ညွှန်းလျက် ထိုကြောင့် တည်ထောင်စဉ်က လျှောက်ထားသူ၏ ခက်ခဲသော အလုပ်အပေါ် သစ္စာစောင့်သိမှု မြှုပ်နှံမှုတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။



ဝိတိုရိယဘုရင်မကြီး၏ ၁၈၉၇ ခုနှစ် စိန်ရတုမွေးနေ့အခမ်းအနား

ငြင်းခုံမှုတို့က ခါးသီးဖွယ်လည်းဖြစ်သည်။ အသနားခံစာများ လက်ကမ်းစာစောင်များ၊ အစည်းအဝေးများ များစွာပြုလုပ်ကြသည်။ ထိုမှနှစ်များစွာကြာပြီးနောက် သူနာပြုအစည်းအရုံးအတွက် အာမခံချက် တရားဝင်စာရွက်ရရှိသည်။ သို့သော် ပုံသဏ္ဌာန်က အားနည်းသော မထိရောက်သော ပုံစံနှင့်သာဖြစ်သည်။ နိုက်တင်ဂေးက အနိုင်ရလိုက်ခြင်းဖြစ်သည်။ သို့သော်သူသေဆုံးပြီးနောက်တွင် သူနာပြုဗဟိုမှတ်ပုံတင်ရုံးကိစ္စပြန်ဖြစ်ခဲ့သည်။

နိုက်တင်ဂေး ဤသို့အနိုင်ရချိန်နောက်တွင်လည်း လတ်ဆတ်သော ထိုးထွင်းသိမြင်ခြင်းများ ထွက်ပေါ်နေဆဲဖြစ်သည်။ ၁၈၉၃ ချီကာဂိုမှ ကမ္ဘာ့စည်းဝေးပွဲတွင် ထိုသို့ ရှင်းလင်းစွာမြင်ရသည်။ ဖျားနာသူကို ပြုစုခြင်းနှင့် ကျန်းမာအောင် ပြုစုခြင်း ခေါင်းစဉ်နှင့် ဖြစ်ပြီး သူက ကျန်းမာရေးအဖွဲ့နှင့် ဆိုင်ရာတာဝန်များဟု ခေါ်ဝေါ်သည်။ ယင်းကို မိသားစုများထံရောက်ရှိစေပြီး ယင်းတို့မည်သို့နေထိုင်ရမည်ကို ကောင်းစွာသိရဖြစ်သည်။ ထိုအယူအဆသည် ယနေ့လူထုကျန်းမာရေးစနစ်နှင့် အဖွဲ့အစည်း၏ အလုပ်ကို လုစ်ပြခဲ့ခြင်းဖြစ်သည်။

သူ၏ နောက်ဆုံးကာလများလည်း တဖြေးဖြေးနီးကပ်လာပြီဖြစ်သည်။ ၁၈၈၀ က ကွယ်လွန်ခဲ့သော မိခင်အတွက် ငိုကြွေးခဲ့ရသည်။ နောက် ၁၀ နှစ်ကြာသောအခါ ညီမဖြစ်သူပါသီကွယ်လွန်သည်။ သူတို့နှစ်ဦးက နီးကပ်စွာရှိကြသူများလည်း ဖြစ်သည်။ ''ပါသီက နိုက်တင်ဂေးကို ချစ်တဲ့စိတ်ဟာ အလွန်ပြင်းပြပါတယ် ''ဟု ပါသို့ခင်ပွန်းက သူ့ကိုစာရေးပြီးပြောသည်။ ပါသို့ခင်ပွန်းလော့ဒ်ဗာနေ နေထိုင်ရာ ကလေဒန်မှ ကျေးလက်အိမ်သည်လည်း သူ့အချိန်ကုန်လွန်ရာ နေရာတစ်ခုဖြစ်လာသည်။ ထိုအချိန်၌ သူ့အသက် ၇၅ နှစ်ရှိခဲ့ပြီး 'ဘဝသည် ကြီးကျယ်ခမ်းနားသော လက်ဆောင်တစ်ခု' ဟု သူကဆိုသည်။ သူနာပြုများ သူနာပြုအုပ်များနှင့် နက်နက်ရှိုင်းရှိုင်းစာရေးသားဆက်သွယ်နေဆဲဖြစ်သည်။ သူ၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်စွာ ကြည့်နေဆဲဖြစ်သော အရေးပါသော ဧည့်သည်များလည်းဖြစ်သည်။

ပြည်သူ့အများ၏အားပေးမှုကို သူအလွန်တန်ဖိုးထားသည်။ ပြည်သူ့အများ၏ တစ်ခဲနက်အားပေးကြိုဆိုမှု နဂိုအတိုင်းရှိနေသလို သူကလည်း ရက်ကြောက်နေဆဲ ဖြစ်သည်။ ၁၈၉၇ ဝိတိုရိယဘုရင်မကြီးနှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်ဂုဏ်ပြုခံရန် စိတ်မပါဘဲနှင့် သဘောတူခဲ့ခြင်းသာရှိခဲ့သည်။ အမ်ဘာလေအိမ်မှမြင်းရထားဖြင့် ခရီးဝီးယား ထို့နောက် ဆေးရုံများအကြား ကူးချည်သန်းချည်သွားလာခဲ့သည်။ သူ၏ မီးအိမ်ကတော့ ခင်းကျင်းပြသခံခဲ့ရပြီဖြစ်သည်။ ထို့နောက် သူ၏ ကိုယ်တစ်ပိုင်းရုပ်တု ပုံတူပန်းချီကားတို့ ခင်းကျင်းပြသဖို့ ခွင့်ပြုရန်လည်း များစွာဖိအားပေး ခဲ့ကြသည်။

သူ့အသက် ၈၀ရှိပါပြီ။ ကုန်ဆုံးသွားသော အားအင်တို့ပြန်မရနိုင်တော့သော အရွယ်ပါပေ။ သူ့အိမ်မှလည်း အပြင်ကိုထပ်မထွက်နိုင်တော့ပေ။ ပထမဆုံးသူ၏ မျက်လုံးအမြင်ဆုံးရှုံးသွားသည်။ သူ၏ စာဖတ်ခြင်းနှင့် စာရေးခြင်းကို အဆုံးသတ်ပေး လိုက်ခြင်းဖြစ်သည်။ သူနာပြုတစ်ဦး သူ့အနားတွင် နေပေးသည်။ တောင်ပိုင်း ၁၀ လမ်းမှ သူ့အိမ်ဝင်းကား နေရောင်ခြည်များ ကျရောက်နေမြဲ တောက်ပသော သစ်ပင်ပန်း မန်များ ဖူးပွင့်နေမြဲဖြစ်သည်။ ပါရှန်းကြောင်ကလေးများ သူ့နံဘေးတွင် ဆော့ကစား နေကြမြဲဖြစ်သည်။ နောက်ပိုင်း ဖျားနာသူတို့အတွက် ကြောင်တို့ကကောင်းမွန်သော အဖော်အဖြစ် ပြုလုပ်ပေးနိုင်သည်ဟု သူ၏ ကိုယ်ပိုင်အကြံအတွေးကို ပြောခဲ့သည်။

သူ၏ နောက်ဆုံးဆယ်စုနှစ်တွင် မျိုးဆက်အသစ်တစ်ခုဖြစ်သော တူ၊ တူမနှင့် ဝမ်းကွဲမောင်နှမထံ အလည်အပတ်သွားခဲ့သေးသလို မသွားနိုင်တော့သည့်အချိန်၌ စာဖြင့် ရေးသားဆက်သွယ်မှု မပြတ်ပြုလုပ်ခဲ့သည်။ သက်သတ်လွတ်စားသူတစ်ဦး ဖြစ်လာသည် မှာ နှစ်သက်ဖွယ်ကောင်းကြောင်းကို 'သင့်ရဲ့အီဂျစ်ပဲဒိုလေးတွေ ပေးပို့တာရရှိပါတယ်၊ ညတိုင်း ညစာအဖြစ်စားတယ်၊ ပြီးရင်နို့သောက်တယ်' ဟုရေးသား ခဲ့သည်။



ကွယ်လွန်ရန် နီးကပ်လာချိန် အမှတ် ၁၀ တောင်လမ်းမှ နေအိမ် အိပ်ခန်းအတွင်းမှ နိုက်တင်ဂေး



အမေရိကန် စစ်သူနာပြုများ ရမ်ဆေးမှ နိုက်တင်ဂေး၏အုတ်ဂူကို
လာရောက်ဂါရဝပြု ဆုတောင်းစဉ်

သူ့စိတ်ဓာတ်က အလံမလှဲသေးပေ။ နောက်ဆုံး သူပြောခဲ့သော စကားမှာ အသက်ရှည်ချင်သေးတယ်။ မအောင်မြင်မှုတွေ၊ စိတ်ပျက်စရာတွေနဲ့ ဒြိုး ဆုံးရှုံးခဲ့ရတယ်။ အဲဒါတွေကြောင့် ပူဆွေးသောကရောက်ခဲ့ရတယ်။ ခုရောက်နေတဲ့ အသက်အရွယ်မှာ ဘဝကို ပိုပြီး တိတိကျကျ မှန်မှန်ကန်ကန် သိလာတာဖြစ်တယ်'' ဟူသော ဘဝအမြင်တို့ပင်။

သူ့ကို ကြီးကျယ်မြင့်မြတ်သော အမျိုးသမီးတစ်ယောက်အဖြစ် ကမ္ဘာတစ်ဝန်းက ဂုဏ်ပြုချီးကျူးကြသည်။ သူ့မွေးနေ့ရောက်တိုင်း ကျောင်းတို့မှ ကလေးများက စာများ၊ ခရိုင်းမီးယား စစ်ပြန်တို့က ပန်းများပို့ကြသည်။ ၁၉၀၇ ၌ အက်ဒွပ်ဘုရင်လည်း ဗိတိုရိယဘုရင်မကဲ့သို့ ပထမဆုံး အမျိုးသမီးတစ်ဦးကို ပေးအပ်ဂုဏ်ပြုသည့် Order of Merit ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။ နောက်တစ်နှစ်တွင်လည်း လန်ဒန်မြို့၏ လွတ်လပ်ရေး အထိမ်းအမှတ်တံဆိပ်ကိုလည်း အမျိုးသမီးတစ်ဦးအနေဖြင့် ပထမဆုံးရရှိသည်။

သူ၏ အသက် ၉၀ ပြည့်မွေးနေ့နားသို့ နီးလာခဲ့သည်။ သူ့စိတ်တွေက လှည့်လည်သွားလာဆဲဖြစ်သည်။ သူ့ပတ်ဝန်းကျင်၌ ဘာတွေဖြစ်နေသည်ကို ခက်ခဲစွာ သတိထားလာရသည်။ ထိုကာလ၌ သူ၏ ပုံတူကိုရေးခြယ်လျှင် ဝဖြိုးသော အမျိုးသမီး ကြီးတစ်ဦးနှင့် လုံးဝန်းသော မျက်နှာကိုသာ ပြနိုင်သည်။ အဖြူရောင်ဇာတဘက်တစ်ခုက မီးခိုးရောင်ဆံပင်တို့ကို ကျော်လွှားပြီး မေးစေ့အထိ သိုင်းချည်ထားသည်ကို တွေ့ရပေမည်။

အသက် ၉၀ ပြည့်ပြီးနောက် သုံးလအကြာ ၁၉၁၀ ဩဂုတ်လ ၁၃ရက်တွင် သူကွယ်လွန်ခဲ့သည်။ အိပ်ပျော်နေရင်း သေဆုံးသွားခြင်းဖြစ်သည်။ သူ၏ နောက်ဆုံး ဆန္ဒတွင် ပြည်သူအများ၏ ဂုဏ်ပြုခံရန်ကိုလည်း ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ဝက်စ် မင်နစ်တာ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံတော်ရာပနလို မြှုပ်နှံခဲ့သည်။ သင်္ချိုင်းမြေ၌ ပန်းများကဖုံးလွှမ်းနေသည်။ လူအုပ်ကြီးကား အမျိုးသား၊ အမျိုးသမီး ကလေးများပါဝင်သည်။ တပ်ကြပ်ကြီး ၆ ဦး သယ်ဆောင်လာသော သူ့အခေါင်းကို ဖခင်နှင့် ဖခင်တို့၏ နေရာတို့အနီး ယှဉ်တွဲ၍ မြှုပ်နှံမည့်နေရာတွင် ချလိုက်သောအခါ လူအုပ်က မြေကြီးများပို့ပေးကြသည်။ အုတ်ဂူထက်မှ ကမ္ပည်းကျောက်စာကိုလည်း သူ့လိုပင် ရိုးရှင်းစွာ ထွင်းထုထားသည်။

F.N (ဖလောရင့်နိုက်တင်ဂေး) Born ၁၈၂၀

Died ၁၉၁၀ ဟု ဖြစ်သည်။

ဦးအိမ်ရှင်မလေးမှာ အမည်ပေးခဲ့သလို တကယ်လည်း သူ၏ အကြင်နာကရုဏာ တို့ဖြင့် လောကလင်းလက်အောင် ထွန်းညှိပေးခဲ့သူဖြစ်သည်။

■

မဒီမျိုးစာပေ

B/M 4495

22/10/12